The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 2 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 14, 2019

# သုံးဘီးတပ်ယာဉ်(Three-Wheeled Vehicles) များနှင့်ပတ်သက်၍ ကုန်ပစ္စည်း အမျိုးအစားခွဲခြားခြင်းဆိုင်ရာ သိကောင်းစရာ

မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ စည်းဝါးညီကုန်ပစ္စည်း အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် သင်္ကေတအမှတ်အသားပေးခြင်းဆိုင်ရာ သဘောတူညီချက် (The International Convention on The Harmonized Commodity Description and Coding System (HS)) ၏ စာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။

စာမျက်နှာ - ၈ ➤



## တစ်သျှူးငှက်ပျောတင်ပို့မှုကြောင့် ကုန်သွယ်မှုပိုငွေများပြားလာသည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်း

စာမျက်နှာ - ၁၃ ➤

## မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ကုန်သွယ်မှု

စာမျက်နှာ - ၁၃ ➤

## တမူးကုန်သွယ်ရေးစခန်းမှ ၂၀၁၈ခုနှစ် ဒီဇင်ဘာလ ကုန်သွယ်မှု လျာထားချက်အပေါ် ၁၆၅ ဒသမ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်

စာမျက်နှာ - ၁၁ ➤

## ပြည်ပပို့ကုန် တိုးမြှင့်ဖို့ ဝဉသီးနှံ စိုက်ပျိုးစို့

စာမျက်နှာ - ၂၂ ➤



# SWY Group Co.,Ltd

SHWE WAH YAUNG
Agriculture Production Co.,Ltd

SHWE WAH YAUNG
General Services Co.,Ltd





Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar
☎ : 01-680 803, 01-686 158, 01-686 251 Fax : 01-686 251

Warehouse : No(465/A), Corner of Yaw Ah Twin Win U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar
☎ : 01-680 803, 01-686 158, 01-686 251 Fax : 01-686 251
website : www.swygroup.com, Email : lumawmm@swygroup.com

# ဘာနဲ့မှ မရောတဲ့

ထွန်းတောက်နိုင် ကုမ္ပဏီလီမိတက်
ထွန်းတောက်နိုင်ဆီစက်မှ ထုတ်လုပ်သည့်

FDA ထောက်ခံချက်အမှတ် ၈၁၂ / ၁၀၀၀၈ / ထလ

# ရွှေသရဖီမင်း

ရာနှုန်းပြည့်ဖြူပဲဆီသန့်

Official Halal Certificate

အမှတ် - ၁၀၂၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းနှင့် ပန်းတည်းဝန် ဦးရွှေအောင်လမ်းထောင့်
စက်မှုဇုံ(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
Tel: 01- 685565, 01- 685566

# အသန့်ဆုံး အစစ်ဆုံး

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ကျိန်စမ်းကျော့ နယ်စပ်ဂိတ်ပေါက်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကျိန်စမ်းကျော့ နယ်စပ်ဂိတ်ပေါက် ဖွင့်လှစ်နိုင်ရေးကိစ္စနှင့် ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁၅:၀၀ နာရီတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်း ငါးနိုင်ငံနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု ဆောင်ရွက်လျက်ရှိရာတွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုသည် ပမာဏအများဆုံးဖြစ်ပြီး ကုန်သွယ်မှု တိုးတက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ကုန်သွယ်မှုတိုးတက်လာရခြင်းမှာ နှစ်နိုင်ငံအစိုးရနှင့် သက်ဆိုင်ရာဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများအပြင် နှစ်နိုင်ငံအကြား ကုန်စည်ပြပွဲများနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများကို ရင်းနှီးပွင့်လင်းစွာ ကျင်းပနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးကို အလေးထား ဆောင်ရွက်ရာတွင် နယ်စပ်နေပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေး၊ အခြေခံအဆောက်အဦများ

စာမျက်နှာ ၂၇ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား၊ Made in Myanmar ဈေးရောင်းပွဲတော်အား ကြည့်ရှုအားပေး

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ Panda Hotel ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ဒုတိယ နာယကနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အဖွင့်အမှာစကားပြောကြားရာတွင် ရွှေလုပ်ငန်းရှင်အသင်းအနေဖြင့် ရွှေလုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများအားရေးဆွဲရန် လိုအပ်ကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမှသာ ရွှေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၂၅ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဒုတိယအကြိမ် အသင်းသားစုံညီနှစ်ပတ်လည်အခမ်းအနားနှင့် ပြည်တွင်းဆီစက်များ၏ ထုတ်ကုန်ပြပွဲသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီနှစ်ပတ်လည် အခမ်းအနားနှင့် ပြည်တွင်းဆီစက်များ၏ ထုတ်ကုန်ပြပွဲအား ဇန်နဝါရီ ၅ ရက်တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးခင်စိုးတို့ တက်ရောက်ခဲ့ကြပြီး အမှာစကားများ အသီးသီး ပြောကြားခဲ့ကြသည်။




အခမ်းအနားမစတင်မီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ပြည်တွင်းဆီစက်များ၏ ထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည် အခမ်းအနား၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် ကုန်သွယ်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးတို့တွင် အဓိကဆောင်ရွက်နေသည့်ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဆီစက်များနှင့်ပတ်သက်၍

စာမျက်နှာ ၂၇ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောအသစ်များ အဝင်နည်းလို့ဈေးတက်သော်လည်း ဆန်ကြမ်းဈေးကျ



ယခင်တစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောအသစ်များ အဝင်နည်းတဲ့အတွက် ဈေးအနည်းငယ်တက်ပြီး ဆန်ကြမ်းအရောင်းအဝယ်အေးတဲ့အတွက် ဈေးကျကြောင်း ဝါးတန်းဆန်စပါးကုန်စည်ဒိုင်မှ သိရပါတယ်။

ကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၃၈၀၀၀ နဲ့ လက်စတစ်အိတ်လျှင် ကျပ် ၃၇၀၀၀၊ ပုသိမ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်လျှင် ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်လျှင် ကျပ် ၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်လျှင် ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်လျှင် ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းအသစ်တစ်အိတ်လျှင် ကျပ် ၄၈၀၀၀- ၅၀၀၀၀၊ နယ်စုံပေါ်ဆန်းဆန်အသစ်တစ်အိတ်လျှင် ကျပ် ၃၃၀၀၀- ၃၅၀၀၀၊ ကျားပျံအသစ် တစ်အိတ်လျှင် ကျပ် ၃၆၀၀၀-၃၉၅၀၀ ရှိပြီး ပစ္စည်းအဝင်နည်းတဲ့ ဆန်ချောတချို့ တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ၂၀၀၀ အထိ ဈေးတက်ကြောင်း သိရပါတယ်။

ဆန်ချောက ပြည်တွင်းစားသုံးမှုများတဲ့အတွက် ပစ္စည်းအဝယ်လိုက်တဲ့ လဆန်းရက်တွေမှာ အဝင်နည်းတာကြောင့် ဈေးတက်တာ ဖြစ်တယ်လို့ ဆန်ဈေးကွက်မှ သိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်ကြမ်းက ဝယ်လိုအားနည်းပြီး အရောင်းအဝယ်ပါးတာကြောင့် ဈေးကျကြောင်း ဝါးတန်းကုန်စည် ဒိုင်မှ သတင်းရရှိပါသည်။ ကုန်စည်ဒိုင်မှာ ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၁၈၈၀၀ - ကျပ် ၁၉၀၀၀၊ ရက် (၉၀) ဆန်တစ်အိတ်လျှင် ကျပ် ၂၉၀၀၀-ကျပ် ၃၀၀၀၀၊ သီးထပ် (ရှယ်) တစ်အိတ်လျှင် ကျပ် ၂၃၀၀၀- ၂၄၀၀၀၊ နှံကားအသစ် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀- ၂၀၈၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ မှကျပ် ၂၀၀၀ ခန့်အထိဈေးကျကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်ချောက ပစ္စည်းအဝင်နည်းလို့ ဈေးတက်ပြီး ဆန်ကြမ်းက အရောင်းအဝယ်ပါးလို့ ဈေးကျကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ၂၀၁၈ခုနှစ် မိုးစပါးဈေးကောင်းရနေတဲ့ပုသိမ်ဆန်စပါးဈေးကွက်

ပုသိမ်မြို့ဆန်စပါးဈေးကွက်တွင် မနောသုခ၊ မျိုးပွား၊ သီးထပ်ရင်စပါး(၅၀)ပေါင်တင်း(၁၀၀)ကို ကျပ် ၆၀၀၀၀၀ ဆန်တစ်အိတ်ကို ကျပ် ၂၁၀၀၀၊ ရေဆင်းစပါး ကျပ် ၆၃၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၁၅၀၀၊ ကျပ် ၂၂၀၀၀ ဈေး၊ ပခန်းစပါး ကျပ် ၆၇၀၀၀၀ - ၆၈၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၃၅၀၀ - ၂၄၀၀၀၊ ရွှေသွယ်စပါး ကျပ် ၇၂၀၀၀၀ - ၇၃၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၇၀၀၀ - ၂၈၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိရာ ယခုနှစ် ဧည့်မထ စပါးတင်း (၁၀၀) ကို ပျမ်းမျှဈေး ကျပ် ၆၀၀၀၀၀ နှင့်အထက် ဈေးရသောကြောင့် တောင်သူများ ဈေးကောင်းရလျက်ရှိပြီး ပေါ်ဆန်းရင်စပါး ငါးဆယ်နှစ်ပေါင်ခွဲတင်း(၁၀၀)ကို ကျပ် ၁၀ သိန်း၊ ဆန် တစ်အိတ်ကို ကျပ် ၃၆၀၀၀ - ၃၆၅၀၀၊ ဧရာဝတီပေါ်ဆန်း ငါးဆယ်နှစ်ပေါင်ခွဲတင်း ၁၀၀ ကို ကျပ် ၁၁ သိန်းခွဲ၊ ဆန်တစ်အိတ်ကို ကျပ် ၃၉၀၀၀ - ၄၀၀၀၀ဖြင့် ရောင်းဝယ်လျက်ရှိရာ ပေါ်ဆန်းစပါးစိုက်ပျိုးသော တောင်သူများမှာလည်း တွက်ခြေကိုက်လျက်ရှိကြောင်း ဆန်စပါး ဈေးကွက်မှသိရသည်။

စပါး/ဆန်ဈေးမှာပေါ်စကအတိုင်း ထူးထူးခြားခြား ပြောင်းလဲမှုမရှိ၊ လက်ရှိစပါးဈေးနှင့်တောင်သူများ အကျိုးအမြတ်ရှိပြီး တိုင်းဒေသကြီးအတွင်း ဈေးကွက်နှင့်ရန်ကုန်၊ အညာဒေသများသို့လည်း ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း အချိန်အခါမဲ့မိုးရွာသွန်းပါက တောင်သူအများစုမှာ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းသည့်အတွက် တောင်သူများ ထိခိုက်မှုမရှိဘဲ စပါးအစိုဓာတ်အနည်းအများပေါ်မူတည်ကာ စက်ပိုင်နှင့်ဈေးဖြတ်ဝယ်ယူလျက်ရှိ ကြောင်း ဆန်စပါး ဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ရေကြောင်းမှ ဆန်တင်ပို့မှု ကွန်ဂိုနိုင်ငံသို့ ဈေးကွက်သစ်ရောက်ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၇၅ သန်းတန်ဖိုးရှိ ဧည့်မထဆန် တန်ချိန် ၂၉၂၂၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၃၁၅၅ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၇၁၃ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၄၉၇၅ တန်ကျော်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ၃၇၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၄၁၈ တန် လျော့နည်းခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်မှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၇ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၇၂ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၆၉ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၁၉ သန်း တန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါ်ဆန်းဆန် ၂၆၀၁၁ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်းမှာ အာဖရိကတိုက်ရှိ ကင်မရွန်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၅၀၀ နဲ့ ဈေးကွက်သစ်ဖြစ်တဲ့ ကွန်ဂိုနိုင်ငံသို့ တန်ချိန် ၈၀၀၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ တန်ချိန် ၅၀၀ တင်ပို့ပြီး အီးယူနိုင်ငံများသို့ ၁၁၂၅ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၂၈၁၀ နဲ့ တရုတ်နိုင်ငံသို့ ၇၆ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ အာဖရိကနိုင်ငံများသို့ ဆန်အများဆုံးတင်ပို့ခဲ့ပြီး ကွန်ဂိုနိုင်ငံကိုလည်း ဈေးကွက်သစ်ရရှိခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၈၂ သန်း တန်ဖိုးရှိ ဆန်ကွဲ ၃၅၇၅ တန်ကို အီးယူနိုင်ငံများနဲ့ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ အီးယူနိုင်ငံများသို့ တန်ချိန် ၃၄၅၀ နဲ့ စင်ကာပူနိုင်ငံသို့ ၁၂၅တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၅၇၅ တန် လျော့ကျခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲ တင်ပို့မှုစုစုပေါင်းမှာ ဆန် ၅၅၂၃၁ တန်နဲ့ ဆန်ကွဲ ၃၈၄၇တန်ဖြစ်ပြီး ဆန်နဲ့ ဆန်ကွဲ စုစုပေါင်းမှာ ၅၉၀၇၈ တန်ဖြစ်တယ်လို့ သိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၁-၁-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၉ | ၃၉၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၉ | ၃၇၅ | △ | ၃၇၀ | ၃၆၀ | ▽ | ၃၉၀ | ၃၈၀ | ▽ | ၃၅၁ | ၃၅၈ | △ |
| ဆန်ဖြူ ၁၀% | ၃၇၈ | ၃၇၄ | △ | ၃၆၈ | ၃၅၈ | ▽ | - | - | - | ၃၄၆ | ၃၅၃ | △ |
| ဆန်ဖြူ ၁၅% | ၃၇၆ | ၃၇၂ | △ | ၃၆၆ | ၃၅၅ | ▽ | - | - | - | ၃၄၁ | ၃၄၈ | △ |
| ဆန်ဖြူ ၂၅% | ၃၇၀ | ၃၇၃ | △ | ၃၆၄ | ၃၅၀ | ▽ | ၃၆၀ | ၃၅၅ | ▽ | ၃၁၄ | ၃၂၄ | △ |
| ပေါင်းဆန် | ၄၀၆ | ၄၁၀ | △ | - | - | - | ၃၇၈ | ၃၈၀ | △ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၁-၁-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၃၀၀ | □ | ၂၁၅၀၀ | □ | ၈၅၀၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၃၀၀ | ▽ | ၂၁၅၀၀ | △ | ၈၀၀၀၀ | □ | ၃၇၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၂၅၀၀ | □ | - | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၂၅၀၀ | □ | ၄၂၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၇၆၀၀ | △ | ၃၅၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၀၈၀ | □ | ၂၀၅၀၀ | ▽ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၅၂၃၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၂၂၀၀၀ | ▽ | - | - | ၄၉၀၀၀ | □ |
| မော်လမြိုင် | ၆၃၀၀ | □ | ၂၂၀၀၀ | □ | ၁၁၀၀၀ | □ | ၃၈၀၀၀ | □ |
| လွိုင်ကော် | ၈၃၁၀ | □ | ၃၇၀၀၀ | △ | - | - | ၆၅၀၀၀ | □ |
| မြိတ် | ၇၀၀၀ | ▽ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | ▽ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၄၇၀၀၀ | ▽ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၇-၁-၂၀၁၉ မှ ၁၁-၁-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 351 | 24,091,230.700 |
| 2 | Form D | 121 | 11,064,388.550 |
| 3 | Form E | 147 | 4,684,600.610 |
| 4 | Korea GSP | 8 | 293,428.700 |
| 5 | Form AK | 167 | 4,387,755.790 |
| 6 | Form AJ | 10 | 484,235.170 |
| 7 | Form AI | 133 | 5,775,525.350 |
| 8 | Form AANZ | 11 | 157,158.650 |
| 9 | Form DFTP | 3 | 325,231.200 |
| 10 | Form CHINA | | |
| Grand Total | | 951 | 51,263,554.720 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၁-၁-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃/၁ | ၁၁/၁ | ပြောင်းလဲမှု | ၃/၁ | ၁၁/၁ | ပြောင်းလဲမှု | ၃/၁ | ၁၁/၁ | ပြောင်းလဲမှု | ၃/၁ | ၁၁/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၀၀ | ၁၁၇၆ | ▼ | ၁၁၆၇ | ၁၀၈၃ | ▼ | ၁၁၅၀ | ၁၁၅၀ | ■ | ၁၂၀၀ | ၁၂၀၀ | ■ |
| ပဲစင်းငုံ | ၁၁၉၂ | ၁၁၈၄ | ▼ | ၁၁၃၃ | - | - | ၁၂၇၅ | ၁၂၆၀ | ▼ | ၁၂၈၀ | ၁၂၇၅ | ▼ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၆၃၀ | ▲ | ၁၇၄၂ | ၁၇၉၆ | ▲ | ၁၆၅၇ | ၁၇၈၉ | ▲ | ၁၆၆၀ | ၁၆၈၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၃၃၃ | ၁၂၅၈ | ▼ | ၁၂၆၃ | ၁၂၅၂ | ▼ | ၁၂၉၀ | ၁၂၈၀ | ▼ |
| ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၈၀ | ▲ | ၁၃၀၀ | ၁၃၃၃ | ▲ | ၁၇၈၉ | ၁၇၈၉ | ■ | ၁၁၃၀ | ၁၁၃၅ | ▲ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၁၇၀ | ▼ | ၂၃၆၄ | ၂၃၃၁ | ▼ | ၂၁၀၅ | ၂၁၀၅ | ■ | ၂၂၁၀ | ၂၂၁၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၉.၁၂.၁၈)ထိ | ယခုတစ်ပတ် (၅.၁.၁၉)ထိ | (၁.၁.၁၈) မှ (၅.၁.၁၉) ထိ |
| မတ်ပဲ | ၅၉၇၈၁၂ | ၉၇၁၀ | ၆၀၇၅၂၂ |
| ပဲတီစိမ်း | ၁၂၄၉၁၇ | ၁၂၅၄ | ၁၂၆၁၇၁ |
| ပဲစင်းငုံ | ၁၉၀၆၅၂ | ၇၉၄ | ၁၉၁၅၄၆ |
| ကုလားပဲ | ၆၈၁၅၇ | ၁၀၁၃ | ၆၉၁၇၀ |
| ပဲလွန်းဖြူ | ၂၃၉၉၅ | ၁၃၅ | ၂၄၁၃၀ |
| မြေထောက်ပဲ | ၁၀၁၀၁ | - | ၁၀၁၀၁ |

## ဈေးကွက်အတွင်း မတ်ပဲသီးနှံဈေးနှုန်းများ ငြိမ်သက်လျက်ရှိ

သာယာဝတီဈေးကွက်တွင် ပဲမျိုးစုံဈေးကွက်မှာမတ်ပဲသီးနှံများကတော့ လက်ကျန်မရှိသလောက် နည်းပါးခြင်းကြောင့် ဈေးနှုန်းများမှာငြိမ်သက်လျက်ရှိပါတယ်။ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလတွင် ပိဿာ(၂၀) တစ်တင်းလျှင် ကျပ် ၁၈၀၀၀ ခန့်ရရှိပြီး ယခုနှစ် ၂၀၁၉ ခုနှစ် ကာလတူ ဇန်နဝါရီလမှာတော့ ကျပ် ၂၄၂၀၀ ခန့်ရရှိကာ ယခင်နှစ်ထက်ဈေးပိုသော်လည်း ယခုနှစ်အတွင်းမှာတော့ ယခင်သီတင်းပတ်များနည်းတူ ဈေးနှုန်းမကွာဘဲ အရောင်းအဝယ်အေးကာ ဈေးငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ **ဝေဝေဖြိုး(သာယာဝတီ)**

## ရွှေဘိုမြို့ပွဲရုံပွဲစားများ ကထိန်တော်အသင်း(ပဲကုန်စည်ဒိုင်)တွင် နှမ်းမျိုးစုံနှင့်ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ

ရွှေဘိုမြို့ပဲပွဲစားများ ကထိန်တော်အသင်း(ပဲကုန်စည်ဒိုင်)တွင် အရည်အသွေး ကိုလိုက်၍နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၆၇၀၀ - ၆၈၃၀၀၊ ကျပ် ၇၂၃၀၀ ဖြင့်အိတ် ၅၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်ပြီး နှမ်းဖြူတစ်တင်းလျှင် ကျပ် ၄၈၃၀၀ - ၅၁၃၀၀ ဖြင့် အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲနီလုံးကြားတစ်တင်းလျှင် ကျပ် ၇၃၀၀ - ၇၅၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၂၅၃၀၀ ဖြင့် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်နှစ်ကာလတူ ဈေးနှုန်းမှာ နှမ်းနက် တစ်တင်းလျှင် ကျပ် ၂၅၀၀၀ မှ ကျပ် ၃၆၇၀၀ ဖြင့်အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်ပြီး နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၃၆၇၀၀ မှ ကျပ် ၄၁၀၀၀ ဖြင့်အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ပဲပွဲစားများထံမှ သိရပါတယ်။ **နီနီမြင့်(ရွှေဘို)**

## ပြည်ပဲပုပ်သစ် ပဲအဝင်နည်းသေးလို့ လက်လီသာ ရောင်းဝယ်နေခဲ့

ပြည်ဈေးကွက်မှာ ပဲပုပ်သစ်များအဝင်ဆက်ရှိနေပြီး ပဲအထွက်မလှိုင်သေးတဲ့အတွက် ပဲဝင်ရောက်မှု အိတ်အနည်းငယ်သာရှိခဲ့ပါတယ်။ ဒါကြောင့် လက်လီသာ ရောင်းဝယ်မှုဖြစ်လို့ အိတ် ၅၀ ကျော် ၁၀၀ ခန့်သာ ရောင်းဝယ်ခဲ့ပြီး ပဲအထွက်လှိုင်လာချိန်မှာတော့ လက်လီ၊ လက်ကား အရောင်းအဝယ်သွက်တဲ့ပဲဖြစ်ကြောင်း သိရပါတယ်။

ပဲဈေးမှာ တစ်တင်းကျပ် ၁၉၃၀၀ ဖြင့် ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်က နှစ်ဆန်းပိုင်းကာလမှာ ပဲပုပ်တစ်တင်း ကျပ် ၂၀၀၀၀ ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာတော့ ကျပ် ၂၀၀၀၀ မပြည့်ဘဲ ရောင်းဝယ်နေခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဆောင်ရွက်လျက်ရှိ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် ၂၀၁၈ခုနှစ် ဒီဇင်ဘာလ (၂၂)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နဂါကျေးရွာနှင့် ဆည်တော်ကြီးကျေးရွာရှိ လျှော်ဖြူခြံများသို့သွားရောက်ကာ လျှော်ဖြူစိုက်ပျိုးထားရှိမှုအခြေအနေများ၊ အစေးထုတ်ယူနေမှု၊ ဈေးကွက်အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ပြင်ဦးလွင်မြို့သို့ရောက်ရှိကာ ပြင်ဦးလွင်မြို့နယ် ပန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံကာ အသင်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ကြုံတွေ့နေရသော အခက်အခဲများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရေရှည်အောင်မြင်စေရေးအတွက် အသင်းအဖွဲ့ဝင်များအနေဖြင့် စည်းလုံးညီညွတ်စွာ စုပေါင်းလုပ်ဆောင်ကြရန်နှင့် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်အကူအညီများကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ဆက်လက်၍ ပြင်ဦးလွင်မြို့ ပိုးမျိုးဥနှင့် ပိုးစာသုတေသနခြံသို့ ရောက်ရှိကာ ပိုးမျိုးဥသုတေသနလုပ်ဆောင်နေမှုအခြေအနေများ၊ ပိုးစာပင်မျိုးများနှင့်ပတ်သက်၍ လေ့လာကြည့်ရှုခဲ့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဒီဇင်ဘာလ ၂၃ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့ စိမ်းလန်းမြေကုမ္ပဏီလီမိတက်၏လက်ဖက်စိုက်ပျိုးရေးခြံသို့ ရောက်ရှိကာ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ ဈေးကွက်အခြေအနေများအား မေးမြန်းဆွေးနွေးခဲ့ပြီး လက်ဖက်စိုက်ခင်းများအတွင်း လှည့်လည်၍ လေ့လာကြည့်ရှုခဲ့ပါသည်။

ဒီဇင်ဘာလ ၂၄ ရက်တွင် နောင်ချိုမြို့နယ်ရှိ ကျောက်ဆည်ဆစ်ကုမ္ပဏီ၏ ပိုးမွေးမြူရေးနှင့် ပိုးစာခြံသို့ ရောက်ရှိကာ ပိုးမွေးမြူမှု အခြေအနေများ၊ တစ်နှစ်တာပိုးအိမ် ထုတ်လုပ်မှုအခြေအနေများ၊ တောင်သူများအား မျိုးပိုးပေးမှုနှင့် ကူညီပံ့ပိုးပေးမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ ခြံလုပ်ငန်းရှင်က ရှင်းလင်းတင်ပြပြီး ပိုးစာစိုက်ခင်းနှင့် ပိုးမွေးမြူရေးခြံအတွင်း လေ့လာကြည့်ရှုခဲ့ပါသည်။

ထို့နောက် နောင်ချိုမြို့နယ်၊ ဘန့်ဘွေးအုပ်စု၊ ကျောင်းကုန်းကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြောင်းစိုက် တောင်သူများ ပဲပုပ်စိုက်ပျိုးသည့်တောင်သူများ မြန်မာနိုင်ငံပဲပုပ်စိုက်ပျိုးထုတ်လုပ်သူများ၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပဲပုပ်ကုန်သည်များ၊ မြန်မာ့ပဲပုပ်စိုက်တောင်သူ အများပိုင်ကုမ္ပဏီမှတာဝန်ရှိ သူများနှင့်တွေ့ဆုံကာ ကုန်သွယ်မှုစကားဝိုင်းကျင်းပပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် လွယ်လိတ်ကျေးရွာအနီးရှိ ထောပတ်သီးအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ထောပတ်သီးစိုက်ပျိုးရေးဇုန်အကောင်အထည်ဖော်နေမှုအခြေအနေများကို လေ့လာကြည့်ရှုခဲ့ပါသည်။ ဒီဇင်ဘာလ(၂၅)ရက်နေ့တွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရိုးစုံအုပ်စုရှိ ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (လျှော်ဖြူစိုက်ခင်း)သို့ ရောက်ရှိကာ အစုအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းညွှန့်နှင့် တွေ့ဆုံပြီး ရိုးစုံလျှော်ဖြူစိုက်ခင်း စတင်စိုက်ပျိုးခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ဆန်းလင်း(DOCA)**

## ပြည်ပဲတီစိမ်းသစ် ပဲအထွက်လှိုင်ချိန် ဈေးလျော့သွားခဲ့

ပြည်ပဲဈေးကွက်မှာ ယခုနှစ်ဆန်းပိုင်းကာလမှာ အရောင်းအဝယ်သွက်နေတဲ့ပဲကတော့ ပဲတီစိမ်းသီးနှံဖြစ်ခဲ့ပါတယ်။ ပြည်အနီးတစ်ဝိုက်ဒေသများမှ နေ့စဉ်ပဲဝင်ရောက်မှုများပြားလျက်ရှိလို့ အိတ် ၅၀၀/၆၀၀ ကျော် ဝင်ရောက်ခဲ့သလို ရန်ကုန်၊ မန္တလေးဝယ်လက်ဝယ်လိုအားများနေတာကြောင့် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကာ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၃၃၀၀၀ ဖြင့် ယခင်တစ်ပတ်က ထက်ဈေးလျော့နည်းသွားခဲ့သော်လည်း မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုရရှိခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီအသစ်ဈေးကောင်းရနေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ခုနှစ်ထွက် ပဲစင်းငုံနီအသစ်မှာ ယခင်နှစ်ထွက် ပဲစင်းငုံနီများထက် အရည်သွေးပိုမိုကောင်းမွန်သောကြောင့် ဈေးကောင်းရရှိနေပါသည်။ ၂၀၁၇ ခုနှစ်ထွက်ပဲစင်းငုံနီအဟောင်းဈေးမှာ တစ်တင်းလျှင် ကျပ် ၂၂၅၀၀-၂၃၀၀၀-၂၃၄၀၀ဈေးဖြင့် အိတ်ရေ၅၀၊ ၂၀၁၉ ခုနှစ် ပဲစင်းငုံနီအသစ်မှာ တစ်တင်းလျှင် ကျပ် ၂၆၀၀၀-၂၆၆၀၀-၂၆၇၀၀-၂၇၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၂၀၀ ထိ ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်နေပါသည်။

ကုလားပဲသုံးမျိုးမှာ ဈေးငြိမ်နေပြီး ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး ၉၂၉တစ်တင်းလျှင်ကျပ် ၂၄၀၀၀ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဈေးဖြင့် အိတ် ၅၀ ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်၏ နှမ်းနက်(စမုံ)မှာ အရည်အသွေးကို လိုက်၍ တစ်တင်းလျှင် ကျပ် ၆၅၀၀၀ မှ ၇၅၀၀၀-၇၇၀၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀ မှ ၉၀၀၊ နှမ်းနက် (ဂွ) တစ်တင်းလျှင် ကျပ် ၅၈၀၀၀-၅၉၀၀၀-၆၃၀၀၀ ဈေးဖြင့် အိတ်ရေ၅၀မှ၁၀၀၊ နှမ်းဖြူ တစ်တင်းလျှင်ကျပ် ၅၅၀၀၀-၅၆၀၀၀ ဈေးဖြင့်အိတ် ၅၀ ခန့် ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ရန်ကုန်နှင့် မန္တလေးသို့လည်း ပုံမှန်တင်ပို့လျက်ရှိပါသည်။ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်မတ်ပဲသီးနှံဈေး ယခင်နှစ် နှစ်ဆန်းပိုင်းထက် ဈေးပိုခဲ့



ပြည်ပဲဈေးကွက်အတွင်း ပဲလက်ကျန်ရှိသေးခဲ့သော်လည်း အရောင်းအဝယ် နေ့စဉ်မဖြစ်ဘဲ ရက်ခြားသာ အရောင်းအဝယ်ဖြစ်နေတဲ့ မတ်ပဲသီးနှံဟာ ရန်ကုန်ဝယ်လက်ဝယ်ယူမှုအပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်သည့်ရက်၌ အိတ် ၂၀၀/၃၀၀ ကျော် ရောင်းဝယ်ခဲ့ကြပြီး ပဲဈေးမှာ ဈေးထပ်လျော့သွားတာကြောင့် တစ်တင်းကျပ် ၂၄၃၀၀ ဖြင့် ဒီဇင်ဘာ နှစ်ကုန်က ဈေးထက်ထပ်မံလျော့နည်းသွားခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က နှစ်ဆန်းပိုင်းဈေးမှာ တစ်တင်းကျပ် ၂၀၀၀၀ ဝန်းကျင် ရောင်းဝယ်ခဲ့ကြသည့်အတွက် ယခုနှစ် နှစ်ဆန်းဖြစ်ပေါ်ခဲ့သောဈေးကတော့ ယခင်နှစ်ဈေးထက် ဈေးပိုနေခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

# မြန်မာ့ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှုကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင်

**DOCA (Domestic)**



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် စီးပွားဖြစ်လုပ်ကိုင်ကြသောနိုင်ငံဖြစ်သည့်အားလျော်စွာနိုင်ငံ၏ပို့ကုန်ကဏ္ဍတွင်လည်း စိုက်ပျိုးရေးထွက်ကုန်များ၏တင်ပို့မှုမှာ ပမာဏအများဆုံးပါဝင်လျက်ရှိနေပေသည်။ ရှေးယခင်အဆက်ဆက်ကတည်းကပင် စိုက်ပျိုးရေးလုပ်ငန်းများကို ပြည်သူများက တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြသဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းတွင် စိုက်ပျိုးရေးလုပ်ငန်းက အဓိကကဏ္ဍတစ်ခုအဖြစ်ရပ်တည်လျက်ရှိနေပေသည်။ လယ်ယာကိုင်းကျွန်းစိုက်ပျိုးရေး၊ဥယျာဉ်ခြံမြေစိုက်ပျိုးရေး၊ နှစ်ရှည်သီးနှံ စိုက်ပျိုးရေးစသဖြင့် အသီးသီးလုပ်ကိုင်ကြပြီး ထွက်ကုန်ပမာဏများစွာ ထုတ်လုပ်လျက်ရှိကြပါသည်။ ထွက်ရှိလာသော လယ်ယာထွက်ကုန်များ၊ စိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ အကျိုးရလဒ်များစွာဖြစ်ထွန်းလျက်ရှိနေပေသည်။ အဆိုပါ တင်ပို့မှုတွင် ပြည်တွင်းစားသုံးမှုအားကောင်းသည့် သစ်သီးဝလံများလည်း အပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်ပတင်ပို့သည့်သစ်သီးဝလံများတွင် ဖရဲ၊ သခွားမွှေးမှာ အဓိကဖြစ်ပြီးသရက်သီးနှင့် အခြားသောသစ်သီးဝလံများကိုလည်း နှစ်စဉ်တင်ပို့လျက်ရှိနေပါသည်။ ထို့ကြောင့် ဖရဲ၊ သခွားမွှေးအပါအဝင် သစ်သီးဝလံများသည် မြန်မာ့ပို့ကုန်အတွက် တစ်စိတ်တစ်ပိုင်း ပါဝင်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။မြန်မာနိုင်ငံတွင် ဖရဲနှင့်သခွားမွှေးကိုမန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိကြပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးထုတ်လုပ်လျှက်ရှိကြပေသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ဖရဲ၊ သခွားမွှေးအများစုကို မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့သာ အဓိကတင်ပို့ ရောင်းချနေကြရပါသည်။ ဖရဲ၊ သခွားမွှေး၏ နှစ်အလိုက် တင်ပို့မှုကို လေ့လာကြည့်သော် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

### နှစ်အလိုက် ဖရဲ၊ သခွားမွှေး၏ ပြည်ပတင်ပို့နိုင်မှုအခြေအနေ

နှစ်စဉ် ပြည်ပသို့ တင်ပို့နိုင်မှုမှာ တိုးတက်လာသည်နှင့်အမျှ စိုက်ပျိုးထုတ်လုပ်မှုမှာလည်း များပြားလာသည်ကို တွေ့ရှိရပါသည်။ လက်ရှိကာလသည် ဖရဲ၊ သခွားမွှေးများ ထွက်ရှိပြီး တင်ပို့ချိန်ဖြစ်သဖြင့် ဖရဲ၊သခွားမွှေး ကုန်သည်လုပ်ငန်းရှင်များသည်မန္တလေး၊ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိနေကြပေသည်။သို့ရာတွင် (၂၇-၁၂-၂၀၁၈)ရက်နေ့၌ နယ်မြေလုံခြုံရေးအခြေအနေကြောင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့ရာတွင်ဖြတ်သန်းရသည့် ကျိန်စမ်းကျော့ဂိတ်လမ်းအားပိတ်ဆို့မှုကြောင့် ဖရဲသီးတင်ဆောင်လာသည့်ကားများရပ်တန့်ခဲ့ရကြောင်းသိရှိရပါသည်။ ထို့ကြောင့် တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ကြရပေသည်။ အဆိုပါကျိန်စမ်းကျော့ဂိတ်လမ်း ပိတ်ဆို့ပြီးနောက်ပိုင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ဆွေးနွေးညှိနှိုင်းခဲ့ခြင်းကြောင့် ကြူကုတ်-ပန်ဆိုင်းလမ်းအား ဖွင့်ပေးခဲ့ကြောင်းသိရှိရှိရပါသည်။ ကြူကုတ်-ပန်ဆိုင်းလမ်းမှာ လမ်းကျဉ်းခြင်း၊ လမ်းကြမ်းခြင်း၊ ခရီးလမ်းဝေးခြင်းတို့ကြောင့် အခက်အခဲများရှိနေပြီး ကျိန်စမ်းကျော့ဂိတ်လမ်းတရားဝင်ပြန်လည်ဖွင့်လှစ်နိုင်မှသာလျှင် ကုန်သွယ်မှုများ အလားအလာ ကောင်းမွန်နိုင်မည်ဖြစ်သလို ဖရဲ၊ သခွားမွှေးစိုက်ပျိုးသည့်တောင်သူများ၊ ကုန်သည်များနှင့် မြန်မာနိုင်ငံ ဖရဲ၊သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့က ကျိန်စမ်းကျော့ဂိတ်လမ်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တောင်းဆိုလျက်ရှိပါသည်။ ထိုသို့ဖြစ်ပေါ်နေသော အခက်အခဲများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်မှသာလျှင် တောင်သူလုပ်ငန်းရှင်များ၊ ကုန်သည်များအနေဖြင့် နစ်နာဆုံးရှုံးမှုများလျော့နည်းလာမည်ဖြစ်ပါသည်။

ကြုံတွေ့နေရသောအခက်အခဲများကိုကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာ နယ်ပယ်အသီးသီးက တာဝန်ရှိသူများ အပါအဝင် ပါဝင်ဆက်နွှယ်လျက်ရှိသော လူပုဂ္ဂိုလ်အသီးသီးက ရေတိုအစီအမံများ ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ရေရှည်အစီအမံများချမှတ်ဖော်ဆောင်၍ စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ လတ်တလောဖြစ်ပေါ်နေသည့် အခက်အခဲများပြေလည်စေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအပါအဝင် တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ တင်ပို့သူများက ဆွေးနွေးညှိနှိုင်းကာ နစ်နာဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါအုံးမည်။)

## မြန်မာ့ဆိပ်ကမ်းတွင် ၁၀ . ၁ . ၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT SKLINE-1 | P'Oil(In Bulk) ၅၀၀၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း (၁) | - SINAR BALI | ကုန်သေတ္တာ ၈၄၀တင် ၅၇၃ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | -ISEACO GENESIS | ကုန်သေတ္တာ ၅၇၇ ချဆဲ |
| စက်မှုဆိပ်ကမ်း(၂) | - ANAN BHUM | ကုန်သေတ္တာ ၆၁၀ တင် ၃၁၉ ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - ELPIDA.GR | ဆန် ၂၄၅၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - EFTICHIA | ဆန် ၂၅၀၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - HOANG PHUONG LUCKY | ဆန် ၆၀၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - MCC SHANGHAI | ကုန်သေတ္တာ ၆၁၅ တင် ၂၁၅ ချဆဲ |
| သီလဝါ ဆိပ်ကမ်း (၁ | - NESHAT | ကုန်သေတ္တာ ၅၃ တင် ၅၈၇ ချဆဲ |
| သီလဝါဆိပ်ကမ်း (၂) | - KOTA HADIAH | ကုန်သေတ္တာ ၂၄၀ တင် ၁၅၄ ချဆဲ |
| သီလဝါ ဆိပ်ကမ်း (၄) | - YANGTZE GALAXY | Steel ၂၂၃၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - DAHONG XIA | G/C ၂၀၀၆ ကုန်ချဆဲ |
| MMTM JETTY | - MT FLY SEAL | Diesel Oil ၉၇၄၇ ချဆဲ |
| ELITE JETTY | - MT OCEAN VICTORY | Diesel Oil ၂၂၈၅၂ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ORCUN_C | ဆန် ၁၁၅၀၀ ကုန်တင်ရန် | - | ၁၀.၁.၂၀၁၉ |
| VTC SUN | ဆန် ၂၀၀၀၀ ကုန်တင်ရန် | - | ၁၁.၁.၂၀၁၉ |
| NEW LUCKY II | Ammanium Nitrate ကုန်ချရန် | CHINA | ၁၂.၁.၂၀၁၉ |
| YAAN BYAE | Steel Bar၆၅၀၀ ကုန်ချရန် | IRAN | ၁၂.၁.၂၀၁၉ |
| STL HAR VEST | Steel ၂၅၇၉ ကုန်ချရန် | JAPAN | ၁၂.၁.၂၀၁၉ |
| HAN XIN | G/C ၆၂၄ ကုန်ချရန် | INDIA | ၁၃.၁.၂၀၁၉ |
| GANT GRACE | ဆန် ၂၀၀၀၀ ကုန်တင်ရန် | SINGAPORE | ၁၄.၁.၂၀၁၉ |
| MODERN LINK | Unit Vehicle (RO/RO)၅၂၂ကုန်ချရန် | SINGAPORE | ၁၅.၁.၂၀၁၉ |
| LORENTZOS | Coal (In Bulk)၂၈၆၅၀ ကုန်ချရန် | MOZANBIQUE | ၁၅.၁.၂၀၁၉ |
| TUG:BRANTAS1203, BG;SONGA BESAR | Concrete Piles ၃၇၁၂ ကုန်ချရန် | MALAYSIA | ၁၅.၁.၂၀၁၉ |
| VIKING EMERALD | Unit Vehicle (RO/RO)၁၅၇ ကုန်ချရန် | JAPAN | ၂၁.၁.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၉.၁.၂၀၁၉ |
| CAPE FLIRES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁.၂၀၁၉ |
| CTP FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၂.၁.၂၀၁၉ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၁.၂၀၁၉ |
| MCC DHAKA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၃.၁.၂၀၁၉ |
| OLYMPIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄.၁.၂၀၁၉ |
| AS FLONA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၉.၁.၂၀၁၉ |
| MAERSK WESBADEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၀.၁.၂၀၁၉ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၁.၁.၂၀၁၉ |
| SOUL OF LUCK | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၃.၁.၂၀၁၉ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၇.၁.၂၀၁၉ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇.၁.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN SEAL | Diesel | - | ၁၀.၁.၂၀၁၉ |
| MT.TASCO-1 | BITUMEN | MALAYSIA | ၁၁.၁.၂၀၁၉ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၁.၁.၂၀၁၉ |
| MT.OCEAN PORPOISE | MOGAS (92)RON | SINGAPORE | ၁၁.၁.၂၀၁၉ |
| MT.GREAT DIAMOND | Diesel | SINGAPORE | ၁၁.၁.၂၀၁၉ |
| MT.ATALANTA | Diesel | SINGAPORE | ၁၁.၁.၂၀၁၉ |
| MT.YU HAI | MOGAS(92)RON | SINGAPORE | ၁၁.၁.၂၀၁၉ |
| MT.BABYLON | Diesel | SINGAPORE | ၁၁.၁.၂၀၁၉ |
| MT.GLORY STAR | MOGAS (92)RON | SINGAPORE | ၁၂.၁.၂၀၁၉ |
| MT.FLY GURNARD | Diesel | SINGAPORE | ၁၂.၁.၂၀၁၉ |
| MT.OCEAN COO | Diesel | SINGAPORE | ၁၄.၁.၂၀၁၉ |
| MT.ORCA PACIFIC | Diesel | SINGAPORE | ၁၇.၁.၂၀၁၉ |
| MT.PHUBAI PATTRA | Diesel | SINGAPORE | ၂၂.၁.၂၀၁၉ |

# ရွှေဘိုခရိုင်တွင် မိုးစပါးများ လှိုင်လှိုင်ထွက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးဧက ၆၅၂၉၇၅ စိုက်ပျိုးနိုင်ခဲ့ပြီး မြို့နယ်အလိုက် စိုက်ပျိုးမှုမှာရွှေဘို ၁၁၂၀၆၃ ဧက၊ ဝက်လက် ၁၄၃၈၇၇ ဧက၊ ခင်ဦး ၉၂၈၅၂ ဧက၊ ရေဦး ၈၆၉၈၆ ဧက၊ တန့်ဆည် ၉၀၅၉၈ ဧကနှင့် ဒီပဲယင်း ၁၂၆၄၉၉ ဧကတို့ ဖြစ်ကြပါတယ်။ စပါးမျိုးကွဲအလိုက်စိုက်ပျိုးမှုမှာရွှေသွယ်ရင် ၅၁၆၀၉၀ ဧက၊ အိုင်အာ၇၄၇ ၂၃၁၉၉ ဧက၊ ရောမင်း ၁၆၄၁၆၂ ဧက၊ မနော်ဟရီ ၄၂၃၃၄ ဧက၊ ရွှေဘိုပေါ်ဆန်း ၃၆၇၂၁၂ ဧက စိုက်ပျိုးခဲ့ပြီး ရွှေဘိုပေါ်ဆန်းစပါးမျိုးမှာ အများဆုံးစိုက်ပျိုးထားကြောင်းသိရှိရပါတယ်။

ဒီဇင်ဘာ ၃၁ ရက်နေ့ထိ ၃၁၃၁၈၇ ဧက ရိတ်သိမ်းပြီးအနက် ၄၇ ဒသမ ၉၆ ရာခိုင်နှုန်း၊ ပျမ်းမျှအထွက်နှုန်း ၈၃ ဒသမ ၃၃ ဖြင့် အထွက်တင်း စုစုပေါင်း ၂၆၀၉၇၈၇၂ တင်း ထွက်ရှိကြောင်းနှင့် မျိုးကွဲအလိုက် ပျမ်းမျှအထွက်နှုန်းမှာ ရွှေသွယ်ရင် ၈၃ ဒသမ ၄၂ တင်း၊ အိုင်အာ ၇၄၇ ၉၀ ဒသမ ၀၈ တင်း၊ ရောမင်း ၈၅ ဒသမ ၇၃ တင်း၊ မနော်ဟရီ ၇၆ ဒသမ ၀၄ တင်း၊ ရွှေဘိုပေါ်ဆန်း ၈၀ ဒသမ ၅၄ တင်း ထွက်ရကြောင်း ရွှေဘိုခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏စာရင်းများအရ သိရရှိပါတယ်။

ဈေးနှုန်းဈေးကွက်အခြေအနေမှာစပါး/ဆန်အသစ်များအနက် ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၂၅၀၀၀၀၊ ၁၃၀၀၀၀၀၊ ရောမင်းစပါးတင်း၁၀၀ လျှင် ကျပ် ၈၀၀၀၀၀၊ ၈၅၀၀၀၀ ဖြင့်လည်းကောင်း ၊ ရွှေဘိုပေါ်ဆန်းဆန် ၁ ဒသမ ၅ တင်းဝင် တစ်အိတ်လျှင် ကျပ် ၄၀၀၀၀၊ ကျပ် ၄၁၀၀၀၊ ရောမင်းဆန် ၁ ဒသမ ၅ တင်းဝင် တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ မှ ကျပ် ၃၃၀၀၀ အကြား ဈေးအေးနေပြီး ရောင်းလိုအားများ၍ ဝယ်လက်နည်းနေကြောင်း ဆန်ကုန်သည်ပွဲစားများ၏ ဆွေးနွေးချက်များအရ သိရရှိပါတယ်။

ညီညီ(ရွှေဘို)

## ကောက်ညှင်းဆန် အလှူအတန်းပေါ်များနေ၍အဝယ်လိုက်

မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့၌ရန်ကုန်ဇီးကုန်းမြို့နယ် သဲကုန်းမြို့နယ်များထွက်နှင့် ပုသိမ်မှထွက်သည့် ကောက်ညှင်းဆန်များဝင်နေပြီး အလှူအတန်းပေါ်များသောကာလဖြစ်၍အဝယ်လိုက်နေကြောင်းသိရသည်။

"အညာမှာက သားရှင်ပြုအလှူတွေမှာ ကောက်ညှင်းနှင့်ပြုလုပ်တဲ့ မုန့်ဆီကြော်၊ ပဲမုန့်၊ ကောက်ညှင်း နှမ်းမုန့်၊ မုန့်ကြက်ဥ၊သံဃာတော်တွေကိုလည်း မဟာသံဃာ့ဒါနလောင်းတယ်။ လူတွေကိုလည်းကျွေးတယ်။ ဒီတော့ အလှူတစ်ခုကျင်းပရင် ကောက်ညှင်းဆန်ငါးတင်းအထိ ကုန်တာ"ဟု ဒေသခံတစ်ဦးက ပြောသည်။ဈေးကွက်၌ ကောက်ညှင်းဆန်ဈေးငြိမ်နေပြီး ကောက်ညှင်းဆန် တစ်တင်း ကျပ် ၄၈၀၀၀ ရောင်းချရကြောင်း၊ ယခင်နှစ်ကာလတူကလည်း ကျပ် ၄၈၀၀၀ သာပေါက်ဈေးရှိကြောင်း၊ ပုံမှန်အနေနှင့်မုန့်လုပ်ငန်းများက ဖြုန်းအားရှိကြောင်း၊ ရာသီချိန် အလှူအတန်းပေါ်များချိန်နှင့် တပို့တွဲလများ ပိုသွက်တက် ကြောင်း လက်ကားရောင်းဝယ်ယူတစ်ဦးထံမှ သိရသည်။

ရွှေစင်(ရေနံချောင်း)

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက် အဝင်နည်း၍ ပွဲရုံလက်ကားဈေးမြင့်



ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်သို့ ရေနံချောင်း၊ တောင်တွင်း၊ ပခုက္ကူ၊ ဆိပ်ဖြူဘက်မှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၂၀၀-၂၅၀ ခန့်သာ ဝင်ရောက်မှုရှိနေပြီး ယခင်အပတ်များထက် ဝင်ရောက်မှုထက်ဝက်ခန့်လျော့နည်းသွားကြောင်းသိရပါတယ်။

ဝင်ရောက်မှုရှိသော ကြက်သွန်နီများမှာလည်း အရည်အသွေးအားဖြင့်ကောင်းမွန်မှုရှိနေကြောင်းသိရပြီး ဝင်ရောက်မှုနည်းကာ အရည်အသွေးပါကောင်းမွန်သည့်အတွက် ပွဲရုံဈေးကွက်တွင် လက်ကားဈေးနှုန်းများ မြင့်တက်သွားကြောင်း သိရပါ တယ်။ အရောင်းအဝယ်အနေဖြင့် ဈေးနှုန်းမြင့်သော်လည်း အရည်အသွေးကောင်းသဖြင့် ဝင်ရောက်မှုရဲ့ အားလုံးနီးပါးကို ပွဲရုံများတွင် ပုံမှန်ဒေသအတွင်း ဝယ်လက်များ၊ အိတ်ဆွဲ ဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ နယ်ကျော်တင်ပို့မှုများပါ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဈေးနှုန်းများအနေနဲ့ ပွဲရုံများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၁၂၀၀-၁၃၀၀၊ (လတ်) ကျပ် ၁၀၀၀-၁၁၀၀၊ (သေး)ကျပ် ၉၀၀-၁၀၀၀တို့ရှိသဖြင့် ယခင်တစ်ပတ်လက်ကားဈေးနှုန်းထက် ကျပ် ၁၅၀-၂၀၀ ခန့် မြင့်တက်သွားကြောင်း သိရပါတယ်။

လက်လီဈေးအသေးများတွင် ယခင်တစ်ပတ်လက်ကားဈေးအနိမ့်ဖြင့် ဝယ်ယူထားသည့် ကြက်သွန်နီများကို ရောင်းချနေသေးသည့်အတွက် ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးအငြိမ်ဖြင့် တစ်ပိဿာကို (ကြီး) ကျပ် ၁၃၀၀-၁၄၀၀၊(လတ်)ကျပ်၁၂၀၀-၁၃၀၀၊ (သေး)ကျပ် ၁၀၀၀-၁၁၀၀ စသည်ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

# အဝင်နည်းပြီး ဈေးအနည်းငယ်တက်လာတဲ့ ကြက်သွန်နီ

မိတ္ထီလာဈေးကွက်အတွင်း ကြက်သွန်နီအသစ်များ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ်တွင် ကြက်သွန်နီ ဝင်ရောက်မှုနည်းလာပြီး ဈေးအနည်းငယ်တက်လာကြောင်း၊ တစ်ရက်လျှင် အချိန် ၄သောင်း၊ ၅သောင်းသာ ဝင်ရောက်မှုရှိပြီး ပုံမှန်တင်ပို့မှုအနေဖြင့် ရန်ကုန်၊ မော်လမြိုင်၊ ပဲခူးသို့တင်ပို့ပြီး မူဆယ်နှင့် မြဝတီဘက်သို့လည်း အထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်က ကြက်သွန်နီ တစ်ပိဿာ(လက်ကား)(ဂွန်) ကျပ် ၆၀၀-၇၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီ တစ်ပိဿာ (လက်ကား) (ဂွန်) ကျပ် ၉၀၀-၁၀၀၀ ဈေးထိရှိလာကြောင်း စုံစမ်းသိရှိရပါသည်။ **မူမူသန်း(မိတ္ထီလာ)**

# ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီဈေးကောင်းရရှိနေ

ယခုတစ်ပတ်တွင် ကြက်သွန်နီ စိုက်ပျိုးထွက်ရှိရာဒေသဖြစ်သော ပခုက္ကူနှင့် ဆိပ်ဖြူကုန်ဝယ် ဒိုင်များ တွင် ကြက်သွန်နီ ဈေးပြန်လည်မြင့်တက်နေပါသည်။ ပခုက္ကူကကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ ကြက်သွန်နီအဝင်မှာ ယခင်တစ်ပတ်ထက် နည်းနေခဲ့ပါသည်။

ယခုတစ်ပတ်၏ ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၈၀-၈၅၀-၉၀၀-၉၅၀-၁၀၂၅၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၅၀၀-၅၅၀-၆၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၂၀၀-၃၀၀-၄၀၀-၅၀၀ ဈေးဖြင့် နေ့စဉ်ကုန်ချိန် ၆၀၀၀၀ မှ ၉၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်နီ လက်လီဈေးမှာ အရည်သွေးကို လိုက်၍ ထိပ်စတစ်ပိဿာလျှင် ကျပ် ၁၂၀၀-၁၃၀၀-၁၄၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၉၀၀-၁၀၀၀-၁၂၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၅၀၀-၆၀၀-၇၀၀-၈၀၀ ဈေးများဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိပါသည်။

ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၉၅၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၇၀၀-၈၆၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၃၀၀-၅၀၀ ကျပ်ဈေးဖြင့် ကုန်ချိန် ၈၀၀၀ မှ ၅၀၀၀၀ ကြား ဥပုသ်နေ့ မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## နှမ်း

# ပြည်ဈေးကွက်တွင် ဝယ်လက်အဝယ်နည်းလို့ နှမ်းဈေးပြန်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ယခင်တစ်ပတ်ကထက်စာရင် နှမ်းဈေးအနည်းငယ် ပြန်ကျလာတာတွေ့ရပါတယ်။ ဆောင်းနှမ်းအသစ်တွေ ပေါ်လာပေမယ့် ဝယ်လက်နည်းသွားလို့ နှမ်းဈေးပြန် ကျလာတာဖြစ်ပါတယ်။ မန္တလေးဝယ်လက်များက အရောင်းအဝယ်ဖြစ်လျှင် အိတ် ၂၀၀ လောက်သာ အဝယ်ရှိလို့ ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်တာတွေ့ရပါတယ်။ ဝယ်လက်များက ဆောင်းနှမ်းကို မိုးနှမ်းလောက် အကြိုက်မတွေ့တဲ့အတွက် ဈေးပြန်ကျတာဖြစ်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၁၆၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၆၀၀၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။ **ဝေဝေမင်း (ပြည်)**

## မန်ကျည်း

# ဒီဇင်ဘာလအတွင်း မန်ကျည်းတန်ချိန် ၅၀၀ကျော်တင်ပို့

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိသီတင်းပတ်အတွင်း မန်ကျည်း၅၁၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ ရီမန်နဲ့စင်ကာပူနိုင်ငံတို့ ဖြစ်ပါတယ်။ နိုဝင်ဘာလအတွင်းမန်ကျည်းတန်ချိန် ၇၂၀ တင်ပို့ခဲ့တာကြောင့် ဒီဇင်ဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာလအတွင်း မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၆၄၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

# ဒီဇင်ဘာလအတွင်း နနွင်းတန်ချိန် ၅၀၀ကျော်တင်ပို့

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်း နနွင်း ၅၄၈ ဒသမ ၆၈၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံများမှာ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အာရပ်နိုင်ငံ၊ ရီမန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနဲ့ မလေးရှားနိုင်ငံတို့ဖြစ်ပါတယ်။ နိုဝင်ဘာလအတွင်းနနွင်းတင်ပို့မှုမှာ တန်ချိန် ၁၉၄ တန်ရှိခဲ့တာကြောင့် ဒီဇင်ဘာလမှာ ၃၅၄ ဒသမ ၆၈၅ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာလအတွင်း နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃၃၅၀၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ရှမ်း/နနွင်း အရောင်းအဝယ်ပုံမှန်ဖြစ်

ရှမ်းနနွင်းကလည်း အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ဟိုပုံးဈေးကွက်နဲ့ အောင်ပန်းဈေးကွက်တွေက ချင်း/ နနွင်းအများဆုံးဖြန့်နေတဲ့ ဈေးကွက်ကြီးဖြစ်ပါတယ်။

ဒီနှစ်နနွင်း အရောင်းအဝယ်ဖြစ်မှုက အောင်ပန်းဈေးကွက်မှာထက် ဟိုပုံးဈေးကွက်မှာက ပိုပြီးအရောင်းအဝယ်ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် ဟိုပုံးဈေးကွက်က နနွင်းကိုတရုတ်နိုင်ငံကိုတင်ပို့ဖို့အတွက် မူဆယ်ဝယ်လက်တွေက ဝယ်ယူနေတယ်လို့လည်းသိရပါတယ်။ အရင်နှစ်ကထွက်တဲ့နနွင်းတွေကို အရောင်းအဝယ်ပြုလုပ်ရပြီး ဈေးကွက်မှာလည်း လက်ကျန်ကနည်းနေပါပြီ။ နနွင်းအသစ်တွေက (၂)လပိုင်း လလယ်ခန့်မှသာစပြီး ဈေးကွက်ကို ဝင်လာနိုင်မှာဖြစ်တယ်လို့လည်း တောင်သူတွေထံမှ သိရပါတယ်။ အခုလက်ကျန်နဲ့ နောက်လမှစပြီး ဝင်လာမယ့် နနွင်းအသစ်တွေကြောင့် ဈေးကွက်မှာတော့ ပစ္စည်းကမပြတ်သွားလောက်ဘူးလို့လည်း သိရပါတယ်။ ဒီတစ်ပတ် ဟိုပုံးဈေးကွက်က နနွင်းကို မူဆယ်ဝယ်လက်တွေ ဝယ်ယူမှုကြောင့် တစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း တစ်သောင်းရှစ်ထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ် ဟိုပုံးနနွင်းဈေးကတော့ No.2က တစ်ပိဿာ ကျပ် ၁၇၀၀ ဈေးရှိတယ်လို့သိရပါတယ်။ **ဧခိုင်(တောင်ကြီး)**

## ချင်း

# ဒီဇင်ဘာလအတွင်း ချင်းတန်ချိန် ၂၀၀၀ကျော်တင်ပို့

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်းချင်း ၂၃၁၈ ဒသမ ၉၈၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ အိန္ဒိယ၊ ဂျပန်၊ အင်ဒိုနီးရှားနဲ့ စင်ကာပူနိုင်ငံတို့ ဖြစ်ပါတယ်။

နိုဝင်ဘာလအတွင်းချင်းတင်ပို့မှုမှာ ၁၁၃ ဒသမ ၆၀တန်ရှိခဲ့ တာကြောင့် ဒီဇင်ဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၂၀၅ ဒသမ ၃၈၅ တန်ပိုမို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာလအတွင်းချင်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၅၄၃၇၁၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# အောင်ပန်းဈေးကွက်တွင် ချင်းဈေးကောင်း

ရှမ်းချင်းကတော့ အခုထိ အရောင်းအဝယ်ကောင်းနေဆဲပါပဲ။ ဒီနှစ်က ရှမ်းပြည်ထွက်သီးနှံမှာ ချင်းသီးနှံက အရောင်းအဝယ်အကောင်းဆုံးသီးနှံဖြစ်ပါတယ်။ ဒီတစ်ပတ်ဟိုပုံးဈေးကွက်မှာလည်း ချင်းက အရောင်းအဝယ်ကောင်းနေပါတယ်။ ဈေးကွက်ကိုဝင်ရောက်မှုကတော့နည်းနေပါသေးတယ်။

ရှမ်းပြည်မှာလည်း မိုးကောင်းနေလို့ တောင်သူတွေက မတူးနိုင်တာကြောင့် ဈေးကွက်ကိုဝင်တာလည်း သိပ်မရှိလှပါဘူး။ ဈေးကွက်မှာလည်း လက်ကျန်ကနည်းနေပါတယ်။ ဟိုပုံးဈေးကွက်မှာရှိတဲ့ ချင်းတွေကိုတော့ အိန္ဒိယကိုပို့ဖို့အတွက် ရန်ကုန်နဲ့ တောင်ကုတ်ဝယ်လက်တွေက ဝယ်ယူနေတယ်လို့လည်းသိရပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန်တစ်သောင်းခွဲ နှစ်သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ မိုးပြတ်သွားတဲ့အတွက် တောင်သူတွေကလည်း ပစ္စည်းတွေကို တူးဖော်ကြတော့မယ်လို့ဆိုပါတယ်။

အရောင်းအဝယ်ကောင်းတဲ့သီးနှံဖြစ်တာကြောင့် တောင်သူတွေကလည်း ဖော်ပြီးရောင်းချင်နေပါတယ်။ ရာသီဥတုကြောင့် မဖော်နိုင်လို့ ဈေးကွက်ကို အဝင်နောက်ကျနေရလို့၊ အကုန်ဖော်ပြီးရင်လည်း အဝင်များလို့ ဈေးကျလာမှာကိုလည်း စိုးရိမ် နေတယ်လို့ ဒေသခံတွေထံကသိရပါတယ်။

ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာ ချင်း(စို)က တစ်ပိဿာကို ကျပ် ၉၅၀ မှ ကျပ် ၁၀၀၀ ထိ ဈေးရှိပြီး ချင်းခြောက်ကတော့ တစ်ပိဿာ ကျပ် ၁၂၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ ဝယ်လက်မရှိလို့ ဈေးအေးနေပါတယ်။

**ဧခိုင်(တောင်ကြီး)**

# သုံးဘီးတပ်ယာဉ် (Three-Wheeled Vehicles) များနှင့်ပတ်သက်၍ ကုန်ပစ္စည်း အမျိုးအစားခွဲခြားခြင်းဆိုင်ရာ သိကောင်းစရာ

အကောက်ခွန်ဦးစီးဌာန

မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ စည်းဝါးညီကုန်ပစ္စည်း အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းနှင့် သင်္ကေတ အမှတ်အသားပေးခြင်းဆိုင်ရာသဘောတူညီချက် (The International Convention on The Harmonized Commodity Description and Coding System (HS)) ၏ စာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် ၁၉၉၇ခုနှစ်ဇူလိုင်လ ၂၃ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံ အကောက်ခွန်ဦးစီးဌာနအနေဖြင့် HS Convention စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းကိုဆောင်ရွက်ရာတွင် ကမ္ဘာ့အကောက်ခွန်အဖွဲ့မှ ချမှတ်ထားသော လမ်းညွှန်ချက်များ၊ ထောက်ခံချက်များ (World Customs Organization (WCO) Guidelines, WCO Recommendations)တို့နှင့်အညီ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပြီး WCO HS Committees ချမှတ်သော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံအတွင်းသို့ တင်သွင်းလာသော ကုန်ပစ္စည်းများနှင့် နိုင်ငံအပြင်သို့ တင်ပို့သော ကုန်ပစ္စည်းများအပေါ် အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း အကောက်ခွန်ဌာနမှသာ အဓိကဆောင်ရွက်နေပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အကောက်ခွန်ဦးစီးဌာနမှသာ ဆောင်ရွက်လျက်ရှိပါသည်။

ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ရာတွင် ဥပဒေကဲ့သို့ လိုက်နာဆောင်ရွက်ရသည့် အပိုင်းမှတ်စု၊ အခန်းမှတ်စု၊ ခေါင်းစဉ်သတ်မှတ်ချက်တို့နှင့်အညီ ခွဲခြားသတ်မှတ်ရပြီး ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ လမ်းညွှန်ချက် (WCO Guidelines)၊ ASEAN လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာဆောင်ရွက်ရပါသည်။ ထို့အပြင် ထပ်မံကိုးကားရသည့် ကမ္ဘာ့အကောက်ခွန်အဖွဲ့မှ ထုတ်ပြန်ထားသော ရှင်းလင်းချက်မှတ်စု (WCO Explanatory Note (EN)၊ HS ကော်မတီမှ ဆုံးဖြတ်ပေးခဲ့သော ကုန်ပစ္စည်းအမျိုးအစားခွဲခြား သတ်မှတ်ခြင်းအငြင်းပွားဖွယ်ကိစ္စရပ်များဆိုင်ရာ မှတ်စုပေါင်းချုပ် (HS Compendium)၊ WCO HS Classification Opinion များတွင် ဖော်ပြထားသည့် ရှင်းလင်းချက်များအရလည်း ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ရပြီး WCO အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်လည်း HS Code တစ်ပြေးညီသတ်မှတ်ရပါသည်။ ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှုများလာပြီး အရှေ့တောင်အာရှအပါအဝင် ကမ္ဘာတစ်ဝန်း၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် သုံးဘီးတပ်ယာဉ် အမျိုးအစား (Three-Wheeled Vehicles) များ၏ ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း ဆိုင်ရာနည်းလမ်းများကို တင်ပြလိုပါသည်။

သုံးဘီးတပ်ယာဉ်ဟုဆိုရာတွင် ယေဘုယျအနေဖြင့် ရှေ့တစ်ဘီး နောက်နှစ်ဘီးတပ်ယာဉ် အမျိုးအစားနှင့် ရှေ့နှစ်ဘီး နောက်တစ်ဘီးတပ်ယာဉ်အမျိုးအစားဟူ၍ နှစ်မျိုးရှိပါသည်။ စာဖတ်သူများထင်သာမြင်သာရှိစေရန် နမူနာဓာတ်ပုံများကိုလည်း တင်ပြလိုပါသည်။



(ရှေ့တစ်ဘီးနောက်နှစ်ဘီးတပ် သုံးဘီးယာဉ်အမျိုးအစား)source:internet



(ရှေ့နှစ်ဘီးနောက်တစ်ဘီးတပ် သုံးဘီးယာဉ်အမျိုးအစား)source:internet

ယခုရှင်းလင်းတင်ပြမှာကတော့ HS Code Heading 87.03- "Motors cars and other motor vehicles principally designed for the transport of person" ဖြစ်ပြီး ယင်းခေါင်းစဉ်အောက်တွင် Saloon, Hatchback, Station Wagon ကဲ့သို့သော လူစီးမော်တော်ယာဉ်များအပြင် မော်တော်ဆိုင်ကယ်အင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ဘီးတပ်ဆင်ထားသော ဝန်ပေါ့သုံးဘီးတပ်ယာဉ်များပါ အကျုံးဝင်ပါသည်။ အသေးစိတ်အား ထပ်မံရှင်းလင်းတင်ပြသွားမည်ဖြစ်ပါသည်။

သုံးဘီးတပ်ယာဉ်တစ်စီးတွင် ယခုတင်ပြမည့် အချက်နှစ်ချက်ထဲမှ တစ်ချက်နှင့် ကိုက်ညီပါက HS Code Heading 87.03 နှင့် HS Code Heading 87.04ခေါင်းစဉ်အောက်တွင်အကျုံးဝင်မည်ဖြစ်ပါသည်။ ပထမအချက်မှာ- မော်တော်ဆိုင်ကယ်အင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ဘီးများတပ်ဆင်ထားပြီးယာဉ်၏ ဖွဲ့စည်းတည်ဆောက်ပုံ (Mechanical Structure) အရပုံမှန်မော်တော်ကားတစ်စီး၏ သွင်ပြင်လက္ခဏာများ (ဥပမာ-မော်တော်ယာဉ်၏ Steering System သို့မဟုတ် ယာဉ်အားနောက်ဆုတ်နိုင်သော ဂီယာ Reverse Gear နှင့် ယာဉ်အကွေ့တွင် အရှိန်အားထိန်းညှိပေးသောဂီယာ Differential နှစ်ခုလုံး) ပါရှိပါက HS Code Heading87.03 သို့မဟုတ် HS Code Heading 87.04 ခေါင်းစဉ်အောက်တွင် အကျုံးဝင်ကြောင်း WCO EN တွင် ရှင်းလင်းဖော်ပြထားပါသည်။

ဒုတိယအချက်မှာ T-shaped chassis frame ပေါ်တွင် တပ်ဆင်ထားပြီး အနောက်ဘီးနှစ်ဘီးမှာ သီးခြားဘက်ထရီ ပါဝါမော်တာဖြင့် မောင်းနှင်နိုင်သော ယာဉ်များသည် HS Code Heading 87.03 သို့မဟုတ် HS Code Heading 87.04 ခေါင်းစဉ်အောက်တွင် အကျုံးဝင်ပါသည်။ ထို့ပြင် အဆိုပါယာဉ်များကို Single Central Control Stick အသုံးပြု၍ ယာဉ်အားမောင်းနှင်သူက စတင်နိုင်ခြင်း၊ အရှိန်မြှင့်တင်နိုင်ခြင်း၊ ဘရိတ်အသုံးပြုနိုင်ခြင်း၊ ရပ်တန့်နိုင်ခြင်းနှင့် နောက်ပြန်လှည့်ခြင်းပြုလုပ်နိုင်ပါသည်။

ဤနေရာတွင် သတိပြုရန်အချက်မှာ ရှေ့တစ်ဘီး နောက် နှစ်ဘီးတပ် ဝန်ပေါ့သုံးဘီးယာဉ်များအတွက်မူ Steering system ရရှိခြင်း၊ ရှိ/မရှိကိုထည့်သွင်းစဉ်းစားရန်မလိုဘဲ နောက်လှည့်နိုင်သော Reverse Gear ပါရှိမှုအပေါ် မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်ပါသည်။

HS Code Heading 87.03တွင် အကျုံးဝင်သောသုံးဘီးတပ်ယာဉ် (Three-Wheeled Vehicles) များ၏ နမူနာပုံအချို့အား တင်ပြလိုပါသည်။


(ပုံ - ၁ :HS Code Heading 87.03တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်)source:internet



(ပုံ - ၂ :HS Code Heading 87.03တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်)source:internet

ဆက်လက်ပြီးတင်ပြမှာကတော့ HS Code Heading 87.04– "Motor vehicles for the transport of goods"ဖြစ်ပြီး ယင်းခေါင်းစဉ်အောက်တွင် အကျုံးဝင်သည့်ယာဉ်များသည် ကုန်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များဖြစ်ပါသည်။ အဆိုပါယာဉ်များတွင် ရှေ့ခန်းနှင့် နောက်ခန်းအားသီးခြားကန့်ထားလေ့ရှိပြီး နောက်ခန်းမှာ ကုန်ပစ္စည်း တင်ဆောင်ရန်အတွက် နေရာလွတ်ပါရှိပါသည်။ HS Code Heading 87.04 တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်များ၏ဖွဲ့စည်းတည်ဆောက်ပုံ (Mechanical Structure) မှာ သုံးဘီးတပ် လူစီးမော်တော်ယာဉ်များ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့်တူညီပြီး ခရီးသည်တင်ဆောင်ခြင်းနှင့် ကုန်ပစ္စည်းတင်ဆောင်ခြင်းသာ ကွာခြားမည်ဖြစ်ပါသည်။

HS Code Heading 87.04 တွင် အကျုံးဝင်သောသုံးဘီးတပ်ယာဉ် (Three-Wheeled Vehicles) များ၏ နမူနာပုံအချို့ကိုလည်း တင်ပြလိုပါသည်။



(ပုံ - ၁ :HS Code Heading 87.04တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်)source:internet



(ပုံ-၂: HS Code Heading 87.04တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်)source:internet


(ပုံ-၃:HS Code Heading 87.04တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်)source:internet



(ပုံ-၄:HS Code Heading 87.04တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်)source:internet

ဆက်လက်တင်ပြမှာကတော့ HS Code Heading 87.11- "Motorcycles (including mopeds) and cycles fitted with an auxiliary motor, with or without side-cars; side-cars" ဖြစ်ပြီး ယင်းခေါင်းစဉ်အောက်တွင် ခရီးသည်တင်ဆောင်ရန်အတွက် အထူးပုံစံပြုလုပ်ထားသော နှစ်ဘီးတပ်ယာဉ်အုပ်စုနှင့် ဘေးတွဲတပ်ဆင်ထားသော မော်တော်ဆိုင်ကယ်များ အကျုံးဝင်ပါသည်။ ထို့ပြင် လူတစ်ဦးသာ တင်ဆောင်နိုင်သည့် လျှပ်စစ်ဓာတ်အားသုံး နှစ်ဘီးတပ်ယာဉ်များလည်း အကျုံးဝင်ပြီး ယင်းတို့သည်လူသွားစင်္ကြံများ၊ စက်ဘီးသွားလမ်းများ စသည့်အရှိန်နည်းနည်းဖြင့် မောင်းနှင်ရသော ဧရိယာများတွင်သာ အသုံးပြုနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားပါသည်။ ထိုကဲ့သို့သော ယာဉ်များကို ယာဉ်နှင့်မောင်းနှင်သူအား ဟန်ချက်ညီစေရန် တည့်မတ်ပေးသောနည်းပညာပေါ်တွင် အခြေခံ၍ထုတ်လုပ်ထားပါသည်။

စာမျက်နှာ ၂၇ သို့

# ဒီဇင်ဘာလအတွင်း ဓာတ်ဆီ၊ဒီဇယ်တန်ချိန် ၄၀၀၀၀၀ကျော် တင်သွင်း

ဒီဇင်ဘာ ၁ ရက်မှ ၃၁ရက်အထိ သီတင်းပတ်အတွင်း ဓာတ်ဆီ ၂၀၇၁၀၂ ဒသမ ၇၁ တန်နဲ့ ဒီဇယ် ၂၂၄၇၅၉ ဒသမ ၆၁ တန်၊ စုစုပေါင်း ၄၃၁၈၆၂ ဒသမ ၃၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း ဓာတ်ဆီ ၁၅၅၂၉၄ ဒသမ ၆၆ တန် တင်သွင်းခဲ့တာကြောင့် ဒီဇင်ဘာလမှာ ၅၁၈၀၈ ဒသမ ၀၅ တန် ပိုမိုတင်သွင်းခဲ့သလို နိုဝင်ဘာလအတွင်း တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၂၃၂၅၇၂ ဒသမ ၅၈ တန်နဲ့ နှိုင်းယှဉ်ရင် ၇၈၁၂ ဒသမ ၉၇ တန် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီဇင်ဘာလမှာ ဓာတ်ဆီတင်သွင်းမှုပိုပြီး ဒီဇယ်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။

ဒီဇင်ဘာလ ၂၉ ရက်မှ ဇန်နဝါရီလ ၄ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာသုည ဒသမ ၄၆၆ တန်ဖိုးရှိ Re-export ဒီဇယ်၆၅၄ ဒသမ ၈၄၃တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း**(DOT)

# တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၁၇ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၆ မျိုးကို တန်ချိန်အားဖြင့် ၈၄၆ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၂၇ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၁၉ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ဆီးဆန်၊ ဆီးဖတ်၊ ဆီးသီးခြောက်၊ ဝဥခြောက်၊ မှိုခြောက်၊ ငရုတ်သီးခြောက်၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ နန္နွင်းတက်၊ တောချင်း၊ ပြောင်းကြိတ်မှုန့်၊ ကွမ်းသီးခွံ၊ နာနတ်လျှော်၊ နံ့စားပြောင်းနဲ့ ချဉ်ပေါင်ဖာလာ(အခွံမပါ)တို့ဖြစ်ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၁၀၄ တန်ဖိုးရှိ အုံတုံခေါက် ၁၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၂၅၂၈၇ တန်ဖိုးရှိ ဆီးဖြူသီးခြောက် ၄၂ တန်ကျော်ကို အဆိုပါ သီတင်းပတ်အတွင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ဝဥခြောက် ပုံမှန်တင်ပို့

ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၈ သန်းတန်ဖိုးရှိ ဝဥခြောက် ၁၅ တန် ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ၁၂ တန်ခန့် လျော့နည်းခဲ့ပေမယ့် တရုတ်နိုင်ငံသို့ ဝဥခြောက် ပုံမှန်တင်ပို့မှုရှိတာ တွေ့ရပါတယ်။

ဝဥစိုက်ပျိုးမှု ဝင်ငွေမြင့်မားရေးအတွက် ဝဥ၏ဈေးနှုန်းတည်ငြိမ်မှုမှာ အဓိကကျပြီး ဝဥထုတ်လုပ်မှုစရိတ်၊ ထုတ်လုပ်ရာဒေသရဲ့အနေအထားနဲ့ စိုက်ပျိုးမှုအခြေအနေ၊ ဥအမျိုးအစား စသည်တို့ပေါ် မူတည်၍ ကွဲပြားမှုရှိပြီး ဝဥစိုက်ပျိုးသူများသည် မျိုးကို ၎င်းတို့ကိုယ်တိုင် ပျိုးထောင်စိုက်ပျိုးတာကြောင့် မျိုးအတွက် ကုန်ကျစရိတ်မရှိသော်လည်း အခြားအခက်အခဲများစွာရှိတယ်လို့ ဝဥစိုက်တောင်သူများက ပြောပါတယ်။

**မော်မော်အောင်**

## Energy NYMEX 11-1-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.66 | -0.88 | -1.89 |
| Brent Crude Futr (USD/bbl) | 54.33 | -0.58 | -1.06 |
| Gasoline Rbob Fut (Cent/gal) | 130.80 | -1.76 | -1.33 |
| Natural Gas Futr (USD/MMBtu) | 2.91 | -0.05 | -1.66 |
| Heating Oil Futr (Cent/gal) | 168.90 | -1.16 | -0.68 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 7-January | 15.77 | 2518.95 | 1891.69 | 5894.16 | 827.00 |
| 8-January | 15.52 | 2543.42 | 1855.99 | 5858.89 | 818.00 |
| 9-January | 15.55 | 2571.63 | 1861.72 | 5913.55 | 520.00 |
| 10-January | 15.73 | 2548.04 | 1839.34 | 5970.42 | 825.00 |
| 11-January | 15.70 | 2530.85 | 1847.83 | 5965.13 | 821.00 |

# ပြည်တွင်းငွေလဲနှုန်းကျဆင်းခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းဆက်လက်ကျဆင်းနေခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကရည်ညွှန်းငွေလဲနှုန်းကို ၂၀၁၉ခုနှစ် နှစ်ကူးချိန်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၄၂ကျပ်သတ်မှတ်ခဲ့ရာမှ ဇန်နဝါရီပထမပတ်တွင် ၁၅၃၁ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်တွင် ကုန်သွယ်မှုလိုငွေကျဆင်းလာသလို ပြည်ပမှဆောက်လုပ်ရေးနှင့်သက်ဆိုင်သောပစ္စည်းများတင်သွင်းမှု ကျဆင်းလာခြင်း၊ နိုင်ငံတကာဈေးကွက်တွင် ရေနံဈေးကျဆင်းလာသောကြောင့် ပြည်တွင်းဈေးကွက်အတွက် စက်သုံးဆီတင်သွင်းမှုတွင် အမေရိကန်ဒေါ်လာလိုအပ်ချက် နည်းပါးလာခြင်းတို့ကြောင့် ပြည်တွင်းငွေလဲနှုန်းကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း၊ ဗဟိုဘဏ်မှလည်း ငွေကြေးဈေးကွက် တည်ငြိမ်ရေးအတွက် ဆက်လက်ဆောင်ရွက်နေကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၇ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၇ကျပ်၊ ဝယ်ဈေး ၁၅၃၂ကျပ်မှ ဇန်နဝါရီ ၉ရက်တွင် ရောင်းဈေး ၁၅၂၉ကျပ်၊ ဝယ်ဈေး ၁၅၂၄ကျပ်သို့ကျဆင်းခဲ့သလို ဇန်နဝါရီ ၁၁ရက်တွင်လည်း အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၅၂၆ ကျပ်၊ ဝယ်ဈေး ၁၅၂၀ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**သန်းထိုက်အောင်**

# ပြည်တွင်းရွှေဈေးမြင့်နေရာမှ အနည်းငယ်ကျလာ

ပြည်တွင်းရွှေဈေးနှုန်းသည် နှစ်ဆန်းပိုင်းအတွင်း ဈေးအတက်အကျဖြစ်ပေါ်ခဲ့ပြီး ဈေးအနည်းငယ်ပြန်ကျလာကြောင်း သတင်းရရှိသည်။ ၂၀၁၉ခုနှစ် နှစ်သစ်ကူးကာလအတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၈၀၀၀ရှိခဲ့ရာမှ ဇန်နဝါရီလပထမပတ်တွင်တော့ ကျပ် ၁၀၄၅၀၀၀သို့ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ပြည်တွင်းရွှေဈေးက နည်းနည်းပြန်ကျသွားပေမယ့် ကျပ်ဆယ်သိန်းအထက်ပဲရှိနေသေးတယ်။ ဈေးဆက်တက်မယ့်အလားအလာတွေလည်း တွေ့နေရတယ်။ တရုတ်နှစ်သစ်ကူးနီးလာရင် ရွှေဈေးတက်လေ့ရှိတော့ ဈေးထပ်တက်ပြီး စံချိန်ချိုးသွားမလားစောင့်ကြည့်ချင်စရာပါ။ ကမ္ဘာ့ရွှေကလည်း အမြင့်တန်းမှာပဲ။ နောက်ထပ်လည်းတက်လာနိုင်ချေများတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်နိုင်ငံရေးလောကအခြေအနေကြောင့် ဒေါ်လာညွှန်းကိန်းအပေါ် သက်ရောက်မှုရှိနေသလို ကမ္ဘာ့စီးပွားရေးအခြေအနေကလည်း ထိုင်းမှိုင်းနေသလိုဖြစ်နေတော့ ဒေါ်လာကို အမြင့်တန်းဆီမြှင့်ပေးသလိုဖြစ်နေတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၇ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၉၅၀၀ရှိခဲ့ရာမှ ဇန်နဝါရီ ၈ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၆၀၀၀သို့ ကျဆင်းခဲ့သလို ဇန်နဝါရီ ၁၁ရက်တွင် ကျပ် ၁၀၄၅၀၀၀ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဇန်နဝါရီ၇ရက်တွင် ရွှေတစ်အောင်စလျှင် ၁၂၉၁အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဇန်နဝါရီ ၉ရက်တွင် တစ်အောင်စလျှင် ၁၂၈၂အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့သော်လည်း ဇန်နဝါရီ၁၁ရက်တွင် တစ်အောင်စလျှင် ၁၂၉၃အမေရိကန်ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# Equity Financing and M & A ဟောပြောပွဲပြုလုပ်မည်

စတော့ရှယ်ယာရင်းနှီးမြှုပ်နှံသူများအား အသိပညာပေးဆွေးနွေးပွဲအဖြစ် “ Equity Financing and M & A”ဟောပြောပွဲကို ရန်ကုန်စတော့အိတ်ချိန်းမှ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ Equity Financing and M & A”ဟောပြောပွဲကို ဇန်နဝါရီ ၁၉ရက်၊ မနက် ၁၀နာရီမှနေ့လယ်၁၂နာရီအ ထိ ရန်ကုန်စတော့အိတ်ချိန်း၌ ပြုလုပ်သွားမည်ဖြစ်ပြီး Thura Swiss၏ CEO ဒေါက်တာအောင်သူရမှ ဟောပြောပို့ချသုံးသပ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲအပြီးတွင် ရင်းနှီးမြှုပ်နှံသူရှယ်ယာရှင်များမှ ထပ်မံသိရှိလိုသောအကြောင်းအရာများနှင့်မရှင်းလင်းသောအကြောင်းအရာများကို ပြန်လည်မေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုစာရင်း (Securities Account)ဖွင့်လှစ်လိုသူများအနေဖြင့် အမျိုးသားမှတ်ပုံတင်ကတ်နှင့် ဘဏ်စာရင်းစာအုပ်ကိုယူဆောင်လာပြီး မိမိနှစ်သက်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုစာရင်းဖွင့်လှစ်နိုင်စေရန် စီစဉ်ပေးထားကြောင်းသိရသည်။ဟောပြောပွဲသို့တက်ရောက်လိုသူများအနေဖြင့် ဖုန်းနံပါတ်၊ ၀၁-၃၇၁ ၂၇၄၊၀၁-၃၇၁၂၇၆ သို့ ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

January 11, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.38 |
| BDT | Bangladesh Taka | 83.87 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.75 |
| EUR | Euro | 0.86 |
| H KD | Hong Kong Dollars | 7.84 |
| I NR | India Rupees | 70.47 |
| I DR | Indonesia Rupiahs | 14033.37 |
| JPY | Japan Yen | 108.37 |
| MYR | Malaysia | 4.09 |
| PKR | Pakistan Rupees | 139.66 |
| PHP | Philippines Pesos | 52.18 |
| RUB | Russia Rubles | 66.94 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1116.35 |
| LKR | Sri Lanka Rupe | 181.79 |
| THB | Thailand Baht | 31.91 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 23205.56 |

*Source:xe.com*

## World Gold Price

January- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 7 | 1295 | 1293 | 1293 |
| 8 | 1286 | 1285 | 1285 |
| 9 | 1285 | 1283 | 1283 |
| 10 | 1293 | 1294 | 1295 |
| 11 | 1297 | 1295 | 1295 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 7-1- 2019 | 1048.50 | 1048.00 |
| 8-1- 2019 | 1048.50 | 1047.00 |
| 9-1- 2019 | 1045.50 | 1045.00 |
| 10-1- 2019 | 1048.50 | 1048.00 |
| 11-1- 2019 | 1047.00 | 1046.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 7 | 6.85 | 32.08 | 83.78 | 70.04 |
| 8 | 6.85 | 32.07 | 83.87 | 70.04 |
| 9 | 6.83 | 32.07 | 83.97 | 70.42 |
| 10 | 6.88 | 32.19 | 84.50 | 70.40 |
| 11 | - | - | - | - |

## ဘိလပ်မြေ

# ဒီဇင်ဘာလမှာ နိုဝင်ဘာလထက် ဘိလပ်မြေအဝင်ပို

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၉၄၂၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၀၆၂ ဒသမ ၄၄တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်း အိန္ဒိယ၊ ထိုင်း၊ တရုတ်၊အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံနဲ့ဗီယက်နမ်နိုင်ငံတို့မှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း ဘိလပ်မြေတင်သွင်းမှုမှာ ၈၁၃ ဒမသ ၆၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီဇင်ဘာလနဲ့ နိုဝင်ဘာလ ဘိလပ်မြေတင်သွင်းမှုကိုနှိုင်းယှဉ်ရင် ဒီဇင်ဘာလမှာ နိုဝင်ဘာလထက် ၁၂၄၈ ဒသမ ၈၃ တန်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီလ ၄ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ၂၂၅၀တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ် ကဘိလပ်မြေအဝင်မှာတန်ချိန် ၁၀၂၇၅ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၀၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။



# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်)ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ကပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့နှစ်ကောင်ဘိလပ်မြေက ကျပ် ၂၀၀ ဈေးမြင့်ပြီးကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၄၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၄၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်က ပုံမှန်ပြန်ဖြစ်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီကျပ်၄၈၀၀၊ဘလူးဒိုင်းမွန်းကျပ်၄၃၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဘိလပ်မြေဈေးတွေက ဒီတစ်ပတ်မှာလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၉၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ဒီဇင်ဘာလမြေဩဇာတင်သွင်းမှုမှာ နိုဝင်ဘာလထက်လျော့

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်သီတင်းပတ်အတွင်း မြေဩဇာစုစုပေါင်း ၅၈၉၃၄ ဒသမ ၆၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ အာမို၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ အမိုးနီးယားကလိုရိုဒ်၊ အမိုးနီးယားဆာလဖိတ်၊ ပိုတက်ဆီယမ်နိုက်တြိတ်၊ ပိုတက်ဆီယမ်ကလိုရိုဒ်၊ ဓာတ်ဆား၊ယူရီးယား-ပုလဲ၊အော်ဂဲနစ်တို့ဖြစ်ပါတယ်။ နိုဝင်ဘာလအတွင်း စုစုပေါင်းမြေဩဇာတန်ချိန် ၇၁၁၄၄ ဒသမ ၇၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် နိုဝင်ဘာလနဲ့ဒီဇင်ဘာလမြေဩဇာတင်သွင်းမှုကို နှိုင်းယှဉ်ရင် ဒီဇင်ဘာလမှာ မြေဩဇာတင်သွင်းမှု ၁၂၂၁၀ဒသမ ၀၅၅ တန် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# မန္တလေးမြေဩဇာဈေးကွက်အရောင်းအေး

ဒီဇင်ဘာလ ၂၉ ရက်မှ ဇန်နဝါရီလ ၄ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၃၃၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန်၁၈၂၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၄၈၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီးနဲ့မကွေးမှာ အရောင်းပုံမှန်ရှိပြီး မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုလဲ(ရွှေတောင် -တရုတ်)က ကျပ် ၂၀၀၀၊ တီစူပါ ၄၆% (သံကွင်း)နဲ့ ကွန်ပေါင်း(ရွှေကောမတ်)က ကျပ် ၁၀၀၀ ဈေးကျပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၁၀၀၀၊ပုလဲ-အကြီး(ထိုင်း)(မြင်းပျံ)ကျပ် ၃၂၀၀၀၊ ပုလဲ-အကြီး(မြန်မာ-အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ကွန်ပေါင်း (ရွှေကောမတ်)(မြန်မာ့ဩဘာ)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(မြန်မာဩဘာ) ကျပ် ၃၅၀၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ်၁၃၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီရက်ပိုင်းအရောင်းအဝယ်ပြန်ကောင်း လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တီစူပါ(၁၀း၁၀း၅)နဲ့ ပိုတက်က ဈေးနည်းနည်းကျလာပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၃၂၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၉၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၃၀၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၇၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၅၀၀၊ မြားကမ္ဘာကျပ် ၁၈၆၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ဆိုင်ကလုန်း ကျပ် ၃၀၀၀ ၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး၊ရွှေတောင်-တရုတ်) ကျပ်၂၀၀ဈေးကျပြီးကျန် မြေဩဇာများက ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၉၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀ ၊ တက်တိုး ကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီဇင်ဘာလမှာ နို့ဆီတန်ချိန် ၂၀၀၀နီးပါးနဲ့ နို့မှုန့်တန်ချိန် ၆၀၀ကျော် တင်သွင်း

ဒီဇင်ဘာ ၁ ရက်မှ ၃၁ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၃၁၁၅၀ တန်ဖိုးရှိ နို့ဆီ ၁၉၈၉ ဒသမ ၂၃၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်း မလေးရှားနဲ့ စင်ကာပူမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာတီးပေါ့၊ကောင်းဘဲလ်၊ ဒွန်း၊ မာရီဂိုး၊ ပက်နဲ့ အိုကေတို့ဖြစ်ပါတယ်။

နိုဝင်ဘာလအတွင်း တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန်မှာ ၁၆၉၂ ဒသမ ၁၈ဖြစ်တာကြောင့် ဒီဇင်ဘာလ တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၉၇ ဒသမ ၀၅၈ တန်ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီဇင်ဘာလမှာ နိုဝင်ဘာလထက်တင်သွင်းမှုပိုခဲ့ပါတယ်။

ဒီဇင်ဘာလမှာ နို့မှုန့်စုစုပေါင်း တန်ချိန် ၆၄၇ ဒသမ ၉၃၅ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီဇင်ဘာလအတွင်း နယူးဇီလန်နဲ့ ယူအက်စ်အေတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း တင်သွင်းခဲ့တဲ့နို့မှုန့် တန်ချိန်မှာ ၈၈၁ ဒသမ ၂၃၈တန် ရှိခဲ့တာကြောင့် ဒီဇင်ဘာလမှာ တန်ချိန် ၂၃၃ ဒသမ ၃၀၃တန် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီဇင်ဘာလမှာ နို့ဆီတင်သွင်းမှုပိုပြီး နို့မှုန့်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၁၂ မှ ၄/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၁၂ မှ ၂၈/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၃.၅၀ | - | (+) | ၅၃.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၇၇၀၀.၀၀ | (-) | ၆၇၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၇၅.၀၀ | (-) | ၇၅.၀၀ |
| ၈။ | မြိတ် | ၁၂၀၀.၀၀ | ၂၅၀၀.၀၀ | (-) | ၁၃၀၀.၀၀ |
| | စုစုပေါင်း | ၂၂၅၃.၅၀ | ၁၀၂၇၅.၀၀ | (-) | ၈၀၂၁.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၁၂ မှ ၄/၀၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၁၂ မှ ၂၈/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၁၇၄.၁၀ | ၈၁၅၈.၄၁ | (-) | ၉၈၄.၃၁ |
| ၂။ | လွယ်ဂျယ် | ၁၇၃.၀၀ | ၂၁၅.၀၀ | (-) | ၄၂.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၂၅၉.၁၀ | ၃၈၉၅.၄၀ | (-) | ၁၆၃၆.၃၀ |
| ၄။ | ကန်ပိုက်တီ | ၆၃၆.၀၀ | ၁၆၆. ၀၀ | (+) | ၄၇၀.၀၀ |
| ၅။ | မြဝတီ | ၁၇၅၅.၉၉ | ၂၆၈၆.၃၅ | (-) | ၉၃၀.၃၆ |
| ၆။ | ကော့သောင်း | - | ၁၁.၃၆ | (-) | ၁၁.၃၆ |
| ၇။ | မြိတ် | ၁၀၀.၀၀ | ၇၅.၀၀ | (+) | ၂၅.၀၀ |
| ၈။ | ရိုဒ် | ၁၂၂၅.၇၄ | ၃၀၀၀.၀၀ | (-) | ၁၇၇၄.၂၆ |
| ၉။ | တမူး | ၄၀.၀၀ | - | (+) | ၄၀.၀၀ |
| | စုစုပေါင်း | ၁၃၃၆၃. ၉၃ | ၁၈၂၀၇.၅၂ | (-) | ၄၈၄၃.၅၉ |

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# rdm;ploclG;Tlyfcd&;rSnf
# rkd;uf;c½kfwk;a'o}uD;

♦ ကျော်ဝင်း (မုံရွာ) ♦



လူလောကကြီးတွင် ဘဝရပ်တည်မှု ရှင်သန်မှု ဖွံ့ဖြိုးတိုးတက်မှုအတွက် ရုန်းကန် လှုပ်ရှားနေကြပါတယ်။ လူတွေသည် ရှေးယခင်ကတည်းက ကုန်သည်၊ လယ်လုပ်၊ ပွဲစား၊ မင်းမှုထမ်း၊ အရောင်းအဝယ်၊ စာရေးစာချီ၊ အနုပညာစသည့် လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ အဆိုပါ အသက်မွေးမှုတွင် လယ်လုပ်အရောင်းအဝယ်ဆိုအပ်သော စိုက်ပျိုးရေးဖြင့် လူ့ဘဝတိုးတက်မှုရှာဖွေမှုထဲမှ မိသားစုစိုက်ပျိုးသော သခွားမွှေးစိုက်ခင်းဆီသို့ သွားရောက် ဦးတည်မေးမြန်းခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ် မကျီးဘုတ်၊ (နဘဲလှကွင်း) ကျေးရွာတွင် ဦးကျော်လွင် မိသားစု သခွားမွှေး ၃၅ ဧက စိုက်ခင်းသို့ သွားရောက်ခဲ့ပါတယ်။ ဦးကျော်လွင် မိသားစုသည် စိုက်ခင်း ၃ နေရာခွဲ၍ ဧက ၁၀၀ စိုက်ပျိုးမည်ဖြစ်ပြီး ဦးကျော်လွင် သား ၂ ဦးမှ တစ်ခြံစီခွဲဝေကြီးကြပ်ဆောင်ရွက်မည်ဟု သိရှိရပါတယ်။

သခွားစိုက်ပျိုးသူဦးကျော်လွင်သည် ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ သခွားမွှေးကို ၄ ဧက ခန့် စတင်စိုက်ပျိုးခဲ့ပါတယ်။ တစ်ဧက ၂၅ သိန်းရင်းနှီးခဲ့ရပြီး ထိုစဉ်ကတရုတ် ဈေးကွက် အပေါ်မူတည်၍ အမြတ်ငွေကျပ် ၄၀ သိန်းမြတ်ခဲ့ကြောင်း သိရှိရပါတယ်။ စိုက်ပျိုးသူ၊ ရောင်းဝယ်သူအနေဖြင့် ၁ ကီလို တရုတ်ငွေ ၅/ ၆ ယွမ် စတင် ရောင်းခဲ့ရပြီး Supply နှင့် Demand တွင် လိုအပ်ချက် ဝယ်လိုအား များသဖြင့် အမြတ်သေချာခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ဦးကျော်လွင် မိသားစုသည် ၂၀၁၃-၂၀၁၄ ခုနှစ်မှ ၁၅ ဧက ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၃၅ ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၅၀ဧက၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၆၀ ဧကအား၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ၁၀၀ ဧက၊ ယခုနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်မှာလည်း ၁၀၀ဧက စိုက်ပျိုးသွားမည်ဖြစ်ပါတယ်။

ဦးကျော်လွင် မိသားစုဖြစ်သော ခြံမန်နေဂျာ သားဖြစ်သူ ဦးဝင်းလွင်ဦးမှ ၂၀၁၇-၂၀၁၈ ခုနှစ် သခွားမွှေး ၁၀၀ ဧက စိုက်ပျိုးရာတွင် တစ်ဧက ၆၀ သိန်းရင်းနှီးခဲ့ရပြီး ၁ ကီလိုလျှင် ၁ ယွမ်မှ ၅ ယွမ်ခွဲထိ ဈေးပေါက်ခဲ့ပါကြောင်း၊ သခွားမွှေးသည် အောက်တိုဘာ၊ နိုဝင်ဘာလစိုက်လျှင် ဇန်နဝါရီ၊ ဖေဖော်ဝါရီတွင် သခွားမွှေး အသီးပေါ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဒီဇင်ဘာ ၉/၁၀ရက်၌ မိုးကြီးရွာခဲ့ကြောင်း ၊ ထယ်ရေးပြင်နေရ၍ ဖေဖော်ဝါရီလစိုက်ပျိုးပြီး မေလတွင်ပေါ်ခဲ့ကြောင်း၊ ရာသီချိန်နောက်ကျခဲ့၍ အရည်အသွေး နိမ့်ကျခြင်း၊ ဈေးကွက်ကျခြင်းကြုံတွေ့ခဲ့ရပြီး ၁ကီလိုလျှင် ၁ယွမ်မှ ၁ယွမ်ခွဲထိ ဈေးဖြစ် ခဲ့ခြင်းကြောင့် သခွားမွှေး စိုက်ပျိုးမှုသည် မမြတ်ဘဲ ရှုံးခဲ့ရပါကြောင်း သိရှိခဲ့ရပါတယ်၊

၂၀၁၇ -၂၀၁၈ ခုနှစ်မှ အောက်တိုဘာ၊ နိုဝင်ဘာလစိုက်ပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် သခွားမွှေးရောင်းချသူများ အမြတ်ရရှိခဲ့ပြီး နောက်ပိုင်းကာလ ဖေဖော်ဝါရီလစိုက် ဧပြီ၊ မေလ ပေါ်သူများသည် အရှုံးနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။ သခွားမွှေးဈေးကွက်သဘောအရ ၁ ကီလိုလျှင် ၂ ယွမ်၊ ၂ ယွမ်နှင့်အထက် ဈေးပေါက်လျှင် အမြတ်ရှိမည်ဖြစ်ပါကြောင်းနှင့် တရုတ်ဈေးကွက်အရ သခွားမွှေးအရောင်းအဝယ်သည် သင်္ကြန်ပြီးလျှင် ဈေးကွက်မရှိတော့ကြောင်း သိရှိခဲ့ရပါတယ်။

ဦးကျော်လွင်၏သားဖြစ်သူ မန်နေဂျာဦးဝင်းလွင်ဦး၏ ပြောပြချက်အရ သခွားမွှေး စိုက်ပျိုးမှုတွင် ၂၀၁၂-၂၀၁၃ ခုနှစ်မှ ယနေ့အထိ စိုက်ပျိုးခဲ့သော ၆ နှစ်တာကာလ၌ ၂၀၁၇-၂၀၁၈ ခုနှစ် ကာလတစ်ခုသာ အရှုံးပေါ်ခဲ့ပြီး အတွေ့အကြုံတစ်ခုရခဲ့ပါကြောင်း ယခုနှစ်လည်း ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရပါတယ်။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် သခွားမွှေးစိုက်ပျိုးမည့်အကြောင်းကို ဦးဝင်းလွင်ဦးထံ ဆက်လက်မေးမြန်းခဲ့ရာ သခွားမွှေးမျိုးစေ့ကို တရုတ်ပြည် ပွဲစား မျိုးစေ့ကုမ္ပဏီမှ ဆင်ရွှေအမည်မျိုးစေ့ဝယ်ယူရရှိပြီး မျိုးစေ့ဈေးနှုန်းသည်မတည်ငြိမ်ခြင်း၊ မျိုးစေ့ လုံလောက်အောင် ဝယ်ယူရရှိမှု အခက်အခဲတွေ့ရှိရပါကြောင်း၊ ဒါကြောင့် မျိုးစေ့ ဈေးနှုန်းနှင့် လုံလောက်အောင်ရရှိမှသာ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း သိရှိခဲ့ရပါတယ်။

သခွားမွှေးစိုက်ပျိုးမှုတွင် တစ်ဧကလျှင် ၃လခွဲထိ ကျား(၂) နှစ်ဦး၊မ(၃)ဦး ၊ ပေါင်း(၅)ဦးနှုန်းသည် အချိန်ပြည့် အလုပ်အကိုင်ရရှိပြီး အချိန်ပိုင်းအနေဖြင့် ကျား ၅ ဦး၊ မ ၁၀ ဦး၊ ပေါင်း ၁၅ ဦးနှုန်း အလုပ်အကိုင်ရရှိပါတယ်။ ကျားတစ်ဦး၏ တစ်နေ့ငှားရမ်းခသည် ၅၀၀၀ ကျပ်၊ မတစ်ဦးငှားရမ်းခသည် ၄၅၀၀ ကျပ်နှုန်းပေးချေရပြီး သခွားမွှေးစိုက်ပျိုးမှု ကြောင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများစွာ ပေးနိုင်ကြောင်းနှင့် လက်ရှိ ၃၅ ဧက ခြံတွင် လုပ်သားအင်အား ၃၁၀ ဦးအလုပ်အကိုင် ပေးထားနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

ချောင်းဦး၊ မြောင်မြို့နယ် အစပ်ရှိ ပေါက်အင်းကြီး ကမ်းစပ်နယ်မြေ၊ မင်းတည်ရွာ၊ မင်းခေါင်ရွာ၊ မကျီးဘုတ်ရွာဒေသများတွင် ၂၀၁၂-၂၀၁၃ ခုနှစ်ကာလများ၌ တောင်သူ အနည်းငယ်မှ ဧက ၂၅၀၊ ၃၀၀ စိုက်ပျိုးခဲ့ရာမှ ယခုနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တောင်သူ ၃၀၅ ခန့်သည် သခွားမွှေးစိုက်ဧက ၃၀၀၀ ထိစိုက်ပျိုးလျက်ရှိကြောင်းသိရှိရပါတယ်။ တောင်သူတစ်ဦးချင်းအလိုက် တပိုင်တနိုင်လုပ်ငန်းများအနေဖြင့် စိုက်ပျိုးလျက်ရှိရာ အဆိုပါဒေသများအတွင်း ယခင်မန္တလေး၊ ကျောက်ဆည်မြို့ သခွားမွှေးစိုက်ပျိုးဒေသ၏ အတွေ့အကြုံပညာရှင် ၅ ဦးမှ ပညာရှင်ဈေးနှုန်းဖြင့် လာရောက်၍ စိုက်ပျိုးမှုနည်းပညာပေး စိုက်ပျိုးဆောင်ရွက်လျက်ရှိကြပါတယ်။ ဒါကြောင့် တောင်သူတစ်ဦးချင်းမှသည် ဦးကျော်လွင် မိသားစုကဲ့သို့ သခွားမွှေးစိုက်ပျိုးသူများရှိနေကြောင်း သိရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဦးကျော်လွင် မိသားစု သခွာမွှေးစိုက်ခင်း ၃၅ ဧကသို့၂၀၁၈ ဒီဇင်ဘာ ၁၆ ရက်က ရောက်ရှိလာခဲ့ပြီး သခွားမွှေးစိုက်တောင်သူများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖရဲ၊ သခွား စိုက်ပျိုးသူ ၄၉ ဦး၊ စုစုပေါင်း ၆၇ ဦး တက်ရောက်ခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်မှ သခွားမွှေးစိုက်တောင်သူများသို့ လာရောက်တွေ့ဆုံရခြင်းမှာ အစိုးရ ကိုယ်စားပြု ကိုယ်စားလှယ်အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ပုဂ္ဂလိကပါဝင်မှုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ၌ အရေးကြီးပါ၍ လုပ်ငန်းများတွင် ထင်မြင်ယူဆချက်များ၊ အကြံပြုချက်များအပေါ် အစိုးရ၊ ပြည်သူ၊ လုပ်ငန်းရှင်များ ပူးပေါင်းဖြေရှင်းလျှင် ပိုမိုအကျိုးရှိမည်ဖြစ်ပြီး ယခု သခွားမွှေး စိုက်ပျိုးမှုအခြေအနေနှင့် တင်ပြလိုသည်များကို လွတ်လပ်စွာ ဆွေးနွေးကြပါရန် မှာကြားခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သို့ သခွားမွှေးစိုက်ပျိုးသူ တောင်သူ ၄ ဦးမှ မျိုးစေ့ဝယ်ယူရရှိမှုကို တည်ငြိမ်သောဈေးနှုန်း၊ အာမခံချက်၊ မျိုးစေ့ လုံလုံလောက်လောက်ရရှိရေးနှင့် စိုက်ပျိုးမြေ တိုးချဲ့သတ်မှတ်ရရှိရေး၊ တစ်ဧကနုန်ကျငွေ ၇၄ သိန်းမှ ၈၆ သိန်းကုန်ကျပြီး ချေးငွေရရှိနိုင်ရေး၊ သခွားမွှေးရောင်းချခြင်းကို တည်ငြိမ်သော ဈေးကွက်ရရှိရေးအတွက် G to G စနစ် အစိုးရခြင်း ဆက်စပ်ဆောင်ရွက်ပေးရေး၊ သခွားမွှေးရောင်းချခြင်းတွင် ကြိုတင်ဝင်ငွေ၂ ရာခိုင်နှုန်းကို မူဆယ်ပွဲစားများ ကောက်ခံလျက်ရှိရာ တောင်သူ (ရောင်းချသူ) မှ ပေးဆောင်မှုကို နိုင်ငံတော်သို့ တိုက်ရိုက် ပေးဆောင်လိုကြောင်း အချက် ၄ ချက် တင်ပြဆွေးနွေးခဲ့ကြပါတယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လယ်ယာ ထွက်ကုန်များ ပိုမိုတင်ပို့နိုင်ရေး၊ စိုက်ပျိုးထုတ်လုပ် တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းစေရေး၊ ဈေးကွက်သတင်းအချက်အလက်များ ရရှိ သိရှိနိုင်ရေးနှင့် တွေ့ကြုံနေရသော အခက်အခဲများအပေါ် ရှင်းလင်းဆွေးနွေးပြီး တောင်သူများတင်ပြသည့် အချက်များကို စီးပွားရေးဆိုင်ရာ ပြည်ထောင်စုအဆင့်သို့တင်ပြပေးမည်ဖြစ်ပါကြောင်း မှာကြားခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ချောင်းဦး၊ ဘုတလင်၊ အရာတော် မြို့နယ်များအတွင်း နှစ်စဉ် သခွားမွှေး စိုက်ပျိုးလျက်ရှိရာ တိုင်းသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ ယခုနှစ်အထိ စိုက်ပျိုးလျှက်ရှိကြောင်း အောက်ပါအတိုင်း လေ့လာသိရှိရပါတယ်။

| စဉ် | ခုနှစ်ထွက် | စိုက်ဧက | အထွက်နှုန်း | အထွက်တန် |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | ၅၀၀၀ | ၁၂ | ၆၀၀၀၀ |
| ၂ | ၂၀၁၃-၂၀၁၄ | ၆၀၅၀ | ၁၂ | ၇၂၆၀၀ |
| ၃ | ၂၀၁၄-၂၀၁၅ | ၇၀၀၉ | ၁၂ | ၈၄၁၀၈ |
| ၄ | ၂၀၁၅-၂၀၁၆ | ၈၅၀၅ | ၁၂ | ၁၀၂၀၆၀ |
| ၅ | ၂၀၁၆-၂၀၁၇ | ၉၀၀၀ | ၁၂ | ၁၀၈၀၀၀ |
| ၆ | ၂၀၁၇-၂၀၁၈ | ၉၅၀၅ | ၁၂ | ၁၁၄၀၆၀ |
| ၇ | ၂၀၁၈-၂၀၁၉ | ၁၁၂၀၀ | ၁၂ | ၁၃၄၄၀၀ |

သခွားမွှေးစိုက်ပျိုးရာတွင် မြေကိုပြုပြင်ပြီး မျိုးစေ့ကို ပျိုးထောင်ခြင်း၊ ၇ ရက် ကြာလျှင် စိုက်ဘောင်ပေါ် ပြောင်းရွှေ့ စိုက်ပျိုးခြင်း၊ သက်တမ်း ရက် ၄၀ ကြာလျှင် အသီးစတင်ရယူခြင်း၊ တစ်ပင်တစ်လုံးနှုန်းဖြင့် အိတ်စွပ်ဆောင်ရွက်ခြင်း၊ တစ်ဧကလျှင် ၇၅၀၀ ပင်ဝင်ဆံ့ပြီး တစ်ပင်ကို ၂၁ လက်မခြား၊ ဘောင်တစ်ဘောင်ကို ၄၀ လက်မခြား အသုံးပြုစိုက်ပျိုးကြောင်းနှင့် ၃ လကြာလျှင် ရောင်းတန်းဝင် အသီးများဆွတ်ခူး ရရှိကြောင်းသိရှိရပါတယ်။ ရောင်းတန်းဝင်အသီးကို တစ်လုံးလျှင် ၂ ဒသမ ၅ မှ ၃ ကီလိုခြား နှစ် သက်ကြပြီး ၁ ကီလိုလျှင် ၂ ယွမ်မှ ၃ ဒသမ ၃ ယွမ် ဈေးပေါက်၍ ၁ ယွမ် လျှင် ၂၂၂ ကျပ် ဝန်းကျင် ပေါက်ဈေးရှိကြောင်း သိရှိရပါတယ်၊ ဆွတ်ခူးပြီး အသီးများကို ဂျပ်ဖာတွင် ထည့်၍ မော်တော်ယာဉ်များဖြင့် မူဆယ် မှ တရုတ်ပြည်သို့ တင်ပို့ရောင်းချကြောင်းသိရှိရပြီး မော်တော်ယာဉ်သယ်ယူခနှုန်းထားမှာလည်း တစ်တန်လျှင် ၈၅၀၀၀ ကျပ်နှုန်း ဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။

သခွားမွှေးစိုက်ပျိုးမှုသည် ဈေးကွက်စီးပွားရေးစနစ်အရ ရှုံးတစ်ခါ သာတစ်လှည့် ဖြစ်ပေါ်နေသော်လည်း မိသားစုလူနေမှုဘဝ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယနေ့ စိုက်ပျိုးမှုအရ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ယနေ့ထုတ်လွှင့်နေသော တီဗွီ၊ ဖေ့စ်ဘုတ်၊သတင်းစာ၊ ဂျာနယ်များအရ တိုင်းနှင့်ပြည်နယ်များရှိ မြို့နယ်များတွင် သခွားမွှေးတိုးချဲ့စိုက်ပျိုးနေကြောင်း တွေ့ရှိရပါတယ်၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ဦးစီးဌာနမှ တာဝန်ရှိ အကြီးအကဲများ၊ အခြားဝန်ကြီးဌာနရှိ ဦးစီးဌာန ပုဂ္ဂိုလ်များမှလည်း အစိုးရတစ်ရပ်အနေဖြင့် အစိုးရ၊ ပုဂ္ဂလိက၊ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ် ရောင်းချရေးကို ယနေ့ဖြစ်ပေါ်နေသော ကျိန်စမ်းကျော့နယ်စပ်ဂိတ်က ဇန်နဝါရီလ ၁၀ ရက်က အောင်မြင်စွာ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ရာ မိသားစုစီးပွားရေးလည်းရရှိပြီး ဒေသခံ အလုပ်အကိုင်အခွင့်အလမ်းပေးနေသော တိုင်းပြည်၏ ပို့ကုန် ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အားပေးနေသည့် သခွားမွှေးစိုက်ပျိုးရေးကို မိသားစုစိုက်ပျိုးရေး အဆင့်မှသည် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်သို့ တိုးမြှင့်စိုက်ပျိုးကြပါစို့ဟု ရေးသား တင်ပြလိုက်ရပါသည်။

■

# တစ်သျှူးငှက်ပျောတင်ပို့မှုကြောင့် ကုန်သွယ်မှုပိုငွေများပြားလာသည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်း

ဝင်းကို (ကန်ပိုက်တီ)



မြန်မာနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယပြည်သူ့ သမ္မတနိုင်ငံတို့အကြား တည်ရှိကာ ကုန်သွယ်မှုအချက်အချာကျသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံများ၊ အနောက်ဥရောပနိုင်ငံများနှင့်လည်း ကုန်သွယ်မှုပြုလျက်ရှိပါတယ်။

မြန်မာနိုင်ငံသည် ပင်လယ်ဆိပ်ကမ်းမှ ရေကြောင်းကုန်သွယ်မှု၊ လေကြောင်းကုန်သွယ်မှု ၊ နယ်စပ်ဒေသများမှ မော်တော်ယာဉ်များဖြင့် နယ်စပ်ကုန်သွယ်မှုပြုလုပ်လျက်ရှိပြီး နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ၇၀ ရာခိုင်နှုန်းကျော် ကုန်သွယ်မှုပြုလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ ၃၀ ရာခိုင်နှုန်း ဝန်းကျင်ရှိပါကြောင်း သိရှိရပါတယ်။

နယ်စပ်ကုန်သွယ်မှုတွင် ကုန်သွယ်ရေးဇုန်(၂)ခု ၊ နယ်စပ် ကုန်သွယ်ရေးစခန်း(၁၇)ခု၊ ပို့ကုန်သွင်းကုန်ရုံး (၄) ခုရှိကြောင်း ၊ ကုန်သွယ်ရေးဇုန်အနေဖြင့် တရုတ်မျက်နှာစာတွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ထိုင်းမျက်နှာစာတွင် မြဝတီကုန်သွယ်ရေးဇုန်တို့ဖြစ်ပါကြောင်း ၊ ကုန်သွယ်ရေးစခန်းများအနေဖြင့် တရုတ်မျက်နှာစာတွင် လွယ်ဂျယ် ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ ထိုင်းမျက်နှာစာ တွင် တာချီလိတ်၊ မြိတ်၊ ကော့သောင်း၊ မောတောင်၊ ထီးခီး၊ မယ်စဲ့၊ အိန္ဒိယမျက်နှာစာတွင် တမူး၊ ရိဒ်၊ ထန်တလန်၊ ဘင်္ဂလားဒေ့ရှ်မျက်နှာစာတွင် စစ်တွေ၊ မောင်တော ၊ လာအိုမျက်နှာစာတွင် ကျိုင်းလပ် ကုန်သွယ်ရေးစခန်း ၊ ပို့ကုန်သွင်းကုန်ရုံးများအနေဖြင့် ရန်ကုန် ၊ မန္တလေး ၊ ကျိုင်းတုံ၊ မြစ်ကြီးနား တို့ဖြစ်ပါကြောင်း သိရှိရပါတယ်။

နယ်စပ်ကုန်သွယ်ရေးစခန်းများထဲမှ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ တင်ပို့လျက်ရှိသည့် တစ်သျှူး ငှက်ပျောတင်ပို့မှုနှင့်ပတ်သက်၍ တင်ပြလိုပါတယ်။ ဖော်ပြပါ ကုန်သွယ်ရေးစခန်းများအနက်မှ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျောကို အများဆုံးတင်ပို့လျက်ရှိပါတယ်။ တစ်သျှူးငှက်ပျော စိုက်ပျိုးမှုအနေဖြင့် ကချင်ပြည်နယ်အတွင်း ဧကခြောက်သောင်းကျော် စိုက်ပျိုးလျက်ရှိပါတယ်။ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှတင်ပို့သည့် ငှက်ပျောများမှာ မြစ်ကြီးနား မြို့နယ်၊ ဝိုင်းမော်မြို့နယ်များမှ စိုက်ပျိုးမြေဧကငါးသောင်းကျော် စိုက်ပျိုးထုတ်လုပ်တင်ပို့လျက်ရှိပါတယ်။ မြစ်ကြီးနားမြို့နယ်တွင် ဧကတစ်သောင်းကျော် ၊ ဝိုင်းမော်မြို့နယ်တွင် ဧကသုံးသောင်းကျော် စိုက်ပျိုးလျက်ရှိပါကြောင်း သိရှိရပါတယ်။ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့မှ ငှက်ပျောစိုက်ပျိုးတင်ပို့သည့် ကုမ္ပဏီ ၂၀ ကျော် ရှိကြောင်း သိရှိရပါတယ်။

တစ်သျှူးငှက်ပျော စိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ စိုက်ပျိုးမြေများငှားရမ်းခများ၊ တရုတ်နိုင်ငံသား ဝင်/ထွက်မှုမှ ရရှိသည့် အခများ၊ တစ်သျှူးငှက်ပျောတင်ယာဉ်များ ဝင်/ထွက်မှုများမှ ရရှိသည့် အခများ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ ရရှိလျက်ရှိပါတယ်။ အဓိကစိုက်ပျိုးသည့်ငှက်ပျောမှာ တစ်သျှူး ငှက်ပျောဖြစ်ပြီး ပါရှီးငှက်ပျော ၊ ဝီနီစီ B6၊ ဘရားဇီးမျိုးရင်းတို့လည်း စိုက်ပျိုးလျက်ရှိပါပါတယ်။ အများဆုံးစိုက်ပျိုးသည့် တစ်သျှူးငှက်ပျောပင်များကို ဧပြီလတွင် စတင်စိုက်ပျိုးပြီး နောက်တစ်နှစ် ဇူလိုင်လခန့်တွင် စတင်ထွက်ရှိကာ တစ်သျှူးငှက်ပျော တစ်ပင်လျှင် ငါးဖီး မှ ရှစ်ဖီးခန့်အထိ ထွက်ရှိလျက်ရှိကြောင်း အောက်တိုဘာလနှင့် နိုဝင်ဘာလလောက်တွင် စတင်ခုတ်သိမ်းပြီး စိုက်ပျိုး တစ်ဧကလျှင် တစ်သျှူးငှက်ပျော ၁၃ တန်မှ ၁၄ တန်ထိ ထွက်ရှိလျက်ရှိကြောင်း သိရှိရပါတယ်။

တစ်သျှူးငှက်ပျောဈေးနှုန်းအနေဖြင့် 1 kg လျှင် FOB ဈေးနှုန်း ၆၀၀ ကျပ်ရှိသဖြင့် တစ်တန်လျှင် ကျပ်ခြောက်သိန်းဝန်းကျင်ရရှိကာ တစ်ဧကလျှင် ကျပ်သိန်း ၇၀ အထက်ရရှိလျက်ရှိကြောင်း သိရပါတယ်။ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် အလုပ်သမားခ၊ မျိုးဖိုး၊ ဓာတ်မြေဩဇာ၊ အထွေထွေကုန်ကျစရိတ်အနေဖြင့် ကျပ်သိန်း ၄၀ ဝန်းကျင်ခန့်ရှိကြောင်း သိရှိရပါတယ်။ တစ်ဧကအမြတ်ငွေရရှိမှုအနေဖြင့် ကျပ်သိန်း ၃၀ ဝန်းကျင်ခန့်ရရှိလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။

တစ်သျှူးငှက်ပျောများအား ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစတင်ပြီး စမ်းသပ်စိုက်ပျိုးတင်ပို့လျက်ရှိရာ တစ်သျှူးငှက်ပျောတင်ပို့မှုအနေဖြင့် အောက်ပါအတိုင်း တင်ပို့လျက်ရှိကြောင်း သိရှိရပါတယ်-

| စဉ် | ဘဏ္ဍာနှစ် | တန်ချိန် | တန်ဖိုး(ဒေါ်လာသန်း) |
|---|---|---|---|
| (၁) | ၂၀၁၀-၂၀၁၁ | ၅၁၄၀၀ | ၅·၈၄၅ |
| (၂) | ၂၀၁၁-၂၀၁၂ | ၂၅၈၈၀ | ၃·၁၄၆ |
| (၃) | ၂၀၁၂-၂၀၁၃ | ၅၁၂၉ | ၀·၈၄၀ |
| (၄) | ၂၀၁၃-၂၀၁၄ | ၂၆၄၀၅ | ၄·၀၄၈ |
| (၅) | ၂၀၁၄-၂၀၁၅ | ၃၃၇၇၀ | ၄·၉၈၂ |
| (၆) | ၂၀၁၅-၂၀၁၆ | ၈၁၃၄၀ | ၂၅·၇၂၉ |
| (၇) | ၂၀၁၆-၂၀၁၇ | ၁၇၆၅၇၀ | ၅၅·၂၂၆ |
| (၈) | ၂၀၁၇-၂၀၁၈ | ၂၆၆၄၅၀ | ၇၈·၈၅၈ |
| (၉) | ၂၀၁၈ ခုနှစ် ဧပြီမှ ဒီဇင်ဘာလထိ | ၂၆၆၃၆၉ | ၈၃·၃၆၇ |

ကန်ပိုက်တီကုန်သွယ်ရေးစခန်းတွင် ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုပိုငွေပြမှုမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း သိရှိရပါတယ်-

| စဉ် | ဘဏ္ဍာနှစ် | ပို့ကုန် (ဒေါ်လာသန်း) | သွင်းကုန် (ဒေါ်လာသန်း) | ကုန်သွယ်မှုပမာဏ (ဒေါ်လာသန်း) | ကုန်သွယ်မှုပိုငွေ (ဒေါ်လာသန်း) |
|---|---|---|---|---|---|
| (၁) | ၂၀၁၆-၂၀၁၇ | ၆၄·၀၉၄ | ၄၂·၄၇၇ | ၁၀၆·၅၇၁ | ၂၁·၆၁၇ |
| (၂) | ၂၀၁၇-၂၀၁၈ | ၈၅·၉၂၅ | ၃၀·၇၁၇ | ၁၁၆·၆၄၅ | ၅၅·၂၀၈ |
| (၃) | ၂၀၁၈ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလထိ | ၈၈·၆၆၈ | ၁၇·၅၄၇ | ၁၀၆·၂၁၅ | ၇၁·၁၂၁ |

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့မှု အားလုံးအနက် တစ်သျှူးငှက်ပျောတင်ပို့မှု ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါတယ်-

| စဉ် | ဘဏ္ဍာနှစ် | စုစုပေါင်းပို့ကုန်တန်ဖိုး (ဒေါ်လာသန်း) | တစ်သျှူးငှက်ပျောတင်ပို့မှု (ဒေါ်လာသန်း) | စုစုပေါင်းပို့ကုန်တန်ဖိုးအပေါ် တစ်သျှူးငှက်ပျောတင်ပို့နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| (၁) | ၂၀၁၆-၂၀၁၇ | ၆၄. ၀၉၄ | ၅၅. ၂၂၆ | ၈၆. ၁၆၄ရာခိုင်နှုန်း |
| (၂) | ၂၀၁၇-၂၀၁၈ | ၈၅. ၉၂၅ | ၇၈. ၈၅၈ | ၉၁. ၇၇၅ရာခိုင်နှုန်း |
| (၃) | ၂၀၁၈ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလထိ | ၈၈. ၆၆၈ | ၈၃. ၃၆၇ | ၉၄. ၀၂၂ရာခိုင်နှုန်း |

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော တင်ပို့မှုမှရရှိသည့် ကြိုတင်ဝင်ငွေခွန် ၂ရာခိုင်နှုန်း ကောက်ခံရရှိမှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁၄၀၀ကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂၁၀၀ကျော်၊ ၂၀၁၈ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ကျပ်သန်းပေါင်း ၃၀၀၀ ကျော် ကောက်ခံရရှိလျက်ရှိကြောင်း သိရှိရပါတယ်။ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ နိုင်ငံတော်အတွက် နှစ်စဉ်ကုန်သွယ်မှု တိုးတက်လာသလို အခွန်အခများ ကောက်ခံရရှိမှုသည်လည်း တိုးတက်ရရှိလျက်ရှိကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်တို့မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများအနေဖြင့် တရုတ်နိုင်ငံအတွင်းရှိ ပြည်နယ်များဖြစ်သည့် ကူမင်း၊ ပေကျင်း၊ ကွမ်တုံ၊ သုံးပိတ်၊ ဟိန်းလုံကျန်၊ ရှီအန်၊ စွေကျုံး၊ ဝုဟန်၊ ထုံချင်း၊ ကျိန်ကျုံး စသည့် ပြည်နယ်များနှင့် တရုတ်ပြည်တစ်နိုင်ငံလုံးသို့ တင်ပို့လျက်ရှိပြီး ရုရှားနယ်စပ်ထိ ရောက်ရှိလျက်ရှိကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံ ကချင်ပြည်နယ် ၊ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့မှ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် တစ်သျှူးငှက်ပျောများသည် ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှတစ်ဆင့် တစ်ဖက်နိုင်ငံ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမှရရှိသည့် အခွန်အခများ၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုများအဖြစ် ငှက်ပျောနှင့်အတူ ဖရဲ၊ ငရုတ်၊ သီးနှံအမယ်များကိုပါ စိုက်ပျိုးထုတ်လုပ်လာခြင်းကြောင့် လုပ်သားများအတွက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များခြင်း ၊ တစ်ဖက်တရုတ်နိုင်ငံမှ စိုက်ပျိုးနည်းပညာသစ်များရရှိခြင်း၊ ကချင်ပြည်နယ်၏ Gross Domestic Product တိုးတက်လာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော သွင်းကုန်အင်အားစုများမှ ရရှိသည့် အခွန်အခများ ၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ ရရှိခြင်း ၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျောများအား နှစ်စဉ် တိုးတက်တင်ပို့မှုများကြောင့် နိုင်ငံတော်အတွက် ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှုပိုငွေများ ရရှိခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိလျက်ရှိကြောင်း တင်ပြလိုက်ရပါတယ်။

# မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ကုန်သွယ်မှုအခြေအနေ

မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွင်းလုပ်ငန်းဆောင်ရွက်နိုင်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၄ သန်း၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၂၅၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒီဇင်ဘာလ လျာထားချက်အနေဖြင့် ပို့ကုန် သုည ဒသမ ၀၂၀သန်း၊ သွင်းကုန် သုည ဒသမ ၀၈၀ သန်း လျာထားခဲ့သော်လည်း သွင်းကုန်အနေဖြင့် မိမိဘက်ဒေါ်လာဈေး တည်ငြိမ်မှုမရှိခြင်းကြောင့် ပြည်တွင်းဝယ်လိုအား လျော့နည်းခဲ့ပါသည်။ ယခုအခါ တစ်ဖက်နိုင်ငံမှ ငရုတ်သီးခြောက်ပိုမိုဝယ်လိုအားမြင့်တက်မှုကြောင့် ပို့ကုန်အနေဖြင့် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ သွင်းကုန်အနေဖြင့်လည်း ပွင့်လင်းရာသီရောက်သဖြင့် ဆောက်လုပ်ရေးသုံးဖြစ်သော ဘိလပ်မြေတင်သွင်းမှုပိုမိုလာမည်ဟု မျှော်မှန်းရပါသည်။

ထိုင်းနိုင်ငံဘက်မှ ကုန်သွယ်မှုတိုးတက်လာနိုင်ရေးအတွက် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆောင်မြို့ကို ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ထားခဲ့ပြီး မယ်စဲ့ကုန်သွယ်ရေးစခန်းကို တရားဝင်နိုင်ငံတော်အဆင့်သတ်မှတ်ပြီး ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

မယ်စဲ့ကုန်သွယ်ရေးစခန်းမှ BP-13 နယ်စပ်ဂိတ်အထိ ၁၅ မိုင် ၄ ဖာလုံလမ်းအား ကတ္တရာလမ်းခင်းခဲ့ပြီး ထိုင်းနိုင်ငံဘက်မှ ဘုရင့်သစ်တောအတွင်း ကျရောက်နေသည့် လမ်းကြမ်း မခင်းရသေးသော ၉ ဒသမ ၇ ကီလိုမီတာအား ထိုင်းနိုင်ငံအစိုးရ၏ ခွင့်ပြုချက်ဖြင့် လမ်းခင်းရန် ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ ထို့ပြင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ကုန်သွယ်နိုင်စေရေးအတွက် နှစ်နိုင်ငံနယ်စပ်ဈေးအား ၂၀၁၉ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

အောင်စိုး (မယ်စဲ့)

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံး နိုင်ငံဖြစ်သည့် Nicaragua နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း လာအို၊ စင်ကာပူ၊ ထိုင်း၊ သီရိလင်္ကာ၊ အီတလီ၊ ကင်ညာ၊ ကူဝိတ်၊ တူရကီနှင့် အီဂျစ်စသည့်နိုင်ငံများအပါအဝင် ၃၇ နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲ ခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံများအနေဖြင့် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ဘရာဇီး၊ ဂရိ၊ ဒိန်းမတ်၊ ဂျာမနီ စသည့်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၆၁နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ၁၀ရာခိုင်နှုန်း မှ ၁၆ ဒသမ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂ဒသမ၅၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၃ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံ တွင် ၉ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် ၁၂ဒသမ၃၀ ရာခိုင်နှုန်း အသီးသီးဈေးနှုန်း ကျဆင်းခဲ့ကြောင်းနှင့် ကျန်ရှိသော အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Portugal နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းထက် ၂ဒသမ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် လာအို၊ စင်ကာပူ၊ သီရိလင်္ကာ၊ အီဂျစ်၊ အီတလီ၊ ကင်ညာ၊ ကူဝိတ်နှင့် တူရကီ စသည့်နိုင်ငံများ အပါအဝင် ၃၇ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဂျပန်၊ တောင်ကိုရီးယား၊ နီပေါ၊ ပါကစ္စတန်၊ တရုတ်၊ ဘရာဇီး၊ နယ်သာလန်၊ ဂရိ၊ ဒိန်းမတ်နှင့် ဂျာမနီစသည့်နိုင်ငံတို့အပါအဝင် ၆၃ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ် ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ဈေးနှုန်းမြင့်တက်ခဲ့ပြီး အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ဈေးနှုန်းကျဆင်းနေခဲ့ကြောင်းနှင့် ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါ သည်။ ဖိလစ်ပိုင်နိုင်ငံသည် ၇ဒသမ၉၀ ရာခိုင်နှုန်းဖြင့် ယခုတစ်ပတ်၏ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် Global Petrol Prices Website ၌ဖော်ပြထား ရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓါတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓါတ်ဆီ ဈေးနှုန်း ၁

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၄ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၉ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၉ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၆ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅မှတ် ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၄ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅မှတ် ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့် လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်မှာ ဈေးအနည်းငယ်ကျဆင်းသွားပြီး၊ ဧည့်မထ ၂၅မှတ် နှင့် ပေါင်းဆန်တို့မှာ ဈေးနှုန်းတည်ငြိမ်နေလျက်ရှိပြီး ဧည့်မထ ၅မှတ် ဆန်မှာ ဈေးနှုန်းအနည်းငယ် မြင့်တက်သွားကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံတို့တွင် ဧည့်မထ ၂၅မှတ် ဆန်ဈေးနှုန်းမှာ တည်ငြိမ် နေပြီး၊ ဧည့်မထ ၅မှတ် ဆန်ဈေးနှုန်းများ ဈေးအနည်းငယ် ကျဆင်းခဲ့ပြီး ပါကစ္စတန်နိုင်ငံ၏ ဧည့်မထ ၂၅မှတ် နှင့် ၅မှတ် ဆန် ဈေးနှုန်းမှာ ဈေးအနည်းငယ်တက်သွားကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်နှင့် ပေါင်းဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၁၈ ခုနှစ်တွင် ဆန်တန်ချိန် ၁၁ သန်းခန့် တင်ပို့နိုင်မည်ဟု မျှော်မှန်းခဲ့သော်လည်း ၂၀၁၉ ခုနှစ်၌ ဈေးကွက်ယှဉ်ပြိုင်မှုများ ပြင်းထန်လာခြင်းကြောင့် ဆန်တန်ချိန် ၁၀ သန်းသာ ရှိနိုင်လိမ့်မည်ဟု ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များ အသင်းက ခန့်မှန်းထားကြောင်းသိရှိရပါသည်။ ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းသည် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ ဦးဆောင်သော ဆန်စပါးမူဝါဒနှင့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအပြီးတွင် ၎င်းခန့်မှန်းချက်ကို ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းနိုင်ငံသည် ဒီဇင်ဘာလဆန်းအထိ ဆန်တန်ချိန် ၁၀ ဒသမ ၂ သန်း တင်ပို့ထားပြီး ဒီဇင်ဘာလအတွင်း တန်ချိန်ကိုးသိန်းတင်ပို့မည်ဟု ခန့်မှန်းထားရာ တစ်နှစ်တာဆန်တင်ပို့မှုမှာ မျှော်မှန်းချက်အတိုင်း တန်ချိန် ၁၁ သန်း ရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံများစာရင်းတွင် ဆန်အမှတ်တံဆိပ် တစ်သမတ်တည်းမရှိဘဲ ဆယ်စုနှစ်များစွာ ရပ်တည်ခဲ့သော ဗီယက်နမ်နိုင်ငံသည် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုဖြင့် နိုင်ငံတော်အမှတ်တံဆိပ်တစ်ခုအဖြစ် တရားဝင်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ တရားဝင် ဆန်အမှတ်တံဆိပ်ရရှိမှုသည် ဗီယက်နမ် ဆန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုအတွက် အလှည့်အပြောင်းတစ်ခု ဖြစ်စေလိမ့်မည်ဟု ပညာရှင်များက သုံးသပ်ပြောကြားကြပါသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်တင်သွင်းမှု ပမာဏကို ကျော်ဖြတ်ကာ ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံစာရင်းများတွင် ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ တတိယနေရာသို့ လျော့ကျလာခဲ့ပါသည်။

ထို့နောက် ၂၀၁၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ဒုတိယဆန်တင်ပို့မှုအများဆုံးနေရာကို လက်လွှတ်ခဲ့ရပြီး ကမ္ဘောဒီးယားကဲ့သို့သော နိုင်ငံများနှင့် ပါ ဆန်အရည်အသွေးပိုင်း ယှဉ်ပြိုင်လာခဲ့ရပါသည်။ ထိုသို့သော မသေချာမှုများကြောင့် ဗီယက်နမ် ဆန်လုပ်ငန်းအနေဖြင့် ဆန်အမှတ်တံဆိပ် ထူထောင်ရေးကို အလေးအနက်ထားလာခဲ့ပြီး ဗီယက်နမ်ဝန်ကြီးချုပ်သည် ဆန်တင်ပို့မှု ထိပ်သီးစာရင်းတွင် အဆင့်ပြန်တက်လာစေရန် ၂၀၁၅ ခုနှစ်၊ မေလတွင် ဗီယက်နမ်ဆန် အမှတ်တံဆိပ်ထူထောင်ရေး စီမံချက်ကို စတင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊နှစ်ကုန်ပိုင်း၌ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဗီယက်နမ် ဆန်အတွက် တရားဝင် Logo တစ်ခုကိုရွေးချယ်ခဲ့ပြီး ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ထံမှ အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်အမှတ် ရယူနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဆန်ထုတ်ကုန်အားလုံးမှာ သတ်မှတ်အရည်အသွေးမမီပါက ဆန်အမှတ်တံဆိပ် အသုံးပြုခွင့်ရရှိမည် မဟုတ်ခြင်းကြောင့် ဆန်အမှတ်တံဆိပ် ရရှိပြီးနောက် ဆန်လုပ်ငန်းတွင် မည်သို့ပြောင်းလဲလာမည်ကို လေ့လာရန်လိုအပ်ပြီး ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် ဆန်ထုတ်လုပ်မှုလုပ်ငန်းအတွက် အကျိုးဖြစ်စေမည့် စီမံချက်တစ်ခုဖြစ်သည်ကို လေ့လာသိရှိရပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ကုန်သွယ်ရေးစစ်ပွဲ ရက် ၉၀ ကြာ ပြေငြိမ်းရန် သဘောတူထားပြီးနောက် ယခုအခါ တရုတ်အစိုးရသည် အမေရိကန်မှ ဆန်တင်သွင်းမှုကို ပထမဆုံးအနေဖြင့် တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတတို့သည် ဒီဇင်ဘာ ၁ ရက်က တွေ့ဆုံခဲ့ပြီး ကုန်သွယ်ရေး သဘောတူညီချက်အတွက် ရက် ၉၀ ကြာ ညှိနှိုင်းဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။ တရုတ်နိုင်ငံ အနေဖြင့် အမေရိကန်နိုင်ငံမှ လယ်ယာထွက်ကုန်စည်များအား တိုးမြှင့်ဝယ်ယူရေးသည်လည်း သဘောတူညီမှုတွင် ပါဝင်ခဲ့ပြီး ခေါင်းဆောင်နှစ်ဦး တွေ့ဆုံပြီးနောက်ပိုင်း တရုတ်က အမေရိကန်ထံမှ ပဲပုပ်တန်ချိန် ၁ ဒသမ ၅ သန်းကျော် ဝယ်ယူခဲ့သည်ကို သိရှိရပါသည်။

အမေရိကန်နိုင်ငံအတွက် တရုတ်ဆန်ဈေးကွက် ဖွင့်လှစ်ပေးရေးဆွေးနွေးမှုများကို ဆယ်စုနှစ်တစ်ခုကျော် အကြာကတည်းက စတင်ခဲ့ပြီး တရုတ်သည် ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း ဆန်လိုအပ်ချက် မြင့်တက်လာခဲ့သော်လည်း အပင်ဓာတ်ကွင်းစစ်ဆေးရေး ပရိုတိုကောများ မရှိခြင်းမှာ သွင်းကုန်ကို ကြန့်ကြာစေခဲ့သည်ဟု USA Rice အဖွဲ့က ပြောကြားခဲ့ပါ သည်။ တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ဆန်တန်ချိန် ငါးသန်းတင်သွင်းခဲ့ကြောင်း အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပြီး အမေရိကန်ကလည်း နှစ်စဉ် ဆန်တန်ချိန် သုံးသန်းမှ လေးသန်းအထိ တင်ပို့နေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။ တရုတ်ဈေးကွက်တွင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဆန်ကို အဓိကရောင်းချလျက်ရှိရာ အမေရိကန်၏ဈေးကွက်ပြိုင်ဘက်များ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်သိရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက်အခြေအနေဖြင့် ရန်ကုန်ဆန် ဈေးကွက်အတွင်း ယခုတစ်ပတ်တွင်

**စာမျက်နှာ ၁၇ သို့**

## စာမျက်နှာ (၁၅) စက်သုံးဆီ . . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

စက်သုံးဆီဈေးသည် ဈေးတည်ငြိမ်မှုမရှိဘဲ နေ့စဉ်နီးပါးကျဆင်းနေပြီး အမြင့်ဈေးနှုန်းဖြင့် ဝယ်ယူထားရသူများ အရှုံးပေါ်လျက်ရှိကြောင်း စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်အချို့ထံမှ သိရှိရပါသည်။ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းများသည် ဈေးအတက်/အကျ တစ်ရှိန်ထိုး ဖြစ်ပေါ်ပါက ငွေကြေးဆုံးရှုံးနစ်နာမှုများကြုံတွေ့ရလေ့ရှိပြီး ဈေးနှုန်းတည်ငြိမ်မှသာလျှင် အကျိုးအမြတ် ခံစားရမည်ဖြစ်သည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလက စက်သုံးဆီ ရောင်းဝယ်ရေး သမိုင်းတစ်လျှောက် အမြင့်ဆုံးနှုန်းထားရောက်ရှိခဲ့ရာမှ ဌင်းလကုန်ပိုင်းမှစတင်၍ ဆက်တိုက်ဈေးကျဆင်းခဲ့သည်ကို သိရှိရပါသည်။

အောက်တိုဘာလလယ်ပိုင်းတွင် အောက်တိန်း ၉၂ တစ်လီတာ လျှင် ၁၀၆၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ၁၁၁၅ ကျပ်အထိရောက်ရှိခဲ့ရာမှ တဖြည်းဖြည်း ဈေးနှုန်းဆက်တိုက် ကျဆင်းလာခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်အထိုင် ဈေးကွက်၌ အောက်တိန်း 92 တစ်လီတာ လျှင် ၆၈၀ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၇၇၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၈၇၀ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၈၈၀ ကျပ်အထိ ကျဆင်းသွားကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် နှစ်လကျော်အတွင်း အောက်တိန်း 92 တစ်လီတာလျှင် ၃၈၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၃၄၀ ကျပ်၊ ဒီဇယ်နှင့် ပရီမီယံတစ်လီတာလျှင် ၂၂၅ ကျပ်ခန့်စီ ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေး များအရ ဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာလျှင် ကျပ် ၆၉၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာ လျှင် ၇၉၀ ကျပ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ လေ့လာသိရှိရပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) ဈေးနှုန်းများမှာ အနည်းငယ် ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော လာအို၊ စင်ကာပူနှင့် သီရိလင်္ကာနိုင်ငံများ၏ ဈေးနှုန်းများမှာတည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ကျဆင်းနေကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံများ တွင် ၁ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံတွင် ၆ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် ၄ ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံတွင် ၃ရာခိုင်နှုန်း၊ တောင်အမေရိကနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့တွင် ၁ ရာခိုင်နှုန်းထိ အသီးသီးဈေးနှုန်းကျဆင်းခဲ့ပြီး www.orglobalpetrolprices.com မှစစ်တမ်းရယူခဲ့သည့် နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် နိုင်ငံပေါင်း ၆၁ နိုင်ငံတွင် ဈေးနှုန်းကျဆင်းခဲ့ပြီး နိုင်ငံပေါင်း ၃၇ နိုင်ငံတွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ၁၃ နိုင်ငံတွင်သာ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဇန်နဝါရီ ၃ | ဇန်နဝါရီ ၇ | ဇန်နဝါရီ ၈ | ဇန်နဝါရီ ၉ | ဇန်နဝါရီ ၁၀ | ဇန်နဝါရီ ၃ | ဇန်နဝါရီ ၇ | ဇန်နဝါရီ ၈ | ဇန်နဝါရီ ၉ | ဇန်နဝါရီ ၁၀ |
| ၁ | မြစ်ကြီးနား | ၃၇၀၀ | ၃၆၄၅ | ၃၆၄၅ | ၃၆၄၅ | ၃၆၄၅ | ၄၂၈၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၂ | လားရှိုး | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ | ၄၁၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၄ | တောင်ကြီး | ၃၄၅၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၁၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၅ | လွိုင်ကော် | ၄၃၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၆ | ဘားအံ | ၃၂၄၀ | ၃၁၉၅ | ၃၁၉၅ | ၃၂၄၀ | ၃၂၆၂ | ၄၀၇၃ | ၄၀၇၃ | ၄၀၇၃ | ၄၁၁၈ | ၄၁၄၀ |
| ၇ | မော်လမြိုင် | ၃၇၈၀ | ၃၆၅၀ | ၃၆၅၀ | ၃၇၁၂ | ၃၇၁၂ | ၄၂၃၀ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ |
| ၈ | ထားဝယ် | ၃၆၄၅ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၀၉၅ | ၄၁၁၇ | ၄၁၁၇ | ၄၁၁၇ | ၄၁၁၇ |
| ၉ | မြိတ် | ၃၆၀၀ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၄၆ | ၄၀၄၆ | ၄၀၄၆ | ၄၀၂၃ | ၄၀၂၃ |
| ၁၁ | ပုသိမ် | ၃၇၈၀ | ၃၆၀၀ | ၃၆၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၇၅ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၂ | စစ်တွေ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၃၉၆၀ | ၃၉၆၀ | ၃၉၆၀ | ၃၉၂၀ | ၃၉၂၀ |
| ၁၃ | ဟားခါး | ၄၃၆၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၅၇၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၅ | မန္တလေး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၆ | ပခုက္ကူ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၀၀၀ | ၃၉၀၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၀၅၀ | ၃၉၅၀ |
| ၁၇ | မကွေး | ၃၃၅၀ | ၃၂၅၀ | ၃၂၅၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၅၀ | ၄၁၆၀ | ၄၁၆၀ | ၄၂၃၀ | ၄၂၃၀ |
| ၁၈ | ပြည် | ၃၆၀၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၄၃၀၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ |
| ၁၉ | ပဲခူး | ၃၃၅၀ | ၃၂၀၀ | ၃၂၀၀ | ၃၂၀၀ | ၃၂၀၀ | ၄၁၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၀၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၄၂၅၃ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ |
| ၂၁ | နေပြည်တော် | ၃၆၀၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၄၂၅၃ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ |
| ၂၂ | ကလေး | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဆန်အရောင်းအဝယ် အေးနေကြောင်း ရန်ကုန်မြို့၊ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်မှ သိရှိရပါသည်။ ယခုတစ်ပတ် ဆန်ဈေးကွက်အတွင်း၌ ဆန်ချောနှင့်အတူ ဆန်ကြမ်းများပါ အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းများလည်း အပြောင်းအလဲမရှိကြောင်း သိရှိရပါသည်။ ယခုကာလသည် ဆန်သစ်ပေါ်ချိန်ဖြစ်သည့်အတွက် ဈေးကွက်အတွင်းသို့ ဆန်ဝင်ရောက်မှုအခြေအနေမှာ ပုံမှန်အခြေအနေဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသမှ ကြိတ်ခွဲထုတ်လုပ်သည့်ဆန်သစ်များလည်း အပတ်စဉ် ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာ-ထိုင်းနယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၁၀ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ် နှုန်းရှိပြီး၊ ဧည့်မထဆန် တစ်အိတ်လျှင် ၂၅၂၀၀ ကျပ်ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ် ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၁၀. ၁. ၂၀၁၉ နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၂၅ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန် ၂၅မှတ် တစ်အိတ်လျှင် ၂၂၉၅၀ ကျပ် မှ ၂၃၁၇၅ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ် ပြန်တက်ခဲ့ ကြောင်းလေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၀၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀သန်း၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ ဒသမ ၀၀၀ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီရီးယား ၃ ဒသမ ၀၀၀ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း ၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ ဒသမ ၀၀၀ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၇၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၄-၁-၂၀၁၉ မှ ၁၀-၁-၂၀၁၉ အတွင်းဖြစ်ပေါ်နေသောဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၇.၁.၂၀၁၉ | ၈.၁.၂၀၁၉ | ၉.၁.၂၀၁၉ | ၁၀.၁.၂၀၁၉ |
| ၁ | ဗီယာ | ၅ | ၂၀၆၀၀ | ၂၀၄၀၀ | ၂၀၄၀၀ | ၂၀၃၀၀ |
| ၂ | ဗီယာ | ၁၀ | ၂၀၂၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| ၃ | ဗီယာ | ၂၅ | ၁၈၉၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၇၀၀ |
| ၄ | ဗီယာ | ၃၅ | ၁၈၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၄၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၇၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၃၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၀၃၀၀ | ၂၀၀၀၀ | ၂၀၁၀၀ | ၂၀၀၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၈၉၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၇၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၄၀၀ |
| ၉ | ငစိန် | ၅ | | | | |
| ၁၀ | ငစိန် | ၂၅ | | | | |
| ၁၁ | ငစိန် | ၃၅ | | | | |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၄၂၅ ကျပ်ဖြင့် အမြင့်ဆုံး ဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့နှင့် ပြည်မြို့တို့တွင် ဧည့်မထဆန်သစ် တစ်ပြည်လျှင် ၉၅၀ ကျပ်ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါ သည်-

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့်နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့်ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြင့်တင်ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၆၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယအပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၃.၁.၂၀၁၉ | ၇.၁.၂၀၁၉ | ၈.၁.၂၀၁၉ | ၉.၁.၂၀၁၉ | ၁၀.၁.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) |
| ၄ | တောင်ကြီး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၅ | လွိုင်ကော် | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) |
| ၆ | ဘားအံ | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၇ | မော်လမြိုင် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၈ | ထားဝယ် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၉ | မြိတ် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၀ | ရန်ကုန် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၁ | ပုသိမ် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၁၀၀၀(သစ်) |
| ၁၂ | စစ်တွေ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၃ | ဟားခါး | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၁၈၀၀(သစ်) | ၁၈၀၀(သစ်) | ၁၈၀၀(သစ်) | ၁၈၀၀(သစ်) |
| ၁၅ | မန္တလေး | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၆ | ပခုက္ကူ | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) |
| ၁၇ | မကွေး | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၈ | ပြည် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၉ | ပဲခူး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၀ | ပျဉ်းမနား | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၁ | နေပြည်တော် | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၂၂ | ကလေး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |




အမှတ်(၈၇၇/၈၈၀)၊ သုမန(၃)လမ်း၊ (၁၆/၄)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့ ။
ဖုန်း - ၀၉ ၄၁၀၀၇၁၈၄၊ ၀၉ ၂၅၀၀၀၀၆၄၅
E-mail : myanmarmingalarsaneain@gmail.com

**Welcome to Dagon Seik-kan International Logistic Services Co. Ltd**

© 2019 DIL, All Rights Reserved.








Address : No 75/76, Corner of Pounnami Road & Shweli Road,Dagon Seikkan Tsp, Yangon, Myanmar.
Tel : (+951)3593633, (+959)425297892, (+959)5009099, (+959)43105336, (+959)250684032.
Fax : (+951)3593633
Email : office@dilmyanmar.com, containerdepot@dilmyanmar.com, contact@dilmyanmar.com, dillogistics@gmail.com.

လူကြီးမင်းတို့၏ တန်ဖိုးကြီးကုန်ပစ္စည်းများ တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ရာတွင် မမျှော်လင့်သော
ဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် စိတ်အေးနေစေရန်




MADE IN ITALY
PEDROLLO
... the spring of life

အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး



**Uni Trade Yangon Limited**

Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011

Fax-01-663524 Email: uamutm@myanmar.com.mm

Vol: 19, No.2 Monday January 14 2019



# ကချင်ပြည်နယ်မှ စိုက်ပျိုးသော တစ်သျှူးငှက်ပျော

♦ မြမြမွန် (ကချင်မြေ) ♦

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ဘက်ဆုံးတွင် တည်ရှိ၍ အရှေ့ဘက်နှင့် မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့်စစ်ကိုင်းတိုင်းဒေသကြီး၊ တောင်ဘက်တွင် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့နှင့် နယ်နမိတ်ဆက်စပ်လျက်ရှိ၍ ဒေသထွက် ကုန်ပစ္စည်းများကို ပြည်နယ်အတွင်းရှိ မြို့များနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ တင်ပို့ရောင်းချခြင်း၊ ကန်ပိုက်တည်နှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းဖြင့် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကချင်ပြည်နယ်သည် တောတောင်ရေမြေသဘာဝ အလွန်ကောင်းမွန်ပြီး မြေပေါ်မြေအောက် သယံဇာတများ ပေါများသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် စပါးကို အဓိကစိုက်ပျိုးကြပြီး ပဲပုတ်၊ အစေ့ထုတ်ပြောင်း၊ မြေထောက်ပဲ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်စားဖိုချောင် သီးနှံများအပြင် ငှက်ပျောကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပါသည်။

ငှက်ပျောမျိုးများအနေဖြင့် ဒေသငှက်ပျောမျိုးနှင့် တစ်သျှူးငှက်ပျောမျိုးများကို စိုက်ပျိုးကြပြီး ဒေသခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီကြီးများကို မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ စိုက်ပျိုးလုပ်ကိုင်ခွင့်များ ချထားပေးခဲ့ရာ ၂၀၀၇ ခုနှစ်ခန့်မှစ၍တစ်သျှူးငှက်ပျောမျိုးကို စတင်စိုက်ပျိုးခဲ့ကြပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကြပါသည်။

တစ်သျှူးငှက်ပျောသီးအရောင်မှာ အစိမ်းရောင်ဖျော့ဖျော့ရှိပြီး အသားနူးညံ့ကာ အနံ့မွှေး၍ ချိုစိမ့်သောအရသာရှိပါသည်။ငှက်ပျော ၁ ခိုင်တွင် ၁၀ ဖီးကျော်အထိရှိပြီး ဈေးကွက်ဝင်စံချိန်မီသည့် ၆ ဖီးမှ ၉ ဖီးခန့်သာထားရှိကာ ကျန်အသီးများကို ခုတ်ပယ်ပစ်ရပါသည်။ ငှက်ပျောဖီး ၁ ဖီးတွင် အလုံး ၂၀ မှ ၂၅ လုံးခန့်ထိ ပါဝင်၍ ငှက်ပျောသီး ၁ လုံး၏အရှည်မှာ ၁၀ လက်မမှ ၁၂ လက်မခန့် ထိရှိပြီး အသီးလုံးပတ်မှာ ၅ လက်မဝန်းကျင်ခန့်ရှိပါသည်။အလေးချိန် အားဖြင့် ငှက်ပျော ၁ ဖီးလျှင် ၂ ကီလိုဂရမ်မှ ၃ ကီလိုဂရမ်ခန့်ရှိ၍ မြေအမျိုးအစားပေါ်မူတည်ပြီး ငှက်ပျော ၁ ခိုင်လျှင် ၁၈ ကီလို ဂရမ် မှ ၂၂ ကီလိုဂရမ်အထိရှိပြီး တစ်ဧကလျှင် ပျမ်းမျှ ၁၄ တန်မှ ၁၅ တန်အထိ ထွက်ရှိပါသည်။

ပထမနှစ်စတင်စိုက်ပျိုးသည့် ပင်မအပင်မှ ငှက်ပျောခိုင်ခုတ်ယူပြီးနောက် ချန်လှပ်ထားသည့် သားတက်ပင်၏ ရေလိုအပ်ချက်ရရှိစေရန် ပင်မအပင်အား ၆ ပေချန်၍ ခုတ်ပစ်ရပါသည်။အလားတူဒုတိယနှစ်တွင် ၎င်းမှတစ်ဖန် ပြန်ထွက်လာသော သားတက်များမှ သန်စွမ်းသော သားတက်တစ်ပင်သာ ချန်၍ ကျန်သားတက်များကို ခုတ်ပစ်ရပါသည်။ တစ်သျှူးငှက်ပျောတစ်ကြိမ်စိုက်ပျိုးပါက ပင်မပင်နှင့် လမိုင်းသားတက်ပင် ၅ ကြိမ်အထိ ဈေးကွက်ဝင်အသီးများ ရရှိနိုင်ပြီး ၆ နှစ်ကျော်ပါက အခင်းသစ် ပြန်လည်စိုက်ပျိုးရန် လိုအပ်ပါသည်။ ဒုတိယနှစ်မှစ၍ ထွက်ရှိသော ငှက်ပျောသီးများသည် ပထမနှစ်ထက် အလုံးပိုမိုကြီးထွားမှုရှိပါသည်။

တစ်သျှူးငှက်ပျောမျိုးမှာ ပင်ရင်းဘရာဇီးမျိုးဖြစ်၍ တရုတ်နည်းပညာဖြင့် ပြန်လည်ပြုပြင်ထားသော မျိုးဖြစ်ပါသည်။တရုတ်ဘာသာအခေါ် ရှန်ကျောင်းဟုခေါ်၍ သီးမွှေးငှက်ပျောဟု အဓိပ္ပာယ်ရရှိပါသည်။ ငှက်ပျောမျိုးပင်များကို လိုင်ဇာမှတဆင့် သယ်ဆောင်လာပြီး ရှန်ဒန်ပါဒေသတွင် စတင် စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်၊ မေလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များအကူအညီဖြင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုအနေဖြင့် ဧက ၃၀၀ ကို စတင်စမ်းသပ်စိုက်ပျိုးခဲ့ပါသည်။ နှစ်အလိုက် ဆက်လက်တိုးချဲ့စိုက်ပျိုးခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ စိုက်ပျိုးမှုဧရိယာမှာ ၆၃၃၉၃ ဧကရှိပါသည်။ ကချင်ပြည်နယ်တွင်ခရိုင်(၄)ခုရှိသည့်အနက် တရုတ်နိုင်ငံနှင့်နယ်နမိတ်ချင်း ထိစပ်နေသည့် မြစ်ကြီးနားခရိုင်တွင် ၅၀၉၂၃ ဧက နှင့် ဗန်းမော်ခရိုင်တွင် ၁၂၄၇၀ ဧက စိုက်ပျိုးလျက်ရှိပါသည်။

တစ်သျှူးငှက်ပျောသည် အခြေခံအားဖြင့် ပူနွေးစွတ်စိုသည့် ရာသီဥတုကို ကြိုက်နှစ်သက်ပြီး အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်အတွင်း ကောင်းစွာ ဖြစ်ထွန်းပါသည်။ပျမ်းမျှ အပူချိန် ၂၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ်နှင့် ပျမ်းမျှ မိုးရေချိန် ၄၀ လက်မမှ ၄၇ လက်မ ရရှိပါက ငှက်ပျော စိုက်ပျိုးရန် အကောင်းဆုံးဖြစ်ပါသည်။ ဆီးနှင်းကျခြင်း၊ လေပူများ အရှိန်ပြင်းစွာ တိုက်ခိုက်ခြင်းနှင့် အပင် ခြေရေဝပ်ခြင်းများသည် ငှက်ပျောစိုက်ခင်းကို ပျက်စီးစေနိုင်ပါသည်။ တစ်သျှူးငှက်ပျောစိုက်ပျိုးရန် မြေသည် မြေသားနက်ရှိုင်းပြီး ရေစီးစိမ့်မှုကောင်းသော၊ မြေဆီဩဇာပြည့်စုံသော နုန်းမြေသည် အကောင်းဆုံးဖြစ်ပါသည်။ငှက်ပျောတွင် အမြစ်ဇုန်မှာ အကန့်အသတ်ဖြင့် ကြီးထွားသဖြင့် မြေသားထုနှင့် ရေစီးဆင်းမှုသည် အရေးကြီးပါသည်။ အနည်းငယ်ချဉ်သောမြေ (PH အနည်းငယ်မြင့်သောမြေ)တွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော်လည်း ဆားဓါတ်ပါဝင်မှု ၀ ဒသမ ၀၅ ရာခိုင်နှုန်းထက်များသော ဆားပေါက်မြေတွင် စိုက်ပျိုးရန်မသင့်တော်ပါ။

စိုက်ပျိုးမည့်မြေအနေအထားပေါ်မူတည်၍ ပင်ကြား၊ တန်းကြား သတ်မှတ်ပြီး စိုက်ကျင်းများကို ၂ ပေ ပတ်လည်နှင့် အနက် ၂ ပေတူးရပါသည်။ စိုက်ကျင်းထဲသို့ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ရောစပ်မြေနှပ်ထားပြီး စိုက်ကျင်းပြုပြင်၍ စိုက်ခင်းမြေအနေအထားအရ လိုအပ်ပါက စိုက်ခင်း ပတ်လည်တွင် ခြံစည်းရိုးသဖွယ် ရေနုတ်မြောင်းများကို အကျယ် ၃ ပေခန့်၊ အနက် ၅ ပေခန့် တူးရန် လိုအပ်ပါသည်။

ရာသီဥတုပြင်းထန်သော ဆောင်းရာသီနှင့် မိုးရွာသွန်းမှုများသော ကာလမှလွဲ၍ စိုက်ပျိုးနိုင်ပါသည်။ တစ်သျှူးငှက်ပျောမျိုးများကို ဇန်နဝါရီလမှ မတ်လအတွင်း ပျိုးထောင်နိုင်ပြီး ပျိုးသက် ၃ လခန့်ရှိသောအခါ ပျိုးပင်ပေါက်ကလေးများကို ဧပြီလမှ ဇွန်လအတွင်း စတင်စိုက်ပျိုးရပါသည်။ ပင်ကြား၊ တန်းကြား ၈ ပေခန့်နှင့် တစ်ဧကလျှင် အပင်ဦးရေ ၇၅၀ မှ ၈၀၀ အထိ စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရာတွင် (၇ - ၁၀ )ရက်ကြာမြေနှပ်ထားသော စိုက်ကျင်းထဲသို့ ငှက်ပျောပျိုးပင်၏ မျက်စေ့အား တစ်ပင်နှင့်တစ်ပင် မျက်နှာချင်းဆိုင်ထား၍ စိုက်ပျိုးရပါသည်။ ထိုသို့စိုက်ပျိုးခြင်းဖြင့်ငှက်ပျောခိုင်များ မျက်နှာချင်းဆိုင်လှည့်၍ သီးနိုင်ခြင်းကြောင့် နေလောင်မှုဒဏ်အား ခံနိုင်ရည်ရှိမည့်အပြင် ငှက်ပျောခိုင်အား ပြုစုခြင်း၊ အိတ်စွပ်ခြင်း၊ သီးခိုင်ခုတ်ခြင်း ကိစ္စရပ်များနှင့် အလုပ်သမားများအတွက်လည်း လုပ်ငန်းထိရောက် အချိန်ကုန်သက်သာအကျိုးရှိစေမည်ဖြစ်ပါသည်။ငှက်ပျောစိုက်ခင်းများကို ရေသွင်းရာတွင် မြေအမျိုးအစားနှင့် ရာသီဥတုပေါ်မူတည်၍ ရေသွင်းချိန်ကွာခြားပါသည်။ ဒီဇင်ဘာလမှ ဇွန်လ အတွင်း ပုံမှန်အားဖြင့် ၁၀ ရက်ခြားတစ်ကြိမ် ရေသွင်းပေးရန် လိုအပ်ပါသည်။ အထွက်နှုန်းမြင့်မားစေရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကျွေးခြင်းကို စိုက်ပျိုးပြီး (၃၀)ရက်၊ (၇၅)ရက်၊ (၁၂၀)ရက်နှင့် (၁၆၅) ရက်ခြား၍ အကြိမ်ကြိမ်ခွဲကျွေးပေးရပါမည်။

ငှက်ပျောစိုက်ပျိုးပြီ ၇ လခန့်တွင် ငှက်ပျောဖူးထွက်ပြီး ရက်သတ္တပတ်ခန့်အကြာတွင် ငှက်ပျောဖီး အခိုင်ထွက်ပါသည်။အသီးထွက်နှုန်းကောင်းစေရန် ပင်မအပင်မှ ငှက်ပျောဖူးထွက်ချိန်တွင် သန်စွမ်းသော သားတက်တစ်ပင်သာချန်၍ ကျန်သားတက်များကို ခုတ်ပယ်ပစ်ရန် လိုအပ်ပါသည်။ ရက်ပေါင်း ၃၀ အတွင်း အခိုင်အဖီးများ စုံပြီးနောက် အဖူးအား ဖြတ်ခုတ်ဖယ်ပစ်ပေးရပါသည်။ ငှက်ပျောခိုင်တွင် စံချိန်မီ အဖီး ၆ ဖီးမှ ၈ ဖီး ၊ ၉ ဖီးခန့် ချန်လှပ်၍ ကျန်အဖီးများကို ဖယ်ထုတ်ပစ်ခြင်း၊ ငှက်ပျောသီး ထိပ်ရှိ ချက်ကလေးများအား ခူးချွေပေးခြင်းများ ဆောင်ရွက်ပေးရပါသည်။ အသီးမနာစေရန်နှင့် အသီးကွေးပြီး အဖီးလှပစေရန် ၁ ဖီးနှင့် ၁ ဖီးကြား ဖော့ဖြူများ ကြားညှပ်ခံပေးရပါသည်။ အအေးဒဏ်ခံရပါက ငှက်ပျောသီးများ အလုံးကြီးထွားမှုကို နှေးကွေးစေသောကြောင့် ရာသီဥတုပေါ်မူတည်၍ အအေးဒဏ်ခံနိုင်ရန်နှင့် ပိုးမွှားများအန္တရာယ်နှင့် အခြားရောဂါများ မကူးစက်စေရန် ငှက်ပျောခိုင်များအား စက္ကူနှင့် ဖော့အဖြူပါး တစ်ထပ်ပတ်၍ ၎င်းအပေါ်မှ ပလပ်စတစ်အပြာရောင်အိတ်ကို ၁ ထပ်မှ ၃ ထပ်အထိ အောက်ဖွင့်စွပ်ပေးကာ အခိုင်ရိုးတံထိပ်ရှိ အိတ်အဝကို ချည်နှောင်၍ ပိတ်ထားရပါသည်။ ဈေးကွက်လိုအပ်ချက်အရ တောင်းဆိုမှုရှိပါက ငှက်ပျောသီးရင့်မှည့်မှုမှန်ကန်စေရန် အောက်ဖွင့်ထားသော အိတ်အဝကို လုံအောင် ချည်နှောင်ထားပေးရပါသည်။

အပင်သက်တမ်း ၁၂ လခန့်အကြာတွင် သို့မဟုတ် ပလပ်စတစ်အပြာရောင်အိတ်စွပ်ပြီးနောက် ၂ လမှ ၃ လအတွင်း ငှက်ပျောခိုင်အနု/အရင့်ပေါ်မူတည်၍ ဈေးကွက်ဝင်ငှက်ပျောခိုင်များ ခုတ်ယူနိုင်ပါသည်။ ငှက်ပျောခိုင်များ ခုတ်ယူချိန်တွင် လုပ်သားအင်အား (၅၀) ဦး ခန့် အသုံးပြုရပါသည်။ ငှက်ပျောခိုင်ခုတ်ရာတွင် ငှက်ပျောစေးများ ငှက်ပျောသီးပေါ်မကျစေရန် အခိုင်ဇောက်ထိုးထား၍ သယ်ဆောင်ယူပြီး ငှက်ပျောစိုက်ခင်းများအကြား မြေကွက်လပ်တွင် တည်ဆောက်ထားသော တဲတန်းလျားတွင် ငှက်ပျောခိုင်များအား ကြိုးဆိုင်းများဖြင့် ချိတ်ဆွဲ၍ အဖီးများကို လှီးဖြတ်ထုတ်ယူရပါသည်။ အခိုင်မှ လှီးထုတ်ပြီးသော ငှက်ပျောအဖီးများအား ပထမရေကန်တွင် သန့်စင်ဆေးကြောပြီး အပြစ်အနာအဆာမပါသော စံချိန်မီအဖီးများကို ဒုတိယရေကန်အတွင်း ထပ်မံသန့်စင်ရပါသည်။ သန့်စင်ပြီး ငှက်ပျောသီးများကို သယ်ယူပို့ဆောင်စဉ် မမှည့်စေရန်နှင့် အသီးအရည်အသွေးကျဆင်းမှု မရှိစေရန် ထိန်းဆေးနှင့်ရောစပ်ထားသော ပလပ်စတစ်ဇလုံကြီးများတွင် စက္ကန့်ပိုင်းခန့် ဆေးစိမ်ပေးရပါသည်။

ဆေးစိမ်သန့်စင်ပြီးသော အဖီးများအား ချိန်တွယ်၍ အသင့်ပြုလုပ်သော ပလပ်စတစ်အိတ်ခံထားသည့် ကတ္တူပုံးအတွင်းသို့ ငှက်ပျော ၁ ဖီးနှင့် ၁ ဖီးအကြား အသီးမနာစေရန် ဖော့ဖြူပါးများခံပြီး ထည့်သွင်းရပါသည်။ ကတ္တူပုံးတစ်ပုံးလျှင် အသီးအရွယ်အစားပေါ်မူတည်၍ ၃ ဖီး မှ ၆ ဖီး ထိ ဝင်ဆံ့ပြီး ကတ္တူပုံးများကိုလည်း 9 Kg၊ 12 Kg၊ 15 Kg စသည်ဖြင့် အသေး၊ အလတ်၊ အကြီး အမျိုးအစား (၃)မျိုးခွဲခြားထည့်သွင်းပြီး ကတ္တူပုံးများအား တွဲကားကြီးများဖြင့် စိုက်ခင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းဖြစ်ပါသည်။ တွဲကား ၁ စီးလျှင် ၂၅ တန် မှ တန် ၃၀ ခန့် တင်ဆောင်နိုင်ပါသည်။ လက်ရှိဈေးနှုန်းအနေဖြင့် 1 Kg လျှင် ၄ ယွမ်ဖြစ်၍ တစ်တန်လျှင် ယွမ်ငွေ ၄၀၀၀၊ မြန်မာကျပ် ၁၀ သိန်းခန့် ရရှိပါသည်။

တစ်သျှူးငှက်ပျောတစ်ဧကကုန်ကျစရိတ်အနေဖြင့် တောင်သူများ၏ ယာမြေတွင် ငှားရမ်း စိုက်ပျိုးပါက မြေအနေအထားပေါ်မူတည်၍ တစ်ဧကလျှင် တစ်နှစ်အတွက် ၃ သိန်းမှ ၄ သိန်းခွဲအထိ ငှားရမ်းခပေးရပါသည်။ စိုက်ပျိုးမြေပြုပြင်ပါက ၁၀ သိန်းခန့်နှင့် ပျိုးပင်နှင့် သွင်းအားစု အတွက် ၁၀ သိန်း ၅ သောင်းခန့်ရှိပြီး ခြံစောင့်ရှောက်ခနှင့် ဈေးကွက်အရောက် လုပ်အားခအနေဖြင့် ၁၅ သိန်းခန့်ရှိပါသည်။ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ငှက်ပျောသီး 1 Kg ကို AV တန်ဖိုး ကျပ် ၆၀၀ နှုန်းသတ်မှတ်ထားပြီး ကုန်သွယ်လုပ်ငန်းခွန် ၂ ရာခိုင်နှုန်းအတွက် ကျပ် ၁၈၀၀၀၀ နှင့် သယ်ယူပို့ဆောင်ခ 1 Kg လျှင် ကျပ် ၂၀ နှုန်းဖြင့် ကျပ် ၃ သိန်းခန့် ရှိပါသည်။ တရုတ်နိုင်ငံမှ နည်းပညာရှင် ငှားရမ်းအသုံးပြုခြင်းအတွက် တစ်လလျှင် ကျပ် ၅ သိန်းဖြင့် တစ်နှစ်အတွက် ကျပ်သိန်း ၆၀ ခန့် ရှိပါသည်။ မြေငှားရမ်းခအပါအဝင် တစ်ဧက ကုန်ကျစရိတ် ကျပ် ၁၀၅ သိန်းခန့် ကုန်ကျစရိတ်ရှိပါသည်။

တစ်ဧကလျှင် တစ်သျှူးငှက်ပျောပျမ်းမျှ ၁၅ တန် (15000 Kg) ဖြင့်လက်ရှိ 1 Kg ပေါက်ဈေးမှာ ကျပ် ၈၈၀ (တရုတ်ငွေ ၄ ယွမ်)နှုန်းဖြင့်တွက်ချက်ပါက တစ်ဧကလျှင် ကျပ် ၁၃၂ သိန်းခန့် ရရှိသည့်အတွက် တစ်ဧကအကျိုးအမြတ် ကျပ် ၂၈ သိန်းခန့် ရရှိပါသည်။ တစ်သျှူးငှက်ပျော ၁ ကြိမ်စိုက်ပျိုးလျှင် ၅ နှစ် လမိုင်းရသည့်အတွက် စိုက်ပျိုးကုန်ကျစရိတ် ပိုမိုသက်သာသောကြောင့် အကျိုးအမြတ် ပိုမိုရရှိကြောင်း သိရှိပါသည်။

■

# မြန်မာ့ရေထွက်ကုန်များ အရည်အသွေးမြှင့်တင်ရေးနှင့် ငါးခိုးဖမ်းမှုများ တားဆီးနှိမ်နင်းရေး

[ မောင်လွင်ပြင် ]

ဆော်ဒီအာရေးဗီးယားနိုင်ငံသည် စားသောက်ကုန်တင်သွင်းခြင်း အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်သည့် စနစ်သစ်ကို ပြောင်း လဲလိုက်ချိန်ကစပြီး မြန်မာ့ရေထွက်ကုန်များအား တင်သွင်းမှုကို ယာယီရပ်ဆိုင်းခဲ့သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံက မြန်မာ့မွေးမြူရေးရေထွက်ကုန်များ တင်သွင်းခြင်းရပ်ဆိုင်းမှုကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်က စတင်ခဲ့ပြီး ယနေ့အချိန်ထိဖြစ်သည်။ မြန်မာ့ငါး၊ ပုစွန် ရေထွက်ကုန်များအား ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ တင်ပို့ခွင့် ရပ်ဆိုင်းထားခြင်းမှာ ကမ္ဘာ့ကူးစက်ရောဂါထိန်းချုပ်ကာကွယ်ရေး အဖွဲ့ (OIE) ၏ ကြေညာချက်အရ မြန်မာ့ရေသတ္တဝါများတွင် ရောဂါမကင်းစင်သည့်အတွက်ကြောင့်ဆိုကာ ဆော်ဒီနိုင်ငံက ၂၀၁၈ ဧပြီ ၁ ရက်ကစပြီး ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် ဆော်ဒီနိုင်ငံသို့ ရေထွက်ကုန်များ ပြန်လည်တင်ပို့ခွင့်ရချင်လျှင် ယင်းနိုင်ငံက ပြောင်းလဲလိုက်သည့် စားသောက်ကုန် အရည်အသွေး စံချိန်စံညွှန်း စနစ်သစ်အတိုင်း မြန်မာနိုင်ငံက ပြည့်မီအောင် ဆောင်ရွက်နိုင်မှသာ ပြန်လည်တင်ပို့ခွင့် ရရှိနိုင်မည်ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ပြောကြားသည်။ ဆော်ဒီနိုင်ငံက မြန်မာ့မွေးမြူရေး ရေထွက်ကုန်များ တင်ပို့ခွင့် ယာယီရပ်ဆိုင်းထားခြင်း ကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့က တာဝန်ရှိပုဂ္ဂိုလ်များ၊ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းရှင်များ ယင်းနိုင်ငံသို့ သွားရောက်ကာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဆော်ဒီနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု အာဏာပိုင်အဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ခြင်းကြောင့်လည်း ဆော်ဒီ စားသောက်ကုန်အရည်အသွေး စနစ်အတိုင်း မြန်မာနိုင်ငံက ပြည့်ဝစွာ ဆောင်ရွက်ပေးနိုင်မှ ပြန်လည်တင်ပို့ခွင့်ရရှိမည်ဟူသော အဖြေတစ်ခုရခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ယခုလိုပြောသည်။ "၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းလောက်ကစပြီးတော့ သူတို့နိုင်ငံကို သွင်းနေတဲ့ နိုင်ငံတွေကနေလာတဲ့ကုန်တွေကို အရည်အသွေးစစ်ဆေးတဲ့ အပိုင်းနဲ့ အရည်အသွေးပိုင်းဆိုင်ရာတွေကို စံချိန်စံညွှန်းမီမှပဲ အသွင်းခံတော့မယ်ဆိုတဲ့စနစ်ကို ပြောင်းလိုက်တာ။ ဆော်ဒီနိုင်ငံက အစားအသောက် အရည်အသွေးပိုင်းဆိုင်ရာကို မြှင့်တင်ဖို့ ကြိုးစားနေတဲ့အခါ ကိုယ့်နိုင်ငံက ဒါကိုလိုက်လျောပြီးလုပ်ပေးမှ သူ့နိုင်ငံကို တင်ပို့ခွင့်ရမယ့် အခြေအနေဖြစ်သွားတယ်"ဟုဆိုသည်။ ထို့ပြင် မြန်မာနိုင်ငံ ရေထွက်ကုန်များ အအေးခန်းသိုလှောင်သည့်စနစ်နှင့် မွေးမြူရေးအပိုင်းတို့တွင် ဆော်ဒီနိုင်ငံ၏ သတ်မှတ်ချက်အတိုင်း ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်က သူတို့လိုချင်သည့် အရည်အသွေးစံချိန်စံညွှန်းအတိုင်း ကိုက်ညီအောင် ဆောင်ရွက်ထားပြီးပြီဆိုပါက သူတို့ဘက်သို့ အကြောင်းကြားလျှင် လာရောက် စစ်ဆေးကြလိမ့်မည်ဖြစ်ကြောင်း၊ ဆော်ဒီနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့ချင်ပါသည်။ လျှောက်ထားသည့် စက်ရုံများကို အရည်အသွေးနှင့် ကိုက်ညီ၊ မညီ စာမေးပွဲ လာစစ်မည်ဖြစ်ကြောင်း၊ စာမေးပွဲအောင်သည့် စက်ရုံများ သူတို့နိုင်ငံသို့ တင်ပို့ခွင့်ရမည်ဖြစ်ကြောင်း အခြားစက်ရုံများ ပို့ခွင့်ရမည်မဟုတ်ကြောင်းများကိုလည်း ဦးဝင်းကြိုင်က ရှင်းလင်းပြောပြကြားပါသေးသည်။

ဆော်ဒီနိုင်ငံသည် မြန်မာ့ရေထွက်ကုန်များအား ယာယီတင်ပို့ခွင့်ရပ်ဆိုင်းလိုက်သောအခါ ယင်းပိတ်သိမ်းလိုက်သည့် ကိုးလတာအတွင်း မြန်မာ့ငါးမွေးမြူရေးလုပ်ငန်းရှင်များ အရှုံးပေါ်ခဲ့ ရသည်ဟုသိရသည်။ ငါးမွေးမြူထုတ်လုပ်သူများလည်း လျော့ကျသွားခဲ့ရသည်။ နိုင်ငံခြားသို့ ငါးတင်ပို့မှုဈေးကွက်လည်း ပိတ်သိမ်းလိုက်ရတော့မလို့လည်းဖြစ်သွားသည်။ ယင်းအခြေအနေများ ကျော်လွှားနိုင်ရန် ဆော်ဒီနိုင်ငံသို့ အမြန်ဆုံးသွားရောက်တွေ့ဆုံဆွေးနွေးလိုက်ခြင်းက ရှေ့ဆက်ရမည့်လုပ်ငန်းများအတွက် အကျိုးထူးဖြစ်ပေါ်စေသည်ဟု ငါးလုပ်ငန်းတင်ပို့မှုလောကမှ ကြားသိရသည်။ ထို့ပြင် မြန်မာ့ရေထွက်ကုန်များတင်ပို့မှု ပြန်လည်ရှင်သန်ရေးဈေးကွက်အသစ် ရှာဖွေခြင်းကိုလည်း ဆောင်ရွက်ရဦးမည်ဟုလည်း ပြောဆိုနေကြသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံသည် ရေထွက်ကုန်ပစ္စည်းတင်ပို့ခြင်းတွင် ဈေးကွက်တော်တော်များများ ရှိနေသည်။ ဥရောပနိုင်ငံ အများအပြားသို့ ထိုင်းရေထွက်ကုန်များ အဓိကထားတင်ပို့နေသည်။ ထို့ကြောင့် ထိုင်းနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများလည်း ကြီးထွားနေသည်။ သို့သော် ပြီးခဲ့သောနှစ်များက ထိုင်းနိုင်ငံရေထွက်ကုန်ပစ္စည်းအချို့ သပိတ်မှောက်ခြင်း ခံခဲ့ရသည်။ အနောက်နိုင်ငံများနှင့် ဥရောပဈေးကွက်တစ်ခုလုံးက ထိုင်းနိုင်ငံ ရေထွက်ကုန်ပစ္စည်းများတွင် လူကုန်ကူးအဓမ္မစေခိုင်းမှုများ ပါဝင်နေသည်။ ခေတ်သစ်ကျေးကျွန်စနစ် အရိပ်များ လွှမ်းမိုးနေသည်။ ထိုစနစ်ဆိုးကြောင့် ဖမ်းဆီးရမိသည့် ရေထွက်ကုန်များ သူတို့မစားဟု သပိတ်မှောက်ကြ၍ ထိုင်းအာဏာပိုင်များ မျက်ကလဲဆန်ပြာ ဖြစ်ခဲ့ရသည်။ ထိုစဉ်အခါက ထိုင်းရေထွက်ပစ္စည်းများ သပိတ်မှောက်ခံရတုန်း မြန်မာ့ဈေးကွက်ချဲ့ထွင်ရေး အကြံပေါ်ခဲ့ဖူးသည်။ သို့သော် ထိုင်းနိုင်ငံကိုယ်စား မြန်မာ့ရေထွက်ပစ္စည်းများ အစားထိုးတင်ပို့ဖြစ်၊ မဖြစ်တော့ မသိရချေ။

ဆော်ဒီနိုင်ငံက ရေထွက်ကုန် တင်သွင်းခွင့် ပိတ်သိမ်းထားမှုသည် မြန်မာနိုင်ငံအပြင် ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံတို့ပါ ပါဝင်သည်။ သို့သော် ယင်းနိုင်ငံများအား ဆော်ဒီနိုင်ငံ၏ စားသောက်ကုန် အရည်အသွေးစံနှုန်းသတ်မှတ်ချက်ဖြင့် လိုက်လံစစ်ဆေးမှုများ ပြီးစီးသွားပြီဖြစ်ပြီး မြန်မာနိုင်ငံကိုသာ စစ်ဆေးရန် ကျန်ရှိနေသေးသည်ဟု သိရသည်။

မြန်မာ့ရေထွက်ကုန်များသည် အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရေး ဆောင်ရွက်ရန် လိုအပ်နေသေးခြင်းနှင့်အတူ မြန်မာပိုင်နက် ပင်လယ်ပြင်တွင် ငါးခိုးဖမ်းခြင်း စသော အနှောင့်အယှက် အတားအဆီးကိုလည်း ဖြေရှင်းရန် လိုအပ်နေပါသေးသည်။ ငါးဖိုးဖမ်းခံရ ခြင်းသည် ရေထွက်ပစ္စည်းတင်ပို့မှုကိုလည်း အနှောင့်အယှက်ပေးခြင်းခံနေရသည်။ မြန်မာနိုင်ငံသည် ပင်လယ်ပြင်အတွင်း ဥပဒေနှင့်မညီသည့် ငါးဖမ်းလှေများအား ထိရောက်စွာ ဖမ်းဆီးနေသည်။ သို့သော် မြန်မာနိုင်ငံ တောင်ဘက်စွန်း ပင်လယ်ပြင်အတွင်း ထိုင်းနိုင်ငံမှ ငါးခိုးဖမ်းသည့် လှေများသည် ယခုရက်ပိုင်း (၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပထမပတ်) အတွင်း ဝင်ရောက် ငါးခိုးဖမ်းနေဆဲဖြစ်သည်ဟု ဒေသခံများကဆိုသည်။ မြန်မာ့ပင်လယ်အတွင်း ဥပဒေနှင့်မညီသောငါးဖမ်းလှေများကို ဖမ်းဆီးအရေးယူနေကြောင်း တာဝန်ရှိသူများမှ ထုတ်ပြန်ထားသော်လည်း ပင်လယ်ပြင်အတွင်းသို့ ထိုင်းငါးခိုးဖမ်းလှေများ နယ်စပ်ဖြတ်ကျော် ဝင်ရောက်နေဆဲဖြစ်သည်ဟု ဒေသခံများက ဆိုသည်။ ယင်းထိုင်း ငါးခိုးဖမ်းလှေများသည် မြန်မာ့ငါးဖမ်းလှေများကဲ့သို့ ပုံစံဖြင့် ပုံမှား ရိုက်ပြီး မြန်မာပိုင်ကျွန်းများအနီးအထိ ဝင်ရောက်လာပြီး ပိုက်ကွက် အသေးချကာ ငါးခိုးဖမ်းနေသည်။ ထိုအခါ ဒေသခံရေလုပ်သားများ အခက်အခဲဖြစ်ပေါ်ရသည်။ ငါးသယံဇာတများ လျော့နည်းဆုံးရှုံးသည်။ ရေထွက်ကုန်တင်ပို့မှု ထိခိုက်နစ်နာရသည်ဟု ဒေသခံများက ဆိုသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးဖမ်းလှေများအား သတ်မှတ်ပိုက်ကွက်ဖြင့်သာ ငါးဖမ်းရန် ကမ်းဝေးလှေကြီးများ ကမ်းနီးသို့ ဝင်ရောက်ဖမ်းဆီးခြင်းမပြုရန်၊ လှေအမည်အား ဖုံးအုပ်ထားခြင်း မပြုရန်တို့ကို ညွှန်ကြားခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်နေပါသော်လည်း ပင်လယ်ပြင်အတွင်းသို့ ရောက်ပါက လှေအများစုမှာ စည်းကမ်းဖောက်ဖျက်နေကြသည်ဟုလည်းသိရ၏။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေလုပ်သားများ၊ ငါးဖမ်းလှေ အေးဂျင့်များ၊ ပွဲနင်းများကို ညွှန်ကြားမှုများ ပြုလုပ်နေပါသော်လည်း ပင်လယ်ပြင်အတွင်း လုံခြုံရေး ဆောင်ရွက်နေသူများက ပိုမိုတင်းကျပ် ကြပ်မတ်ဆောင်ရွက်မှသာ နိုင်ငံတော်၏ ရေသယံဇာတများ လေလွင့်ဆုံးရှုံးနေမှုကို အမြန်လျှော့ချနိုင်မည်ဟုလည်း ဒေသခံများ ဝေဖန်နေကြကြောင်း သိရသည်။ ရေထွက်ကုန်တင်ပို့မှုကို အနှောက်အယှက်ပေးနေသော ငါးခိုးဖမ်းမှုများအား သူ့နိုင်ငံသား၊ ကိုယ့်နိုင်ငံသား ကျောသား ရင်သားမခွဲခြားဘဲ သက်ဆိုင်ရာ အဖွဲ့အစည်းများလုံခြုံရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားရပါလိမ့်မည်ဖြစ်ပါကြောင်းကိုလည်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

♦ ♦ ♦



# ပြည်ပပို့ကုန်တိုးမြှင့်ဖို့ ဝဥသီးနှံ စိုက်ပျိုးစို့

|မွန်မွန်စိုး (ပခုက္ကူ)|

နိုင်ငံတော်မှ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရန်နှင့် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရှာဖွေရန်အတွက် အမျိုးသား ပို့ကုန်မဟာဗျူဟာအရ ပို့ကုန်မြှင့်တင်မည့် ဦးစားပေးကဏ္ဍ (၇)ရပ်အဖြစ် ဆန်၊ ဆန်ထွက်ပစ္စည်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့်အဝတ်အထည်၊ သစ်နှင့် သစ်တောထွက်ပစ္စည်း၊ ခရီးသွားလုပ်ငန်း၊ ရော်ဘာတို့အပြင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များကိုပါ ဦးစားပေးကဏ္ဍတွင် ထည့်သွင်းဆောင်ရွက်လျက်ရှိပါတယ်။

ဝဥခြောက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ပြည်ပသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုစာရင်းကို လေ့လာကြည့်ပါက နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာသန်း(၁၀)ဂဏန်းဖြင့် နှစ်စဉ်ဝင်ငွေရရှိနေပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း ဝင်ငွေရရှိခဲ့ကြောင်း လေ့လာသိရပါတယ်။ ဝဥခြောက်ကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံများမှ ဝယ်ယူကြောင်း သိရှိရပြီး အသုံးပြုပုံမှာ စားသောက်ကုန်နှင့် ဆေးဝါးများတွင် အဓိကအသုံးပြုကြောင်း သိရှိရပါတယ်။ ဂျပန်နိုင်ငံတွင် အမှုန့်ပြုလုပ်၍ ကော်ပြန့်၊ ခေါက်ဆွဲ၊ ဖိလစ်ပိုင်နိုင်ငံတွင် ပေါင်မုန့်၊ အရက်၊ ဝိုင်ချက်လုပ်ခြင်း၊ တရုတ်နိုင်ငံတွင် အစားအစာ၊ ခေါက်ဆွဲ၊ အသားတုံ၊ မုန့်များ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုပြီး ကိုလက်စထရော၊ အဆီကျဆေးများ ဖော်စပ်ရာတွင် ဆေးဝါးအဖြစ် အသုံးပြုရပါတယ်။

မြန်မာပြည်ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသော ဝဥ အမျိုးအစားမှာ (၃)မျိုးခန့်ရှိပြီး အဝါ၊ ပန်းရောင်၊ အဖြူရောင်ဆိုပြီး ရှိပါတယ်။ ဝဥကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည် နယ်၊ ကရင်ပြည်နယ်တွေမှာ စိုက်ကြတယ်လို့ သိရပါတယ်။ မြန်မာပြည်အထက်ပိုင်းဒေသတွေမှာ ပိုပြီး အစိုက်များတာ တွေ့ရပါတယ်။ စိုက်ပျိုးတဲ့ ဒေသအလိုက် မျိုးကွာခြားမှုတော့ ရှိပါတယ်။ ယခုအခါမှာ ဝဥကို ပြည်ပနိုင်ငံအချို့သို့ တင်ပို့ရောင်းချနေသည့် အခြေအနေဖြစ်ပါတယ်။ အဝယ်လိုက်လာတဲ့ အတွက် တိုးချဲ့စိုက်ပျိုးဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။

ထို့ကြောင့် ပခုက္ကူမြို့နယ်၊ ဆယ်ရွာကျေးရွာမှာ လုပ်ကိုင်နေသော ရွှေနယုန်ဝဥရောင်းဝယ်ရေးကို ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများအဖွဲ့မှ သွားရောက်လေ့လာခဲ့တဲ့အခါ ဂန့်ဂေါနယ်ဘက်မှ ဝဥများကို အခြောက်လှန်းပြီး ရန်ကုန်သို့ တစ်ဆင့်တင်ပို့ရာ ရန်ကုန်၌ ဝဥများကို သန့်စင်တဲ့စက်များဖြင့် အမှုန့်ကြိတ်ပြီး ဂျပန်နိုင်ငံသို့ ဝဥ အမှုန့်အနေနဲ့ တင်ပို့ရောင်းချတယ်လို့ သိရှိရပါတယ်။ လုပ်ငန်းရှင်မှ ဝဥ အစို တစ်ပိဿာကို ကျပ် ၁၇၀၀ ဈေးနဲ့ ဝယ်ယူပြီး အခြောက်တစ်ပိဿာကို ကျပ် ၁၀၀၀၀ ဈေးနဲ့လည်း ပြန်လည်ဝယ်ယူခဲ့တယ် လို့ သိရပါတယ်။ အနီးနားဝန်းကျင်ရှိ ကျေးရွာများကိုလည်း ဝဥ လှီးဖြတ်တဲ့ စက်ခုံများ ပေးထားပြီး ရရှိလာတဲ့ ဝဥ အခြောက်များကိုလည်း ဝယ်ယူကြောင်း သိရပါတယ်။ ဝဥ အစို ၆ ပိဿာခွဲကို အခြောက် တစ်ပိဿာတင်တယ်လို့ သိရပါတယ်၊ ထုတ်ပိုးနည်းစနစ်နဲ့ပတ်သက်ပြီး အစိုဓာတ်မရှိစေရန်နှင့် အကျိုးအကြေများ လေလွင့်မှုမရှိအောင် အလုံပိတ် ပီနံအိတ်များကို အသုံးပြုကြောင်း သိရပါတယ်။ ဝဥ လုပ်ငန်းရှင်မှ အမျိုးသမီးလုပ်သား (၁၀)ဦး၊ အမျိုးသားလုပ်သား(၂)ဦး ပုံမှန်ရှိပြီး ကုန်တင် ကုန်ချတဲ့ အခါ အမျိုးသားအင်အား ပိုမိုခေါ်ယူတယ်လို့ သိရပါတယ်။ လုပ်အားခအနေနဲ့ အမျိုးသမီး (၁) ဦးကို နေ့စားခ တစ်နေ့ ကျပ် ၄၀၀၀ ပေးရပြီး အမျိုးသားတစ်ဦးကို နေ့စားခ တစ်နေ့ ကျပ် ၆၀၀၀ ပေးရတယ်လို့ သိရပါတယ်။ ဒေသခံများဟာ သာမန်ယာလုပ်ငန်းကို လုပ်ကိုင်ခြင်းထက်စာလျှင် ဝဥလုပ်ငန်းမှာ သက်တောင့်သက်သာဖြင့် ဝင်ငွေရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဝဥ လုပ်ငန်းကိုသာ တွင်တွင်ကျယ်ကျယ်နဲ့ လုပ်နိုင်ပါက ဒေသခံတောင်သူ များကို အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ ဝဥ အရောင်သုံး မျိုးအနက် တရုတ်နိုင်ငံမှ အဝါမျိုးကို ကြိုက်နှစ်သက်ပြီး ဂျပန်နိုင်ငံမှာ ပန်းရောင်မျိုးကို ကြိုက်ကြတယ်။ တရုတ်မှ ဝဥ အခြောက်လှန်းတဲ့အခါ ကန့်ကို အသုံးပြုပြီး ဂျပန်မှာတော့ အော်ဂဲနစ်ကို အလေးထားတယ်လို့သိရပါတယ်။ ယခင်အချိန်က လုပ်ငန်းရှင်မှာ မန္တလေးမြို့ကနေ တရုတ်နိုင်ငံကို ဝဥ တင်ပို့ရောင်းချရာ ဈေးကွက်မကောင်းလှပဲ ယခု ဂျပန်ကုမ္ပဏီနှင့် ချိတ်ဆက်မိပြီး ဈေးကွက်ကောင်းကောင်းနှင့်ရောင်းချနေသည်မှာ ၁၀ နှစ်ရှိခဲ့ပြီဟု သိရပါတယ်။ ဂျပန်ကုမ္ပဏီနှင့်စာချုပ်ချုပ်တဲ့အခါ (၁)နှစ်တစ်ခါ ချုပ်ဆိုခဲ့ပြီး တစ်နှစ်ကို တန် ၄၀ ပါဝင်တဲ့ ကွန်တိန်နာအလုံး ၈ လုံး၊ ပိဿာချိန် ၃၂၀၀၀၀ ခန့် တင်ပို့ရတယ်လို့သိရပါတယ်။ ဈေးကွက်ယှဉ်ပြိုင်မှုအနေနဲ့ တရုတ်ပေးတဲ့ ဈေးကွက်အတိုင်း ဂျပန်နိုင်ငံက ပေးနိုင်တယ်။ အရည်အသွေးကောင်းဖို့ပဲ လိုအပ်တယ်၊ ဂျပန်နိုင်ငံနဲ့ ရေရှည်လက်တွဲနိုင်မှ မိမိတို့ ဝဥလုပ်ငန်းနဲ သားစဉ်မြေးဆက် လုပ်ကိုင်စားနိုင်မှာ ဖြစ်ပါတယ်။ စိုက်ပျိုးနည်းစနစ်နဲ့ ပတ်သက်ပြီး မျိုးဥကို ပြန်စိုက်ရင် (၁) နှစ်ကြာပြီး အသီးများကို ပြန်လည် စိုက်ပျိုးရင်(၃) နှစ် ကြာတယ်။ ရေးမြို့၊ မော်လမြိုင်မြို့တို့မှာ ဝဥများကို စိုက်ပျိုးထုတ်လုပ်ပြီး ရေးမြို့မှာ ဝဥစက်ရုံ ရှိတယ်လို့ သိရပါတယ်။ ဂန့်ဂေါနယ်ဘက်မှာ ဖြစ်ထွန်းအောင်မြင်နေတဲ့ ဝဥ အမျိုးအစားနဲ့ ရေး၊ မော်လမြိုင်ဘက်မှာ အောင်မြင်နေတဲ့ ဝဥအမျိုးအစားမှာ ရေမြေသဘာဝရာသီဥတု ပေါ် မူတည်ပြီး ကွာခြားတယ်လို့ သိရပါတယ်။ ဂန့်ဂေါနယ်ဘက်ရှိ ဝဥ အဝါရောင်မျိုးမှာ အခွံပါးပြီး ပန်းရောင်မျိုးမှာ အခွံထူတယ်၊ ရေး၊ မော်လမြိုင်ဘက်တို့က အဝါရောင်မျိုးမှာ အခွံထူပြီး ပန်းရောင်မျိုးမှာ အခွံပါးတယ်လို့ သိရပါ တယ်။ အလုပ်ချိန်အနေနဲ့ ဝဥအစိုလှန်းတာကို နိုဝင်ဘာလကစပြီး ဖေဖော်ဝါရီလအထိ လုပ်ကိုင်ရပြီး ဝဥအခြောက်ကို မတ်လ၊ ဧပြီလအထိ ရောင်းရတယ်လို့သိရပါတယ်။ ဂျပန်ကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံမှ တင်ပို့သော ဝဥခြောက်များကို တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ပြုလုပ်ပြီး ဥရောပနိုင်ငံသို့ တင်ပို့တယ်လို့ သိရပါတယ်။ 'ရွှေနယုန် ဝဥရောင်းဝယ်ရေး'က ထုတ်လုပ်သော ဝဥအခြောက်များမှာ လတ်ဆတ်သန့်ရှင်းမှုရှိတာကြောင့် ဂျပန်နိုင်ငံမှ ကြိုက်နှစ်သက်သောကြောင့် တင်ပို့နေခြင်းဖြစ်ပါတယ်။ ရေရှည်မှာလည်း ဈေးကွက်ကောင်းကောင်းရရှိဖို့ရန်အတွက် ဝဥ အခြောက်များကို တောင်းဆိုသည့်အတိုင်း စံချိန်စံညွှန်းမီမီ အရည်အသွေးကို ဆက်လက် ထိန်းသိမ်းသွားမယ်လို့ 'ရွှေနယုန် ဝဥရောင်းဝယ်ရေး'မှ စွန့်ဦးတီထွင်သူ လုပ်ငန်းရှင် ဦးမြင့်စိုး၊ ဒေါ်ကြီးလိန်းအွယ်တို့မှ ရှင်းလင်းပြောပြသည်ကို လေ့လာသိရှိခဲ့ပါတယ်။

■

## ယခုတစ်ပတ်အတွင်း ရော်ဘာတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်နဲ့မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၁၇ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်မျိုးစုံ တန်ချိန် ၁၈၈၀ ခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၁၄၆၅ တန်ခန့်၊ MSR-20 အမျိုးအစား ၆၅ တန်ခန့်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ RSS-4 အမျိုးအစား တန်ချိန် ၁၂၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၁၁၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-ထိုင်းနယ်စပ်မှ တင်ပို့မှုမှာ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Rubber Latex 60 % DRC အမျိုးအစား တန် ၁၂၀ ဖြစ်ကြောင်းနဲ့ ယခင်တစ်ပတ်ရဲ့ ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၈၈ တန်အပိုလျော့ကျခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၇ ဒသမ ၂၀၀ သန်းရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၉ ဇန်နဝါရီလ ၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၇၁ သန်း တန်ဖိုးရှိ ရော်ဘာ အမျိုးအစားစုံ တန်ချိန် ၁၇၅၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ MSR-20 အမျိုးအစား ၆၂၁ တန်နဲ့ Synthetic Rubber ၂၀၂ တန်ခန့်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၁၀၁ တန်၊ ကိုရီးယားနိုင်ငံသို့ MSR-20 အမျိုးအစား ၁၆၁ တန်ကျော်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၆၆၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၁၉၀၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၂ တန် လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်ရော်ဘာတင်ပို့မှုစုစုပေါင်းမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၈၈ သန်းနဲ့ တန်ချိန် ၃၆၃၀ ဖြစ်ကြောင်း သိရပါတယ်။ **ယဉ်ယဉ်အေး**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိဘောက် (၂၀၁၂) | ယာယီ | ၂၁၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ပရိဘောက်/ဆပ်ဆိ(၂၀၁၁) | စတိ | ၂၆၀ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ဝှရှ် (၂၀၀၃) | I | ၂၃၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အာလ်ဖတ် (၂၀၀၃) | J | ၃၃၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အင်ဆိုဒ် (၂၀၁၂) | M | ၂၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ပရီမီယို (၂၀၁၁) | ယာယီ | ၄၂၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါ/စီဗီစီ (၂၀၀၉) | N | ၂၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | နွတ်ချ် (၂၀၀၃) | L | ၂၈၀ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ဟိုက်ဂျက် (၂၀၁၄) | ယာယီ | ၁၂၀ သိန်း | ၀.၆ ဓာတ်ဆီ၊ နယ်လိုင်စင် |

## ပုသိမ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေး မုန့်လုပ်ငန်းရှင်များထံ သွားရောက်ကွင်းဆင်း

ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးထွေးသိမ်းနှင့် ဝန်ထမ်းများသည် ဈေးကွက် မရောက်မီထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက်အမှတ်(၈)၊ မငြိမ်းလှကုန်းရပ်ကွက်၊ ဗောဓိမြိုင်ရပ်ကွက်များ ရှိ ရွှေဟသ်ာအီစိမ့်မုန့်လုပ်ငန်း၊ သူရပူတင်းမုန့်လုပ်ငန်း၊ KPG ပူတင်းမုန့်လုပ်ငန်းများသို့ ဇန်နဝါရီလ ၃ ရက်က သွားရောက်ခဲ့ကာ မုန့်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး စားသုံးသူများဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေး တားမြစ်ထားသော ခွင့်မပြုဓာတုဆိုးဆေးများ သုံးစွဲခြင်းမပြုရန် ကျန်းမာရေးကိုထိခိုက်စေနိုင်ပြီး အန္တရာယ်ရှိသောမုန့်များ ထုတ်လုပ်ရောင်းချခြင်းမပြုရန် စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များ စားသောက်ကုန်ဘေး ကင်းစေရေး ဈေးကွက်မရောက်မီ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ သွားရောက်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရာမြေ (ပုသိမ်)**

# ကယားပြည်နယ်၊ ဒေါဆော်လဲကျေးရွာတွင် ပြောင်းစိုက် တောင်သူများ အစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပ

ကယားပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ကယားပြည်နယ်၊ ဒေါဆော်လဲကျေးရွာ၌ ပြောင်းစိုက်တောင်သူများအစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ဒေါဆော်လဲကျေးရွာ အုပ်ချုပ်ရေးမှူး နေအိမ်၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အခမ်းအနားကို စားသုံးသူရေးရာ ဦးစီးဌာနက ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေါဆော်လဲကျေးရွာ အုပ်ချုပ်ရေးမှူး နှင့် ပြောင်းစိုက်ပျိုး တောင်သူများ စုစုပေါင်း (၃၀) ဦး တက်ရောက်ခဲ့ပါသည်။

ကယားပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနက ဦးစီးမှူးဒေါ်မြို့ရီက အစုအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ၊ ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ခြင်းထက် အစုအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူး၊ အားသာချက်များကိုလည်းကောင်း၊ အသင်းသားများအနေဖြင့် စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်ဦးတစ်ယောက်တည်း ဖော်ဆောင်ခြင်းထက် အစုအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းက ပိုမိုထိရောက်အောင်မြင်မှုရှိကြောင်း ၊ မိမိတို့ပြည်နယ်နှင့် ထိစပ်နေသော တိုင်း/ပြည်နယ်များရှိ အစုအဖွဲ့(သို့မဟုတ်)အသင်းအဖွဲ့များ၏ အောင်မြင်တိုးတက်မှုများကို နည်းစံနမူနာအနေဖြင့် အတုယူသင့်ကြောင်း၊ ပြောင်းသီးနှံ၏ အရည်အသွေး၊ ဈေးနှုန်းများ၊ ဈေးကွက်ကောင်းများ ပိုမို ရရှိလာစေရန်အတွက် စိုက်ပျိုးတောင်သူများအနေဖြင့် အစုအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းအောင်မြင်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော ပြောင်းသီးနှံစိုက်ပျိုးတောင်သူများက လက်ရှိချိန်တွင် စိုက်ပျိုးရေးနည်းပညာသင်တန်း၊ ဓာတ်မြေဩဇာ/ပိုးသတ်ဆေးနှင့် မျိုးစေ့အကူအညီများ လိုအပ်နေပါကြောင်း၊ ပြည်နယ် အဆင့်၊ တိုင်းအဆင့်နှင့် ပြည်တွင်း/ပြည်ပများတွင် ကျင်းပသော အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများတွင် ပါဝင်တက်ရောက်လိုပါကြောင်း၊ ပြည်တွင်း/ပြည်ပနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီများ၊ ချေးငွေ အထောက်အပံ့များရရှိလိုပါကြောင်း၊ သီးနှံပေါ်ချိန်တွင် ဈေးကွက်/ဈေးနှုန်းကောင်းများ မရရှိခြင်း စသည်တို့ကို အချက်အလက်များ ဆွေးနွေးမေးမြန်းခဲ့ပါသည်။

ထို့နောက် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများ အစုအဖွဲ့ EC/CEC များ ရွေးချယ်မှုပြုလုပ်ကာ ဥက္ကဋ္ဌအဖြစ် ဒေါဆော်လဲကျေးရွာမှ ဦးတူးရယ်၊ အတွင်းရေးမှူးအဖြစ် ဒေါဆော်လဲကျေးရွာမှ ဦးစောရယ်၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါဆော်လဲကျေးရွာမှ ဦးကျော်ရယ်နှင့် စာရင်းစစ်အဖြစ် ဒေါဆော်လဲကျေးရွာမှ ဦးတူးရယ်တို့ကို တက်ရောက်လာသူများ၏ သဘောထားဆန္ဒနှင့်အညီ ဖွဲ့စည်းခဲ့ကြောင်း သိရပါသည်။

**ဖြိုးဝေအောင် (လွိုင်ကော်)**



# ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် (၁/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရွှေဘိုရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၉)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ (၈) ရက်နေ့က ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီရုံးအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးကျော်ငွေက (၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏(၁/၂၀၁၈)အား ထပ်ဆင့်ရှင်းလင်းခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာဆိုင်များ စစ်ဆေးပညာပေးရန်နှင့် တန့်ဆည်မြို့နယ်မှ တိုင်ကြားထားသည့် YAMAR စပါးရိတ်သိမ်းခြွေလှေ့စက်ကိစ္စ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အမှုထမ်းများအပါအဝင် စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အေးသိဂ်ီစိုး(ရွှေဘို)**

# ဝင်ငွေတိုး၍ စိုက်ပျိုးလာသည့် မြေထောက်ပဲစိုက်ခင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်အတွင်းမှာ တွက်ခြေကိုက်၍ ဝင်ငွေတိုးစေသည့်မြေထောက်ပဲ သီးနှံများကို တောင်သူများ ပိုမိုစိုက်ပျိုးလာကြကြောင်း သိရှိရပါတယ်။ မြေထောက်ပဲ စိုက်ဧကမှာ ယခင်နှစ်က ၄၈၄၅ ဧက ဖြစ်ပြီး၊ ယခုနှစ်မှာလည်း ၄၈၄၅ ဧက လျာထားကြောင်း စိုက်ပျိုးရေးဌာနမှပြောပြချက်အရ သိရှိရပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစီးမှူး ဒေါ်ခင်မာကြည်နှင့် အငယ်တန်းစာရေး ဒေါ်ဖြိုးဖြိုးတို့သည် သီးနှံအများဆုံး စိုက်ပျိုးတဲ့ ဝိုင်းလုံကျေးရွာမှ ဦးဖုန်းကျော် မိသားစု စိုက်ခင်းအား ကွင်းဆင်း လေ့လာရာမှ ဧက ၂၀ ရှိပြီး၊ နွေ၊ မိုး၊ ဆောင်းရာသီ အလိုက် သီးနှံများ စိုက်ပျိုးကြောင်း ယခုနှစ်စပါးတင်း ၄၀၀ ရရှိပြီး မြေထောက်ပဲ ၉ ဧက၊ ဂန္ဓမာပန်းပင် ၂၀၀၊ ဂေါ်ဖီထုတ် အပင် ၃၀၀၊ နံနံပင်၊ မုန်ညှင်းရွက်၊ ဗိုလ်စားပဲသီးများ စိုက်ပျိုးထားကြောင်း တွေ့ရှိရပါတယ်။

မနှစ်က မြေထောက်ပဲ ၂၂ တင်း စိုက်ပျိုးရာ ၁၅၀ တင်း ရရှိပြီး၊ ပေါင်းမြက်များ ရှင်းလင်းခြင်းများအတွက် ငှားရမ်းစရာမလိုကြောင်း၊ ရိတ်သိမ်းခြွေလှေ့စက်ရှိသည့်အတွက် ဆီဖိုးသာ ကုန်ကျကြောင်း၊ အလုပ်သမား တစ်ဦးငှားရမ်းပါက တစ်လကို တစ်သိန်းခွဲကျပ် ပေးရမှာဖြစ်ကြောင်း၊ မိသားစု ၁၀ ဦး ရှိပြီး စုပေါင်းလုပ်ကိုင်သည့်အတွက် ကုန်ကျစရိတ် သက်သာ၍ ကျပ်သိန်း ၂၀ ကျန်ရှိကြောင်း ပြောပြချက်အရ သိရပါတယ်။

ဂန္ဓမာပန်းပင်မှာလည်း မနှစ်က ကျပ်နှစ်သိန်းရရှိပြီး ယခုစိုက်ပျိုးထားသော နံနံပင်၊ မုန်ညှင်းရွက်၊ ဗိုလ်စားပဲသီးများမှာလည်း နေ့စဉ်ဝင်ငွေ ရရှိနေ၍ မိသားစု စားဝတ်နေရေး ဖူလုံကြောင်း သိရပါတယ်။ မြေထောက်ပဲမျိုးမှာ တစ်တင်းကို ကျပ်၅၀၀၀၀ ပေးရ၍ မြေထောက်ပဲပေါ်ချိန် ဈေးကောင်းရဖို့ မျှော်လင့်ကြောင်း၊ မနှစ်က တစ်တင်းကို ကျပ် ၃၀၀၀၀ရောင်းရကြောင်း၊ ဗန်းမော်၊ မိုးကုတ်၊ မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်းနှင့် မြေထောက်ပဲကို အမျိုးမျိုးပြုလုပ် ချက်စား၍ရသဖြင့် စားသုံးသူများ ပိုမိုများပြားလာကြောင်း သိရှိရပြီး မြေထောက်ပဲ စိုက်ပျိုးခြင်းကြောင့် မိသားစုဝင်ငွေ တိုးစေသည့်အပြင် ပြည်ပပို့ကုန်များလည်း တိုးတက်လာနိုင်မှာဖြစ်ကြောင်း သိရှိရပါတယ်။

**ခင်မာကြည်(မဘိမ်း)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၄-၁-၂၀၁၉ မှ ၂၀-၁-၂၀၁၉ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး

### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး လုပ်ငန်းတို့တွင် အကြံဉာဏ်ပေးမည့်သူများ၊ ကူညီမည့်သူများရှိလာတတ်သည်။ မြေတွင်းထွက်ကုန်ပစ္စည်းများ အကျိုးပေးဖြစ်ထွန်း လိမ့်မည်။ စီးပွားရေးတစ်ဖက်နှင့် ပညာရေးကို ကြိုးစားနေရသောကြောင့် အခက်အခဲ အနည်းငယ်ရှိတတ်သည်။ အချစ်ရေးတွင် အနုပညာသမားနဲ့ တွေ့ဆုံရတတ်သည်။ ကျန်းမာရေး ချူချာနေလိမ့်မည်။ အိပ်ရာထဲမလဲသော်လည်း တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ်နေလိမ့်မည်။**ယတြာ။ ။ခန္တီစေတီတည်ပါ။**



**တနင်္လာသားသမီးများအတွက်** အချို့သောလုပ်ငန်းတို့တွင် အပြိုင်အဆိုင်များ ပေါ်ပေါက်လာတတ်သည်။ ရေတွင်းထွက်သဲ၊ ကျောက်စလစ်တို့အကျိုးပေးတတ်ပါသည်။ နည်းဗျူဟာများကို ပြောင်းလဲသုံးစွဲ၍ ဖြန့်ချိရေးစနစ်ကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လုပ်ကိုင်နေရတတ်သည်။ ချစ်သူမရှိသေးလျှင် ပညာသင်ဖက် သူငယ်ချင်းဖြစ်သူ၏ တိတ်တခိုးအချစ်ကို ခံရတတ်သည်။ ကျန်းမာရေးတွင် ရာသီဥတုကြောင့်ဖြစ်သော ဝေဒနာခံစားရလိမ့်မည်။

**ယတြာ။ ။ ဗောဓိညောင်ပင်တွင် ရေစင်သွန်း၍ မေတ္တာပို့ဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** ရိုးသားပွင့်လင်းစွာ ပြောဆိုတတ်သောကြောင့် အချို့သောသူတို့၏ အမြင်စောင်းခြင်း၊ အထင်လွဲခြင်း၊ ကျေနပ်မှုမရှိခြင်းတို့နှင့် ကြုံရတတ်သည်။ လယ်ယာသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးကြိုးစားနေရတတ်သည်။ တိုင်းရင်းသားလူမျိုးများနှင့် အချစ်ရေး ဖူးစာကြုံရလိမ့်မည်။ ကျန်းမာရေး ခေါင်းမူးခြင်း၊ သွေးတိုးခြင်း၊ သွေးပေါင်ကျခြင်း ရောဂါတို့ သတိပြုသင့်ပါသည်။ **ယတြာ။ ။ဘုရားဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ပါ။။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** တိုးချဲ့လုပ်ငန်းများတွင် အားဖြည့်၍ စီးပွားရေးလည်ပတ်နေရတတ်ပါသည်။ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ အလှပြင်ဆိုင်များအကျိုးပေးဖြစ်ထွန်းနေတတ်ပါသည်။ ပညာရေးတွင် ဒဿနိကဗေဒ၊ စိတ်ပညာ ထူးချွန်လိမ့်မည်။ အချစ်ရေးတွင် ငွေကြေးဂုဏ်ဒြပ်တို့ကို ကြည့်၍ ချစ်တတ်ခြင်းရှိနေမည်။ အိမ်ထောင်ရေးကံကောင်းနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် နားရောဂါ၊ နားပြည်ယိုခြင်း၊ နားကိုက်ခြင်းဖြစ်တတ်ပါသည်။

**ယတြာ။ ။နေကြာပန်းလှူဒါန်းပေးပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ကိုင်ဆောင်ရွက်ရာတွင် ပညာတော်သူဖြစ်မည်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးလုပ်ငန်းများနှင့်လမ်းတံတား လုပ်ငန်းများ အထူး အကျိုးပေးမှုရှိလိမ့်မည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင် စီးပွားရေးကျွမ်းကျင်သူနှင့် ကြုံဆုံရတတ်သည်။ အိမ်ထောင်ကျရန် အခွင့်အရေးရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အကြောညှပ်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း ၊ဝေဒနာအထူးသတိပြုသင့်ပါသည်။ **ယတြာ။ ။ဂုဏ်တော် ၉ ပါး ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** တတ်ကျွမ်းမှုမရှိသေးသော စီးပွားရေးလုပ်ငန်းများကို သင်ယူမှုပြုရမည်။ ချည်ထည်နှင့် အထည်အလိပ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အကျိုးပေးပါသည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှု လုပ်နေရတတ်သည်။ အချစ်ရေးတွင် မာနရှေ့ထားပြီး အရွေးမှားတတ်သည်ကို သတိပြုပါ။ ကျန်းမာရေးတွင် အဝလွန်ရောဂါ၊ အဆီပိတ်ရောဂါ ဖြစ်တတ်ပါသည်။

**ယတြာ။ ။ အရပ် ၁၀ မျက်နှာ မေတ္တာပို့ မေတ္တာဘာဝနာ ပွားပါ။**



**စနေသားသမီးများအတွက်** မိမိချစ်ခင်သောသူများနှင့် စီးပွားရေးအတူလက်တွဲ၍ လုပ်ကိုင်ရတတ်သည်။ ကွန်ပျူတာ၊ စာရင်းကိုင်ကျောင်းများ ဖွင့်လှစ်ခြင်း၊ သင်ကြားသောဆရာလုပ်ခြင်းတို့ အကျိုးရှိနေတတ်ပါသည်။ အချစ်ရေးတွင် လူမသိ တိုးတိုးတိတ်တိတ် ချစ်နေမိတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် သွားနာ၊ သွားကိုက်၊ သွားဖုံးယောင်ခြင်း၊ သွေးယိုခြင်းတို့ဖြစ်တက်ပါသည်။ **ယတြာ။ ။ဆရာသမားများအား လှူဒါန်းပူဇော်ဖွယ်ရာများနှင့် ရိုသေစွာ ရှိခိုးပူဇော်ပါ။**

# ၂၀၁၉ ခုနှစ်တွင် အလားအလာကောင်းများနှင့် အပြောင်းအလဲ ကြီးကြီးမားမားရှိလာမည့် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကဏ္ဍ

၂၀၁၉ ခုနှစ်တွင် အလားအလာကောင်းများနှင့် အပြောင်းအလဲ ကြီးကြီးမားမားရှိလာမည့် ကဏ္ဍထဲတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် တစ်ခုအပါအဝင် ဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များ အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူမှုကို ၂၀၁၃ ခုနှစ်က နောက်ဆုံးခေါ်ယူခဲ့ပြီး ယခုလာမည့် ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင် ထပ်မံ ခေါ်ယူတော့မည်ဟုသိရပါသည်။ထိုသို့ခေါ်ယူရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်ရာ၌ သက်ဆိုင်ရာ စာချုပ်များတွင် ပါဝင်သည့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းသတ်မှတ်ချက်များကို နှစ်ဖက်အကျိုးရှိစေရန် ပြင်ဆင်နေပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်မည့် အချက်များ ပါဝင်မည်ဖြစ်သည်။ အဆိုပါအချက်များတွင် အစိုးရနှင့် ကုမ္ပဏီများကြား ချုပ်ဆိုမည့်အကျိုးအမြတ် ခွဲဝေမှုစာချုပ် (Production Sharing Contract-PSC)ပါ အချို့အချက်များကို ပြန်လည် ဖြေလျှော့ပေးရေးလည်း ပါဝင်ပြီး ယင်းနှင့် ပတ်သက်သောဆွေးနွေးမှုများလည်း နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ပြီးစီးပါက အစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ နိုင်ငံတော်သမ္မတရုံးက ခွင့်ပြုလျှင် အပြည်ပြည်ဆိုင်ရာတင်ဒါကို ၂၀၁၉ ခုနှစ်ထဲတွင် အမြန်ဆုံးနှင့် အစောဆုံး ခေါ်ယူသွားမည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာန၏ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားခဲ့ပါသည်။ ယခင်က ကမ်းလွန်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ခြင်း အကျိုးအမြတ်ခွဲဝေမှုတွင် မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ၆၅ ရာခိုင်နှုန်းယူပြီး ကုမ္ပဏီအား ၃၅ ရာခိုင်နှုန်းပေးခဲ့ပါသည်။

ယခုအခါ ထုတ်လုပ်မှုပမာဏပေါ် မူတည်ပြီး ၅၀၊ ၅၀ ရာခိုင်နှုန်းထိ ပြင်ဆင်နေသည်ဟု သိရပါသည်။ ယခင်က ကုမ္ပဏီများအပေါ် စီးပွားဖြစ် စတင်ထုတ်လုပ်သည့်နှစ်မှစ၍ သုံးနှစ်အတွင်း အခွန်ကင်းလွတ်ခွင့် ပေးခဲ့သော်လည်း ယခု မပေးတော့သည့်အပြင် အထူးကုန်စည်ခွန်အဖြစ် ၈ ရာခိုင်နှုန်း ထပ်မံပေးဆောင်ရကြောင်း၊ ထိုအချက်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြန်သုံးသပ်ခဲ့ပြီး လိုက်လျောညီထွေဖြစ်ရန် ပြင်ဆင်မှုများ လုပ်ဆောင်နေသည်ဟု သိရပါသည်။ အခွန်တည်ငြိမ်မှုမရှိခြင်း၊ မြေယာလျော်ကြေးကိစ္စများ၊ အစိုးရဌာနများ ခွင့်ပြုချက်ပေးရန် ကြန့်ကြာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ချက် EIA အောင်လက်မှတ် ထုတ်ပေးမှုတွင် ကြန့်ကြာခြင်းများက ရင်းနှီးမြှုပ်နှံမည့်သူများအပေါ် သက်ရောက်စေကြောင်း၊ နည်းပညာမြင့်မားပြီး ရင်းနှီးမြှုပ်နှံမှုများကာ စွန့်စားမှုရှိရသော ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အခွန်ကင်းလွတ်ခွင့်ကာလ မပေးခြင်းသည် လာရောက်ရင်းနှီးမြှုပ်နှံရန် အဓိကအခက်အခဲအဖြစ် ရှိနေသည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အဆင့်မြင့်အရာရှိက ဆိုသည်။ နိုင်ငံတကာ တင်ဒါခေါ်ယူမှုတွင် လုပ်ထုံးလုပ်နည်းများကို အထူးလေ့လာရန် လိုအပ်ပြီး ရေနံကုမ္ပဏီများ နိုင်ငံတစ်နိုင်ငံသို့ ဝင်မဝင် မည်သည့်အချက်များဖြင့် ဆုံးဖြတ်ကြသည်ကို လေ့လာရမည်ဖြစ်ကြောင်း၊ ထိုအချက်များကိုမလေ့လာဘဲ ကိုယ့်ဘက်က အမှန်လုပ်နေ၍ မရကြောင်းစွမ်းအင် အသိုင်းအဝိုင်းက ဆိုသည်။ ကမ်းလွန်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များတွင် နိုင်ငံတကာ ကုမ္ပဏီများဘက်က ပြန်အပ်သွားသည့် ဖြစ်စဉ်များလည်း ရှိခဲ့သည်။ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် လက်မှတ်ရေးထိုးခဲ့ကြသော ရေနံကုမ္ပဏီများဖြစ်သည့် Shell, Statoil, Reliance နှင့် Oil India ကုမ္ပဏီများသည် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် ပြန်ထွက်သွားခဲ့သည်။ တင်ဒါခေါ်ယူမှုတွင် အနောက်နိုင်ငံတကာက လာရောက်မှုနည်းနိုင်ပြီး အာဆီယံနိုင်ငံများ လာရောက်မှု ဖြစ်နိုင်သကဲ့သို့ ကုမ္ပဏီအသေးများလည်း ဝင်ရောက်လာနိုင်သည့်အတွက် စိုးရိမ်ကြောင်း၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်ပါ အချက်များအပေါ် စိတ်ဝင်စားပါက လာနိုင်ပြီး ယခင်ထက် ဆွဲဆောင်မှုအား မရှိလျှင် လာမည့်သူက စဉ်းစားမည်ဖြစ်ကြောင်း၊ PSC တွင် ဖြေလျှော့ပေးထားသည့် အချက်များကိုလည်း ချပြသင့်ကြောင်း စွမ်းအင်အသိုင်းအဝိုင်းက ဆိုသည်။

သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် တင်ဒါစခေါ်ပါက လုပ်ထုံးလုပ်နည်း စည်းမျဉ်းသတ်မှတ်လက်များကို ဝက်ဆိုက်ပေါ် တင်ပေးကြောင်း၊ ကုမ္ပဏီများကိုလည်းခေါ်ယူ၍သိလိုသည်များကို ရှင်းပြကြောင်း၊ ယခုတင်ဒါခေါ်ယူမှုတွင် အလားတူလုပ်ဆောင်သွားမည်ဟု ဝန်ကြီးဌာနကဆိုသည်။ လက်ရှိအခြေအနေများအရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ တင်ဒါအမြန်ဆုံး ခေါ်ယူရေး စီစဉ်လျက်ရှိပြီး ရေနံကုမ္ပဏီကြီးများကို ဆွဲဆောင်မည့်အချက်များ ပါဝင်လာမည်မှာ သေချာနေပြီဖြစ်ပါသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်ထဲတွင် ကမ်းလွန်၌ Woodside က တွင်းသုံးတွင်း တူးခဲ့ပြီး CNPC လုပ်ကွက်၊ A-6 လုပ်ကွက်များတွင် တစ်တွင်းစီ တူးဖော်မှုသည် အလားအလာကောင်းပြီး A-7 လုပ်ကွက်တွင် အလားအလာ သိပ်မကောင်းသည့် အခြေအနေ ဖြစ်သည်။ အခြားကုမ္ပဏီများသည် ရှာဖွေရေးကာလ မရောက်သေးဘဲ လေ့လာရေးကာလတွင်သာ ရှိနေသေးရာ ရှာဖွေရေး ကာလ ဆက်လုပ်၊ မလုပ်ကို ၂၀၁၉ ခုနှစ်တွင် ဆုံးဖြတ်ကြရမည်ဖြစ်ရာ ယင်းအဆုံးအဖြတ်သိရမည့် နှစ်လည်း ဖြစ်သည်။ တစ်ဖက်တွင်လည်း ဝန်ကြီးဌာနအနေဖြင့် ရေနံဓာတုဗေဒစက်ရုံများ၊ ရေနံချက်စက်ရုံများကို နိုင်ငံတကာ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်လည် သုံးသပ်နေပြီဖြစ်ကြောင်း သိရပါသည်။ **ခင်မြနွယ် (MYANTRADE(TIR))**

■

## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စားသုံးသူရေးရာဦးစီးဌာန ပြခန်းခင်းကျင်းပြသ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ရွှေဝယ်သီရိအားကစားကွင်းတွင် (၇၁)နှစ် မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား ဇန်နဝါရီ ၃ ရက်မှ ၇ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ခင်းကျင်း ပြသခဲ့သည်။

(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းတွင် စားသုံးသူရေးရာဦးစီးဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအသိပညာပေးပိုစတာများ၊ တိုင်းဒေသကြီးအတွင်း စားသုံးသူအသိပညာပေး ဟောပြောပွဲနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခြင်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ စီးပွားရေးလုပ်ငန်းရှင်၏အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူအငြင်းပွား မှုဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူတိုင်ကြားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအဆင့်ဆင့် စားသုံးသူဘေးကင်း လုံခြုံရေးအတွက် ကုန်စည်များကို မြန်မာဘာသာဖြင့်ဖြစ်စေ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည့်ဦးစားပေးကုန်စည်များစာရင်း၊ စားသုံးရန်မသင့်သော အစားအသောက်များ၊ သက်တမ်းလွန်ကုန်စည်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသောကုန်စည်များ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုမရှိသောကုန်စည်များကို ခင်းကျင်းပြသခဲ့ပါသည်။

အဆိုပါပြခန်းသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ/ဆရာမ ကျောင်းသား/ကျောင်းသူများ မိဘပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိပါသည်။ **ရွှေဝယ်သား**

# အမေရိကန်အစိုးရလုပ်ငန်းများရပ်ဆိုင်းမှုကြောင့် သီးနှံကုန်သည်များနှင့် လယ်သမားတို့အခက်အခဲတွေ့

အစိုးရလုပ်ငန်းများ တစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းမှုကြောင့် ဇန်နဝါရီ ၁၁ ရက်တွင် လယ်ယာကဏ္ဍနှင့် ပတ်သက်သော အစီရင်ခံစာ အများအပြားကို ထုတ်ပြန်နိုင်တော့မည်မဟုတ်ဟု အမေရိကန် ပြည်ထောင်စုလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ကြေညာပြီးနောက် ပိုင်း သီးနှံခန့်မှန်းရေးလုပ်ငန်းဖြစ်သော Gro Intelligence ဌာနတွင် အလုပ်ရှုပ်သွားကြောင်း ချန်နယ်နယူးအေးရှား သတင်းတွင် ဖော်ပြသည်။

ပြည်တွင်းသီးနှံရိတ်သိမ်းမှုစံချိန်တင်မြင့်တက်မှုနှင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုစစ်ပွဲဖြစ်ပွားပြီး အမေရိကန်ပို့ကုန်လုပ်ငန်း နှေးကွေးကျဆင်းမှုတို့ ဖြစ်ပွားပြီးနောက် အမေရိကန် ပြည်ထောင်စုလယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက အမေရိကန်ပဲပုပ်အပါအဝင် သီးနှံများ၏ သိုလှောင်မှု ပမာဏ သုံးသပ်ချက်ကို ထုတ်ပြန်ပေးရန် စတင်စီစဉ်ခဲ့သည်။

ကုန်စည်ရောင်းဝယ်သော ကုန်သည်များ၊ စီးပွားရေးပညာရှင်များ၊ သီးနှံရောင်းဝယ်ဖောက်ကားသူများနှင့် လယ်သမားများမှာ သူတို့၏ငွေကြေးလက်ကျန် ရှင်းတမ်းများကို ရေးဆွဲပြီး နွေဦးသီးနှံစိုက်ပျိုးရေးအတွက် ဆုံးဖြတ်ချက်များကို ချမှတ်ရတော့မည်ဖြစ်သဖြင့် နောက်ဆုံးထုတ်ပြန်မည့် သီးနှံကိန်းဂဏန်းများကို စောင့်စားလျက်ရှိသည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ လုပ်ငန်းရပ်ဆိုင်းမှုမှာ ယခုအခါ တတိယသီတင်းပတ်သို့ ရောက်ရှိလာပြီဖြစ်ပြီး အမေရိကန် လယ်ယာလုပ်ငန်းစီးပွားရေးအသိုင်းအဝိုင်းတွင် ဂယက်ရိုက်ခတ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ ပြည်ထောင်စုချေးငွေနှင့် လယ်ယာလုပ်ငန်းအကူအညီပေးရေးကိစ္စများမှလည်း နှောင့်နှေးကြန့်ကြာမှုများကို ဖြစ်ပွားလျက်ရှိသည်။ ဇန်နဝါရီ ၁၄ ရက်တွင် လူဝီစီယားနား၌ ကျင်းပမည့် အမေရိကန်လယ်ယာလုပ်ငန်းဗြူရို ကွန်ဖရင့်တွင် သမ္မတ ဒေါ်နယ်ထရမ့်မိန့်ခွန်းမပြောမီ ယခုကဲ့သို့ တွေ့ကြုံခဲ့ရခြင်း ဖြစ်သည်။

ဒေတာအချက်အလက် ပြတ်တောက်မှုကို ဖြည့်ဆည်းရန်အတွက် ကုန်သည်များနှင့် တောင်သူလယ်သမားများသည် ပုဂ္ဂလိကခန့်မှန်းရေးသမားများ၊ ဂြိုဟ်တုသုံးစီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်မှုနှင့် ဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်နေသည့် ပွဲစားများကို အားထားနေရသည်။ အချို့က ရာသီဥတုပြောင်းလဲမှုပုံစံသီးနှံ တင်ပို့နှင့် ပတ်သက်၍ပြောဆိုနေကြသော တစ်တာများကို လေ့လာနေရသည်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန နေရာတွင် အစားထိုးရန်မှာ မလွယ်ကူကြောင်း သိရသည်။

Gro Intelligence သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှစ၍ အချက်အလက်ဒေတာ ပလက်ဖောင်းတစ်ခုကို စတင်တည်ထောင်ခဲ့ပြီး ဇန်နဝါရီ ၁၁ ရက်မှစ၍ ကမ္ဘာ့နှင့်အဝန်း သီးနှံ ရောင်းလိုအားနှင့် ဝယ်လိုအား အချက်အလက်များ ကို ထုတ်ပြန်သွားမည်ဟုသိရသည်။ အစိုးရ၏လုပ်ငန်းရပ်ဆိုင်းထားသည့်ကာလတစ်လျှောက်လုံးတွင် ကုမ္ပဏီ၏ အချက်အလက်ပလက်ဖောင်းကို ဖွင့်ပေးသွားမည်ဖြစ်ကြောင်း နယူးယောက်အခြေစိုက် Gro Intelligence ၏အမှုဆောင်ချုပ် ဆာရာမန်ကာက ပြောသည်။

**စံမီအောင်**

# ၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံက ကော်ဖီအမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ဖိုး ပြည်ပသို့တင်ပို့

၂၀၁၈ ခုနှစ်က ဗီယက်နမ်နိုင်ငံသည် ကော်ဖီတန်ချိန် ၁ ဒသမ ၈ သန်း တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄ ဘီလီယံဖိုးရရှိခဲ့သဖြင့် နှစ်အလိုက်တိုးတက်နှုန်းမှာ ပမာဏအားဖြင့် ၂၀ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၁ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်နယူး သတင်းတွင် ဖော်ပြသည်။

ကော်ဖီတစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၈၈၃ ဒေါ်လာ ဈေးရှိသဖြင့် ၂၀၁၇ ခုနှစ်ဈေးနှင့် နှိုင်းယှဉ်ပါက ၁၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ကမ္ဘာ့ကော်ဖီဈေးနှုန်းကျဆင်းမှုနှင့် ပြည်တွင်းကော်ဖီထုတ်လုပ်မှု ကျဆင်းသည့်အတွက် ကော်ဖီတင်ပို့ရာ၌ ဗီယက်နမ်နိုင်ငံသည် ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်တွင် အခက်အခဲများနှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ခန့်မှန်းသည်။

ရာသီဥတုပြောင်းလဲမှုဂယက်နှင့် ထွက်နှုန်းမြင့်သီးနှံများကို ပြောင်းလဲစိုက်ပျိုးမှုကြောင့် ၂၀၁၈ ခုနှစ်မှာ ကော်ဖီအထွက်က ငါးပုံတစ်ပုံခန့် ကျဆင်းခဲ့ကြောင်း ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်းက ပြောသည်။

ဗီယက်နမ်နိုင်ငံသည် ယခင်နှစ်က အယ်လဂျီးရီးယားနိုင်ငံ တစ်နိုင်ငံတည်းကိုပင်လျှင် ကော်ဖီစေ့တန်ချိန် ၇၄၁၂၀ တင်ပို့ခဲ့ရာ ရာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၄၈ သန်းရရှိခဲ့သဖြင့် ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၅၆ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ၂၈ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်အထွေထွေအကောက်ခွန် ဌာနအစီရင်ခံစာအရ သိရသည်။ ကော်ဖီသည် အယ်လဂျီးရီးယား နိုင်ငံတွင် လူကြိုက်များပြီး လူတစ်ဦးလျှင် နှစ်စဉ် သုံးကီလိုဂရမ်ကျော် သောက်သုံးသည်။ အယ်လဂျီးရီးယားနိုင်ငံသည် နှစ်စဉ်အမေရိကန် ဒေါ်လာသန်း ၃၀၀ ဖိုးရှိကော်ဖီစေ့ တန်ချိန် ၁၃၀၀၀၀ တင်သွင်းလျက်ရှိပြီး စုစုပေါင်း တင်သွင်းမှု၏ ၈၅ ရာခိုင်နှုန်းမှာ ရိုဘတ်စတာ ကော်ဖီဖြစ်သည်။

ဗီယက်နမ်နိုင်ငံအပြင် အိုင်ဗရီကို့စ်၊ အင်ဒိုနီးရှား၊ ဘရာဇီးနှင့် အီတလီနိုင်ငံတို့သည်လည်း အယ်ဂျီးရီးယားနိုင်ငံအား အဓိကကော်ဖီ ပေးသွင်းသော နိုင်ငံများဖြစ်သည်။ အယ်လ်ဂျီးယားနိုင်ငံတွင် ဗီယက်နမ် ကော်ဖီပိုမိုတင်ပို့နိုင်မည့် အလားအလာများစွာ ရှိနေပြီး အယ်ဂျီးရီးယားနိုင်ငံသို့ တင်ပို့သောအမယ်များအနက် ထိပ်တန်းပို့ကုန်အမယ်ဖြစ်လာနိုင်သည်။ ၂၀၁၈ ခုနှစ်တွင် အယ်ဂျီးရီးယားနိုင်ငံသို့ကော်ဖီတင်ပို့ရာမှရရှိသော ဝင်ငွေမှာ ပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၆၈ ရာခိုင်နှုန်း ရှိခဲ့သည်။

ယခုအခါ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ကော်ဖီတင်ပို့မှုတွင် ဒုတိယ အများဆုံးနေရာ၌ရှိနေပြီး ရိုဘတ်စတာကော်ဖီအများဆုံး တင်ပို့သောနိုင်ငံဖြစ်သည်။ ကော်ဖီတင်ပို့မှုသည် နိုင်ငံလယ်ယာ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍ စုစုပေါင်းတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်း နီးပါးရှိသည်။

**စံမီအောင်**

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး. . . . . မှအဆက်**

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းသည် အမျိုးသားရေး စိတ်ဓာတ်ကို အခြေခံပြီး ကဏ္ဍအသီးသီးမှ ရွှေလုပ်ငန်း လုပ်ကိုင်နေသူများ၏ လူနေမှုဘဝ လုံခြုံ အေးချမ်းစေရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက် မူဝါဒဘောင်အတွင်းမှနေ၍ အထောက်အကူပေးလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းသူအသင်းသားများအကြား ပေါင်းကူးဆက်သွယ်၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အသင်းကြီးဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းရှင်များအားလုံးကို ရွှေလက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်ထားသော အနုပညာပစ္စည်းများ၊ အသုံး အဆောင်ပစ္စည်းများကို တရားဝင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် လုပ်ကိုင်နိုင်ရန် စနစ်တကျ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး အသင်းအဖွဲ့၏ လုပ်ငန်းစဉ်များ အောင်မြင်အောင် ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းတို့ အစည်းအဝေးများပြုလုပ်ပြီး အားနည်းချက်၊ အားသာချက်များအား ဆွေးနွေးရန်လိုအပ်ကြောင်း၊ နိုင်ငံတကာမှ နည်းပညာ၊ အတတ်ပညာများ ရရှိအောင် နိုင်ငံတကာနှင့် ချိတ်ဆက် ဆောင်ရွက်ပေးနိုင်သော အသင်းဖြစ်စေရေးအတွက် အသင်းအနေဖြင့် စည်းလုံးညီညွတ်ပြီး ရွှေကဏ္ဍဖွံ့ဖြိုး တိုးတက်အောင် ပူးပေါင်းလုပ်ကိုင်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားအသီးသီး ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဌာန ဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဗဟန်းမြို့နယ်၊ ကန်တော်ကြီး၊ မျှော်စင်ကွင်းတွင် ကျင်းပပြုလုပ်လျက်ရှိသော ပြည်နယ်နှင့်တိုင်းများမှ အသေးစားအလတ်စား ထုတ်ကုန်ပစ္စည်းများပြသသည့် Made in Maynamr ကုန်စည်ပြပွဲသို့ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

# ယခုနှစ်တွင်အက်ပဲလ်က အိုင်ဖုန်းမော်ဒယ်သစ်သုံးမျိုးကို စတင်ထုတ်လုပ်မည်



အောင်မြင်မှုရရန် အသည်းအသန်ရုန်းကန်နေရသော XR model ကို ဆက်ခံရန်အတွက် LCD Screen ပါဝင်သော အမျိုးအစားတစ်မျိုးအပါအဝင် အိုင်ဖုန်းမော်ဒယ်သစ် သုံးမျိုး ယခုနှစ်အတွင်း ထုတ်လုပ်သွားရန် အက်ပဲလ်က စီစဉ်နေကြောင်း ဝေါစထရိဂျာနယ်တွင် ဇန်နဝါရီ ၁၁ ရက်က ဖော်ပြသော သတင်းကို ကိုးကား၍ ချန်နယ် နယူးအေးရှသတင်းတွင် ဖော်ပြသည်။

အက်ပဲလ်ကကင်မရာ features အသစ်များကိုမိတ်ဆက်ပေးရန်ရည်ရွယ်ကြောင်း ဤကိစ္စနှင့်နီးစပ်သော ပုဂ္ဂိုလ်များ၏ ပြောကြားချက်ကိုကိုးကား၍ အစီရင်ခံစာတွင် ဖော်ပြသည်။

ဆက်သွယ်မေးမြန်းချက်များနှင့်ပတ်သက်၍ အက်ပဲလ်က ချက်ချင်းမဖြေကြားခဲ့ပါ။

အိုင်ဖုန်း XR ၏ရောင်းအားကျဆင်းမှုကြောင့် မကြာသေးမီက ဝင်ငွေကျဆင်းမှုနှင့်ရင်ဆိုင်နေရချိန်တွင် LCD မိုဒယ်များကို ဆက်လက်ထုတ်လုပ်ရန် ကုမ္ပဏီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ ဝယ်လိုအားကျဆင်းမှုကြောင့် ကုမ္ပဏီရှယ်ယာတန်ဖိုး ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရာ ခြောက်နှစ်အတွင်း တစ်ရက်တာကာလ ကျဆင်းမှုအမြင့်ဆုံးဖြစ်ခဲ့ပြီးနောက် ယခင်ရက်သတ္တပတ်က အက်ပဲလ်သည် ၁၂ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဝင်ငွေ သတိပေးချက် ထုတ်ပြန်ခဲ့သည်။ ကုန်ပစ္စည်းများကို လပေါင်းများစွာကပင် ထုတ်လုပ်လျက်ရှိသဖြင့် LCD model များကို စတင်မိတ်ဆက်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။

သို့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် အက်ပဲလ်က အိုင်ဖုန်းများအား LCD model အဖြစ် လုံးဝမထုတ်တော့ဘဲ organic light-emitting diode(OLED)ဖန်သားပြင်အဖြစ် ပြောင်းလဲထုတ်လုပ်ရန် စီစဉ်ထားကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။

**စံမီအောင်**

# ပြည်တွင်းဈေးကွက် အနေအထားများအရ ဆောက်လုပ်ရေးလုပ်ငန်းများ အားထားသည့် ကြိုပွိုင့်ဆောက်လုပ်ရေးဈေးကွက် ပျောက်ကွယ်လာနိုင်

ပြည်တွင်းရှိ အိမ်ခြံမြေဈေးကွက် အနေအထားများအရ ဆောက်လုပ်ရေး လုပ်ငန်းများ အားထားရသည့် ကြိုပွိုင့် ဆောက်လုပ်ရေးဈေးကွက်မှာ ပျောက်ကွယ်လာနိုင်ကြောင်း Asia Myanmar Shining Star မှ ပရော့ဂျက်ဒါရိုက်တာ ဦးငြိမ်းအောင်က ပြောသည်။

ယခုနှစ်အပိုင်းအခြားအတွင်း ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းများမှာ ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ပြီး ကြိုပွိုင့် ဆောက်လုပ် ရောင်းချမှု ဈေးကွက်မှာလည်း ပျောက်ကွယ်လုနီးပါး ဖြစ်နေကြောင်း သိရသည်။

"အရင်က ဆောက်လုပ်ရေးဈေးကွက်မှာ Saler Market နဲ့ Buyer Market ဆိုပြီး ရှိခဲ့ပေမယ့် အခုက ဝယ်သူအလိုကျ ရောင်းချရတဲ့ Buyer ဈေးကွက်ကို ရောက်ရှိလာတယ်။ ဝယ်သူတွေအနေနဲ့ ကလည်း အရစ်ကျစနစ်တွေ၊ ဘဏ်ချေးငွေစနစ်တွေနဲ့ ဆောက်လုပ်ပြီးသား အသင့်နေတွေကိုသာ ရွေးချယ်ဝယ်ယူကြတာဖြစ်တဲ့အတွက် ကြိုပွိုင့် ဆောက်လုပ်ရောင်းချမှု ဈေးကွက်က ပျောက်ကွယ်လုနီးပါး ဖြစ်နေတယ်"ဟု Asia Myanmar Shining Star မှ ပရော့ဂျက်ဒါရိုက်တာ ဦးငြိမ်းအောင်က ပြောသည်။

လက်ရှိ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများတွင် ဈေးကွက်အေးနေသည့် အခြေအနေများကြောင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ တိုက်ခန်းများ၊ ကွန်ဒိုများ ရောင်းချမှုကို ဝယ်ယူသူများ အဆင်ပြေနိုင်မည့် ဝယ်သူစိတ်ကြိုက်ရောင်းချပေးလျက်ရှိပြီး လက်ငင်းရောင်းချမှု၊ အရစ်ကျရောင်းချမှုနှင့် ဘဏ်ချေးငွေဖြင့်ရောင်းချမှု စသည့် နည်းလမ်းမျိုးစုံဖြင့် ရောင်းချလျက်ရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

လက်ရှိအနေအထားအရ ၂၀၁၉ ခုနှစ်တွင်လည်း ဈေးကွက်ပြောင်းလဲမှု အနည်းငယ်သာရှိနိုင်ပြီး ပြည်တွင်းရှိ ဆောက်လုပ်ရေးဈေးကွက် အေးစက်နေဦးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းက သုံးသပ်ပြောဆိုထားကြောင်း သိရသည်။

**ချောစု**

# ဥရောပကုန်သွယ်မှုအခွင့်အရေးရရှိနေခြင်းကြောင့် ပြည်တွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်

ဥရောပကုန်သွယ်မှုအခွင့်အရေး ရရှိနေခြင်းကြောင့် မြန်မာနိုင်ငံသို့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာနိုင် ရန်ရှိသလို ကုန်သွယ်မှုအခွင့်အရေးရုပ်သိမ်းသွားမည်ကိုလည်း နိုင်ငံခြားရင်းနှီး မြှုပ်နှံသူလုပ်ငန်းရှင်များ စိုးရိမ်နေကြကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ဇန်နဝါရီ ၅ ရက်တွင် ပြောသည်။

"အဓိကပို့မယ့်ဈေးကွက်ကလည်း အီးယူဈေးကွက်ဖြစ်နေတယ်။ GSP ပေးမယ်ဆိုရင် လုပ်ရတာအခွင့်အလမ်းသာမယ်။ လုပ်ငန်းရှင်အချို့လည်း ရုံးကိုလာမေးတယ်။ သူတို့လုပ်ငန်းတွေ မြန်မာပြည်ကိုရွှေ့ဖို့မှာ မြန်မာပြည်နဲ့ EUရဲ့ GSP အခြေအနေကို စုံစမ်းကြတာများတယ်။ တချို့လုပ်ငန်းလုပ်ပြီးသားသူတွေလည်း စိတ်ပူပန်နေကြတာတွေရှိတယ်။ အကယ်၍ EU က GSP ဆက်မပေးတော့ဘူးဆိုရင် သူတို့ဒုက္ခ ရောက်မယ်၊ ကျဉ်းထဲကျပ်ထဲရောက်မယ်ပေ့ါနော်။ ဒါမျိုးလေးတွေ စိတ်ပူကြတာရှိတယ်။ ဒါကြောင့်မို့ EU GSP ဆက်ပေးမယ်ဆိုတဲ့ဟာမျိုးဖြစ်လာမယ်ဆိုရင် ဒီထက်ရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးတော့ ဝင်လာမယ်ပေ့ါ။ အဓိကကတော့ ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံက လုပ်ငန်းရှင်တွေ စုံစမ်းမေးမြန်းကြပါတယ်"ဟု ဦးအောင်နိုင်ဦးက ပြောသည်။

၂၀၁၃ ခုနှစ်မတိုင်ခင်က အီးယူဈေးကွက်သို့တင်ပို့နေသည့် စက်ရုံအရေအတွက်မှာ ၂၄ ရုံသာရှိပြီး အလုပ်အကိုင်အခွင့်အလမ်း နှစ်သောင်းကျော်သာ ဖန်တီးပေးနိုင်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင် အီးယူအနေဖြင့် မြန်မာနိုင်ငံကို GSP ပြန်လည်ပေးအပ်ပြီးနောက်တွင် အီးယူသို့တင်ပို့သော စက်ရုံ ၃၂၉ ရုံရှိလာကာ အလုပ်အကိုင်အခွင့်အလမ်း သုံးသိန်းကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

"EU က ပေးထားတဲ့ GSP ကို မျှော်ကိုးပြီး ရွှေ့လာမယ့်စက်ရုံတွေအများကြီးရှိတယ်။ စက်ရုံပေါင်း ၃၀၀ ကျော်လောက်က ကျွန်တော်တို့တိုင်းပြည်ရဲ့ လူတစ်ထောင်မှာ ခြောက်ယောက်လောက်ကို ဆင်းရဲတွင်းကနေ လွတ်ကင်းသွားအောင် ဖန်တီးပေးနိုင်မယ်ဆိုရင် စက်ရုံပေါင်း သုံးထောင်ကျော်ဖြစ်လာမယ်ဆိုရင် လူတစ်ထောင်မှာ ခြောက်ဆယ်လောက်ဖြစ်လာမှာဖြစ်တယ်။ GSP သည် ကျွန်တော်တို့ တိုင်းပြည်ရဲ့ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးရော၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုမှာရော အရေးကြီးပါတယ်"ဟု ဦးအောင်နိုင်ဦးက ဆက်လက် ပြောကြားသည်။

အီးယူကုန်သွယ်မှု အခွင့်အရေးစိစစ်လေ့လာရေးအဖွဲ့သည် ကုန်သွယ်မှုအခွင့်အရေးကိစ္စနှင့်ပတ်သတ်၍ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

**သန်းထိုက်အောင်**

# CarsDB Auto Show Reloaded Yangon 2019 ပြုလုပ်မည်

CarsDB မှ ကြီးမှူးကျင်းပသည့် CarsDB Auto Show Reloaded Yangon 2019 နိုင်ငံတကာအဆင့်မီ မိုးလုံလေလုံမော်တော်ယာဉ် အရောင်းပြပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်ရှိ The One Entertainment Parkတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




အဆိုပါ မော်တော်ယာဉ်အရောင်းပြပွဲကို မော်တော်ကားထုတ်လုပ်သူများ၊ ဖြန့်ဖြူးရောင်းချသူများ၊ ကားနှင့်စပ်ဆက်သော လုပ်ငန်းများ၊ မော်တော်ယာဉ် အရစ်ကျဝယ်ယူလိုသူများအနေဖြင့် ဘဏ်နှင့်အာမခံလုပ်ငန်းများမှတစ်ဆင့်ဈေးကွက်အတွင်း မော်တော်ယာဉ်များကို ဝန်ဆောင်မှုအမျိုးမျိုးဖြင့် တစ်နေရာတည်းတွင် စိတ်ကြိုက်ဝယ်ယူနိုင်ရန်အပြင် မြန်မာနိုင်ငံရှိမော်တော်ယာဉ်လုပ်ငန်းစုကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းပြည်ကလည်း ပွင့်လင်းလာသလို စီးပွားရေးကလည်း ကောင်းလာတယ်။ လူလတ်တန်းစားလည်း များလာတာကြောင့် လူတိုင်းကို ကားစီးစေချင်တဲ့အတွက် အရစ်ကျပေးတဲ့ စနစ်တွေကို ကျွန်တော်တို့ AYA Bank က ပြင်ဆင်ခဲ့ပါတယ်။ ပြန်ပြင်ပြီးတဲ့အခါ မြန်မာနိုင်ငံမှာ အကြီးဆုံးပလက်ဖောင်းတစ်ခုဖြစ်တဲ့ CarDB နဲ့တွဲပြီး မော်တော်ကားကို တစ်နေရာတည်းမှာလာပြီး ကြည့်လို့ရတဲ့ပြပွဲတွေကို စီစဉ်ခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲတွေမှာ လူတွေကို ကားပိုင်ဆိုင်ခွင့်ရချင်တဲ့အတွက် လက်ငင်းပေးချေငွေသားတွေကိုလည်း လျှော့ချပေးထားသလို ဝန်ဆောင်ခကိုလျှော့ချထားပါတယ်"ဟု CarsDB Auto Show Reloaded Yangon 2019 ၏ Official Banking Partner ဖြစ်သည့် AYA BankrS Director of Retail Banking ဖြစ်သူ Mr. Colin က ပြောသည်။

ယခု မော်တော်ယာဉ်ပြပွဲတွင် Brand New ကားသစ်များဖြစ်သော Ford၊ Toyota၊ Jaguar၊ Land Rover၊ Mercedes-Benz၊ BMW၊ Volvo၊ Nissan၊ GAC၊ Sukuzi၊ KIA၊ Mazda၊ Chevrolet၊ Mitsubishi၊ Yutong နှင့် Hyundai Truck & Bus တို့မှ ကားသစ်များကို ပြသရောင်းချသွားမည်ဖြစ်သလို စမ်းသပ်မောင်းနှင်ခွင့်လည်းပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် တစ်ပတ်ရစ်ကားများ၊ မော်တော်ယာဉ်အပိုပစ္စည်းဆိုင်များ၊ မော်တော်ယာဉ်နှင့် ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

CarsDB ကို မော်တော်ယာဉ်ရောင်းသူနှင့် ဝယ်သူများကို အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်ချိတ်ဆက်ပေးသည့် မြန်မာနိုင်ငံ၏ ပထမဆုံး Portal အဖြစ် ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ကန်စွန်းဥ စိုက်ပျိုးထုတ်လုပ်မှုအား စက်မှုသီးနှံအနေဖြင့် စိုက်ပျိုးထုတ်လုပ်သွားမည်

ပြည်တွင်းရှိ ကန်စွန်းဥစိုက်ပျိုး ထုတ်လုပ်မှုများကို သုတေသနပြုလုပ်၍ စက်မှုသီးနှံအနေဖြင့် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ထိုကဲ့သို့ စက်မှုသီးနှံအနေဖြင့် စိုက် ပျိုးထုတ်လုပ်နိုင်ရန်အတွက် တောင်သူများအား သင်တန်းများပေးအပ်သွားမည်ဖြစ်သလို စမ်းသပ်မှုများလည်း လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"အခုကတော့ မျိုးစေ့တွေကို သုတေသန လုပ်နေတယ်။ ဒါပြီးရင် တောင်သူတွေကို တန်ဖိုးမြင့်စိုက်ပျိုးနိုင်ဖို့အတွက် သင်တန်းတွေပေးသွားပါမယ်။ ကန်စွန်းဥနဲ့ပတ်သက်ရင် တီထွင်ဖန်တီးပြီး စားသောက်လို့ရတာတွေအများကြီး ရှိတယ်။ အာဟာရလည်း ရှိတယ်။ အရက်လည်း ချက်လို့ရတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာက ကန်စွန်းဥကို ပြုတ်စားတယ်။ ဖုတ်စားတယ်။ ဒီလောက်ပဲ ကြော်စားတာတောင် သိပ်မရှိကြဘူး။ အဲဒါကြောင့် စားသုံးမှုမြှင့်တင်ရေးကိုလည်း အဓိကအနေနဲ့ လုပ်သွားဖို့ရှိပါတယ်" ဟု You & I အထွေထွေသမဝါယမအသင်းလီမိတက်မှ အထွေထွေ အတွင်းရေးမှူး ဒေါ်သင်ဇာဝင်းပြည့်ကျော်က ပြောသည်။

ယခင်က မြန်မာ့ကန်စွန်းဥကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့သလို ဈေးကွက်ဝယ်လိုအားလည်း ရှိနေပြီး အရည်အသွေးပြည့်မီမှု မရှိသည့်အတွက် ဆက်လက်တင်ပို့နိုင်ခြင်းမရှိကြောင်း၊ လက်ရှိတွင် ကန်စွန်းဥစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေးနှင့် စားသုံးမှုမြှင့်တင်ရေးလှုပ်ရှားမှုများကို လုပ်ဆောင်နေပြီး ပြည်တွင်း စိုက်ပျိုးမှု နှင့် ကိုက်ညီသည့်မျိုးစေ့များကို သုတေသန ပြုလုပ်ခြင်း၊ စမ်းသပ်ခြင်းများ လုပ်ဆောင်နေကြောင်း သိရသည်။

ထိုကဲ့သို့ ကန်စွန်းဥစိုက်ပျိုးထုတ်လုပ်မှုကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်လျှင် ပြည်တွင်းဈေးကွက် ကျယ်ပြန့်မှုကို ဆောင်ရွက်နိုင်မည့်အပြင် ကမ္ဘာ့ဈေးကွက်ကိုလည်း ပြန်လည် ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကုန်ကြမ်းကိုသာ တင်ပို့နိုင်ပြီး ကုန်ချောကို ပြန်လည် ဝယ်ယူစားသုံးနေရသည့်အတွက် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုများတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်၍ ကုန်ချောအဆင့်အထိ ပူးပေါင်းဆောင ရွက်ရန်လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးသန်းအောင်စိုးက ပြောသည်။

**ချောစု**

## စာမျက်နှာ (၈) သုံးဘီးတပ်ယာဉ် (Three-Wheeled Vehicles) များနှင့်ပတ်သက်၍ . . . မှအဆက်

မောင်းနှင်သူအား ရာသီဥတုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် အမိုးအကာ တပ်ဆင်ထားသော မော်တော်ဆိုင်ကယ်များနှင့် လူစီးရန် သို့မဟုတ် ကုန်ပစ္စည်းတင်ဆောင်ရန်အတွက် ဘေးတွဲတပ်ဆင်ထား သော မော်တော်ဆိုင်ကယ်များသည်လည်း ယင်းခေါင်းစဉ်အောက်တွင် အကျုံးဝင်ကြောင်း ဖော်ပြထားပါသည်။ HS Code Heading 87.11 တွင် အကျုံးဝင်သော သုံးဘီးတပ်ယာဉ် (Three-Wheeled Vehicles) များ၊ မော်တော်ဆိုင်ကယ်များ၏ နမူနာပုံအချို့ကိုလည်း တင်ပြလိုပါသည်။

ယင်းသုံးဘီးတပ်လူစီးယာဉ်၊ ကုန်တင်ယာဉ်အမျိုးအစားများကို ကမ္ဘာနှင့်အဝှမ်း တွင်ကျယ်စွာအသုံးပြုလာကြပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကုန်သွယ်မှုများပြားလာသည့်အတွက် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာ အငြင်းပွားမှုများလည်းရှိပါသည်။ ထိုကုန်ပစ္စည်း အမျိုးအစား ခွဲခြားခြင်းဆိုင်ရာ အငြင်းပွားမှုများအတွက် WCO Harmonized System Committee (HSC) မှ စည်းအဝေးများကျင်းပကာ ဖြေရှင်းဆောင်ရွက်ပေးရသည့်ကိစ္စများလည်းရှိပါသည်။

ယခုအခါ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၇ အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပြီး (၁-၁၀-၂၀၁၇) ရက်နေ့မှ စတင်ကျင့်သုံးခဲ့ပြီးဖြစ်ပါသည်။ HS Code Heading 87.03 တွင် အကျုံးဝင်သော သုံးဘီးတပ်ယာဉ်များကို မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၇ တွင် အင်ဂျင်ပါဝါပေါ် မူတည်၍ အကောက်ခွန်နှုန်း ၃၀ရာခိုင်နှုန်း သို့မဟုတ် ၄၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိပြီး HS Code Heading 87.04 တွင်အကျုံးဝင်သော သုံးဘီးတပ်ယာဉ်များကို မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၇ တွင် အကောက်ခွန်နှုန်း ၁၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိပါသည်။ HS Code Heading 87.11 တွင် အကျုံးဝင်သော သုံးဘီးတပ်ယာဉ်များကို မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၇ တွင် အကောက်ခွန်နှုန်း၅ ရာခိုင်နှုန်း ကောက်ခံလျက်ရှိပါသည်။


(ပုံ-၁ :HS Code Heading 87.11တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်)source:internet


(ပုံ-၂ :HS Code Heading 87.11တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်)source:internet

သို့ဖြစ်ပါ၍ တင်သွင်းတင်ပို့သူများအနေဖြင့် အဆိုပါသုံးဘီးတပ်ယာဉ်များ တင်သွင်းလာပါက ကုန်ပစ္စည်းအမျိုးအစား ခွဲခြားနိုင်ရန်နှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသော အလေ့အထများအား သိရှိနားလည်နိုင်စေရန် အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကုန်သွယ်မှု လွယ်ကူ ချောမွေ့စေရေးကို ရှေးရှု၍ တင်ပြလိုက်ရခြင်းဖြစ်ပါသည်။


(ပုံ-၃ :HS Code Heading 87.11တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်)source:internet


(ပုံ - ၄: HS Code Heading 87.11တွင်အကျုံးဝင်သောသုံးဘီးတပ်ယာဉ်) source:internet

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှအဆက်

ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးတို့ကို မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့ သို့ မိမိတို့ဌာနဆိုင်ရာများ အပိုင်းမှလည်း ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ကောင်းမွန်သင့်မြတ်သော နည်းလမ်းများရှာဖွေ ပံ့ပိုးပေးသွားပါက နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိ ဖရဲ၊ သခွား ထွက်ပေါ် သည့် ရာသီကာလတွင် ကားလမ်းပိတ်ဆို့မှုများဖြစ်ပေါ် နေပြီး ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အတွက် ဆောင်ရွက်သင့်သည်များအား နှစ်နိုင်ငံ ဆွေးနွေး ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးရန် လိုအပ်ကြောင်း၊ ကျိန်စမ်းကျော့နယ်စပ်ဂိတ်ကို နှစ်နိုင်ငံညှိနှိုင်း၍ သတ်မှတ်ချက်နှင့် အညီ တရားဝင်ပုံမှန်ဂိတ်ဖြစ်စေရေး ဆောင်ရွက်ခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းလာမည်ဖြစ်ပြီး ကုန်သွယ်မှု လျင်မြန်ချောမွေ့လာမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ် နေသဖြင့် မိမိနိုင်ငံဘက်မှ စိုက်ပျိုးသူ တောင်သူများ ထိခိုက်နစ်နာသကဲ့သို့ ယူနန် ပြည်နယ်ကုန်သည်များဘက်တွင်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ် လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံညှိနှိုင်းပေါင်းစပ်ဖြေရှင်းခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်းနှင့် ရေရှည်တွင် ကုန်သွယ်မှု တိုးတက်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် နှစ်ဖက် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ကျိန်စမ်းကျော့ (မန်းမန်-နွမ်းရင်) ဂိတ်ဖွင့်လှစ်နိုင်ရေး စတင်ဆောင်ရွက်ခဲ့မှု၊ မြန်မာ-တရုတ်ကုန်သွယ်မှု ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mrs. Li Xiaoyan က တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ကျိန်စမ်းကျော့ဂိတ် တရားဝင်ဖွင့်လှစ်နိုင်ရေးအတွက် တရုတ်နိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများ၊ လတ်တလော ယာဉ်ကြောပိတ်ဆို့မှုအတွက် နယ်စပ်ဝင်ထွက်ဂိတ်များတွင် ဝင်ထွက်နေမှုများအား စစ်ဆေးချိန် ပိုမိုရရှိရေး၊ စစ်ဆေးသည့် ဝန်ထမ်းများ ပိုမိုထားရှိပေး နိုင်မည့် အခြေအနေများ၊ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရေးတို့အတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးသံမှူးမှ နှစ်နိုင်ငံကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရေးအတွက် နှစ်နိုင်ငံညှိနှိုင်းပြီး နယ်စပ်ကုန်သွယ်ရေးဂိတ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးစီစဉ် ဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် ကျိန်စမ်းကျော့ဂိတ်အား အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် တက်ရောက်လာသည့် ဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက်ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။ အဆိုပါ ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် နှစ်နိုင်ငံပူပေါင်းဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mrs. Li Xiaoyan နှင့် သံမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး . . . မှအဆက်

စက်မှုဇုန်များတွင် ဆီစက်အရေအတွက် ကျဆင်းနေသည်ကို တွေ့ရပါကြောင်း၊ ယခင်က ဆီအမြောက်အမြား ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုအခါ ပြည်ပမှ ၇၀ ရာခိုင်နှုန်းခန့် တင်သွင်းနေရပါကြောင်း၊ ဆီစက်လုပ်ငန်းများကျဆင်းလာမှုကိုလေ့လာကြည့်ပါက ပြည်ပမှ စားသုံးဆီများအား ဈေးနှုန်းသက်သာစွာသုံးစွဲနေကြခြင်းကြောင့်ဖြစ်သဖြင့် စားသုံးဆီသုံးစွဲမှုနှုန်းလည်း မြင့်မားလာခဲ့ပါကြောင်း၊ ထို့ပြင် ပြည်တွင်းမှ ပဲဆီ၊ နှမ်းဆီအချို့တွင်လည်း စားသုံးဆီများရောနှော၍ ပဲဆီ၊ နှမ်းဆီရနံ့များ ထည့်သွင်းအသုံးပြုရောင်းချနေကြသည်ကိုတွေ့ရှိရပြီး စားသုံးသူများ၏ ကျန်းမာရေးလည်း ထိခိုက်လာနိုင်ပါကြောင်း၊ ပြည်တွင်းပဲဆီ၊ နှမ်းဆီများဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ထုတ်လုပ်မှုစရိတ် ကျဆင်းအောင် ပဏာမ ဆောင်ရွက်ရမည်ဖြစ် ပြီးကုန်ကြမ်းအထွက်နှုန်း တိုးတက်စေရန်နှင့် ဆီထုတ်လုပ်မှုမြင့်မားလာစေရန်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

ထို့ပြင် ဆီစက်လုပ်ငန်းများသည် ပြည်တွင်းရှိ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အစားအစာများလည်း ထုတ်လုပ်ပေးနိုင်ပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကိုလည်း များစွာအထောက်အကူဖြစ်စေပါကြောင်း၊ သို့ဖြစ်ပါ၍ Good Manufacturing Product ဖြစ်စေရန် အရည်အသွေး အား ဂရုပြု ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ဆီထွက်နှုန်းတိုးမြှင့်စေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပဲနှင့်နှမ်းတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းထုတ်လုပ်သည့်ဆီများအား Hazard Analysis and Critical Control Points (HACCP) Certificate ရရှိသည်အထိ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆီအတုအပများသည် ကျန်းမာရေးအားထိခိုက်နိုင်သဖြင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၅ ရက်နေ့လယ်ပိုင်းတွင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိခဲ့ပြီး Pyin Oo Lwin Centre ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုများအားလှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် ယင်းအဆောက်အဦး၌ပင် မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် သီးနှံအလိုက် အစုအဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့ သစ်သီးဝလံ ပန်းမန်များအား အရည်အသွေးမီစံနှုန်းများနှင့် အညီစိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေး ကွက်သို့ တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတို့အကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန လက်အောက်ရှိ မျိုးပိုးဥနှင့်ပိုးဥသုတေသနခြံ၊ ပြင်ဦး လွင်မြို့သို့ သွားရောက်လေ့လာကြည့်ရှု ခဲ့ပြီးပိုးစာ စိုက်ပျိုးထုတ်လုပ်မှု တိုး တက်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

Vol: 19, No.2 Monday January 14 2019

## မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မြေများကို အုပ်စုများခွဲခြားသတ်မှတ်၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်နှင့် အိမ်ငှားပိုင်ခွင့် လုပ်ငန်းလိုင်စင်လျှောက်ထားရန် အသိပေး

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မည်သည့် စီးပွားရေးလုပ်ငန်းမဆို လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို စီမံရေးရာ ဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး ပြည်တွင်းပြည်ပလုပ်ငန်းရှင်များမှ အဆောက်အအုံ ငှားရမ်း၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ အတွက်လည်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ တည်းခိုခန်း၊ ဘော်ဒါဆောင်နှင့် အခန်းလိုက်ငှားသော အဆောက်အအုံများဆိုင်ရာ နည်းဥပဒေ ၃ အရ အိမ်ပိုင်ရှင်က အငှားအိမ် ငှားပိုင်ခွင့် လုပ်ငန်းလိုင်စင်လျှောက်ထားရန် အသိပေးထားသည်။

မြန်မာငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ငှားရမ်းခယူ၍ အငှားချထားသော လူနေအိမ်၊ အခန်း၊ ဘော်ဒါဆောင်နှင့် အဆောက်အအုံများ၏ အငှားအိမ်ငှား ပိုင်ခွင့်လုပ်ငန်းလိုင်စင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ လျှောက်ထားရမည်ဖြစ်ပြီး မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မြေများကို အုပ်စု(A) (B) (C)သတ်မှတ်ပြီး ယင်းအုပ်စုရှိ မြေကွက်များကို မြေအမျိုးအစား ထပ်မံခွဲ၍အုပ်စု (A)သည် လမ်းမကြီးပေါ် ရှိလျှင်(A1)၊ လမ်းကျယ်ပေါ် ရှိလျှင် (A2)၊ လမ်းကျဉ်းတွင်ရှိလျှင် (A3)ဟူ၍ (B1) (B2)(B3)(C1)(C2)(C3) သတ်မှတ်ပြီး မြေအမျိုးအစား၊ အဆောက်အအုံအမျိုးအစားလိုက် စတုရန်းပေ အကျယ်အပေါ် မူတည်၍ သင့်တင့်မျှတစွာ လိုင်စင်ခများ သတ်မှတ်ကောက်ခံသွားမည်ဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ဆက်သွယ်ရေးတာဝါတိုင်များစိုက်ထူ၍ ငှားရမ်းလုပ်ကိုင်ခြင်းများရှိရာ နေရာတစ်နေရာအတွက် ဘဏ္ဍာ နှစ်(၁)နှစ်လျှင် ကျပ်သုံးသောင်း ကောက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**မောင်ပြည်သူ (မန္တလေး)**

## ဆန်စက်လုပ်ငန်းရှင်များ ချေးငွေရရှိရေးအတွက် ဘဏ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

MSMEs လုပ်ငန်းဖြစ်တဲ့ ဆန်စက်လုပ်ငန်းရှင်များ ချေးငွေရရှိရေးအတွက် ဧရာဝတီဘဏ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်က မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ရာဆန်စက်လုပ်ငန်းရှင်များ (၅၅) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲ၌ မွန်ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးခိုင်ဦးမှ ဆန်စက်လုပ်ငန်းရှင်များအနေဖြင့် ဘဏ်မှ လိုအပ်ချက်များကို မြန်မြန်ဆန်ဆန် လုပ်ဆောင်ပေးကြရန်နှင့် အခက်အခဲများရှိလျှင် ဆန်စက်လုပ်ငန်းရှင်များအသင်းသို့ ဆက်သွယ်နိုင်ကြောင်း၊ မိမိမှလည်း ကူညီပေးမည်ဖြစ်ကြောင်း၊ ချေးငွေရရှိလျှင် ဆန်စက်များအား အဆင့်မြှင့်တင်ပြီး မွန်ပြည်နယ်၏ ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြဖို့ ပြောကြားခဲ့ပါသည်။

ထို့နောက် ဧရာဝတီဘဏ်မှ မန်နေဂျာ ဒေါ်သူဇာထွေးမှ ဆန်စက်လုပ်ငန်းရှင်များအတွက် SMEs ချေးငွေနှင့် CGI ချေးငွေ (အာမခံထားရန် မလိုသောချေးငွေ) ဟူ၍ (၂) မျိုး သတ်မှတ်ထားကြောင်း၊ SMEs ချေးငွေမှာ အတိုးနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ဆန်စက်လုပ်ငန်းအတွက် ချေးငွေများကို ဆန်စက်လုပ်ငန်းနှင့် ဆန်သိုလှောင်ရုံများအတွက်သာ သုံးစွဲရမည် ဖြစ်ပြီး အခြားလုပ်ငန်း၌ အသုံးပြု၍မရသည့်အတွက် ချေးငွေ၏ ၈၀ ရာခိုင်နှုန်းကို ဆန်စက်အတွက် ကုန်ဝယ်သည့် အထောက်အထားနှင့် Labour Charges ပေးသည့် အထောက်အထားများကိုတင်ပြရမည်ဖြစ်ကြောင်း၊ မြေဂရမ် မရှိသူများအတွက် CGI ချေးငွေ (အာမခံထားရန်မလိုသော ချေးငွေ)ကို ထုတ်ချေးပေးကြောင်း၊ CGI ချေးငွေကို တစ်ဦးချင်းစီအတွက် ကျပ်သိန်း ၂၀၀ ထုတ်ချေးရန် လျာထားကြောင်း၊ ဝင်ငွေ၊ သုံးငွေစာရင်း၊ ၁ နှစ်စာ အခွန်ဆောင်ထားသည့် အထောက်အထားများ၊ အရှုံးအမြတ်စာရင်း၊ သက်တမ်းရှိသည့် စည်ပင်လိုင်စင်၊ လုပ်ငန်းဆောင်ရွက်မည့်အစီအမံ၊ စက်မှုကြီးကြပ်မှ SMEs Member Card စသည့် အထောက်အထားများကို ဘဏ်သို့တင်ပြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**မိုးမိုး (မွန်)**

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်ဝိုင်ရပ်ကွက်၊ ကုန်စိမ်း၊ သား၊ ငါး ရောင်းချသော တာပေါ်စျေးတန်းတွင် ရှောင်တခင် ဝင်ရောက် ကွင်းဆင်းစစ်ဆေး

ပဲခူးမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ခရိုင်ဦးစီးမှူးရုံးမှ ဌာနတာဝန်ခံနှင့် ဝန်ထမ်းများသည် ဌာနဆိုင်ရာ မိတ်ဖက်အဖွဲ့ဝင်များဖြစ်သော FDA၊ စည်ပင်သာယာမှ စျေးခေါင်း၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ပါဝင်လျက် ဇန်နဝါရီ ၇ ရက်က ပဲခူးမြို့နယ်၊ ညောင်ဝိုင်ရပ်ကွက်ရှိ ကုန်စိမ်း၊ သား၊ ငါးရောင်းချသော တာပေါ်စျေးတန်းအား ရှောင်တခင် ဝင်ရောက်ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ထိုကဲ့သို့ စစ်ဆေးရာတွင် တာပေါ်စျေးတန်းတွင် ရောင်းချလျက်ရှိသော အမဲသွေးနှင့် ဘဲသွေးရောင်းချသည့် ဆိုင်များအား FDA ဌာနမှ နမူနာခတ်ခွဲစစ်ဆေးခဲ့ရာ အမဲသွေးများ၌ ဖော်မလင်ပါဝင်မှု တွေ့ရှိရ၍ အမဲသွေးအတုံး ၂၀၀၊ တန်ဖိုးကျပ် ၁၀၀၀၀ အား သိမ်းဆည်း ဖျက်ဆီးခဲ့ပြီး ဆက်လက် ရောင်းချခြင်းမပြုရန် တားမြစ်၍ ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခြင်းများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါစျေးတန်းရှိ အမဲသွေးရောင်းချသူများထံမှ စျေးကွက်ထောက်လှမ်းမှုအရ ရပ်ကွက်များအတွင်း ပြုလုပ်ရောင်းချလျက်ရှိကြောင်း သတင်းစုံစမ်းသိရှိရသဖြင့် ပူးပေါင်းအဖွဲ့များနှင့်အတူ ဖိုင်းဂနိုင် မြောက်ပိုင်း မနောသုခလမ်းနှင့် ဘူးလယ်အင်းတာဆုံရှိအမဲသွေးများ ပြုလုပ်ရောင်းချလျက်ရှိသော အိမ်(၂) အိမ်သို့ ကွင်းဆင်းစစ်ဆေးရာ အဆိုပါ (၂)အိမ်မှ အမဲသွေးများ မတွေ့ရှိရဘဲ ခွင့်မပြု တာရှည်ခံဆေးဖြစ်သော ဖော်မယ်ဒီဟိုက် (၃၇ ရာခိုင်နှုန်း) ဆေးရည် ၂ ဒသမ ၅ ဂါလံရှိ ပုံး ၁ ပုံးနှင့် ပုံးခွံအလွတ်များ တွေ့ရှိရသဖြင့် အဖွဲ့မှ သိမ်းဆည်းခဲ့ပြီး ဆက်လက်သုံးစွဲခြင်းမပြုရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးခြင်းနှင့် အသိပညာပေး ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စည်သူအောင် (ပဲခူး)**

## အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၁)စျေးနှင့် (၂)စျေးတို့တွင် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မိတ်ဖက်ဌာနများနှင့် ရှောင်တခင်ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စျေးကွက်အတွင်းရှိစားသောက်ကုန်ပစ္စည်းများ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူပြည်သူများ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းစေရေးကို ရည်ရွယ်၍ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးအတွက် မိတ်ဖက်ဌာနများဖြစ်သော သာကေတမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စျေးတာဝန်ခံများနှင့် ပူးပေါင်း၍ ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရှိရပါသည်။

ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)တွင် ဖော်ပြထားသည့်အတိုင်း ကုန်စည်များပေါ်တွင် ဖော်ပြရမည့် ကုန်အမှတ်တံဆိပ်များ ပြည့်စုံစွာ ထည့်သွင်းဖော်ပြခြင်းရှိ/မရှိကို စစ်ဆေးခဲ့သည့်အပြင် ကုန်အမှတ်တံဆိပ်ပြည့်စုံစွာ ဖော်ပြခြင်းမရှိသော ကုန်စည်များအား မှတ်တမ်းတင်ပြီး ၂၆-၁၀-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီက ထုတ်ပြန်သည့် စားသုံးသူများဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဦးစားပေးကုန်စည်များပေါ်တွင် မဖြစ်မနေထည့်သွင်းဖော်ပြရမည့် အချက်များကို ရောင်းချသူများအား ဆင့်ပွားအသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**မိုး**



## ကျိုင်းတုံမြို့နယ်၌ အရည်အသွေးမြှင့်အထူးတန်းဝင် ကော်ဖီထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီသီးနှံဌာနခွဲနှင့် ရှမ်းပြည်နယ် ဦးစီးမှူးရုံးတို့မှ ပူးပေါင်း၍ အရည်အသွေးမြှင့် အထူး တန်းဝင်ကော်ဖီ ထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို ဇန်နဝါရီလ ၇ ရက်က ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက်ရှိ တိုင်းလိခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ဒုပြည်နယ် /ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုမ္ပဏီ လုပ်ငန်းရှင်များ၊ ကော်ဖီ အသင်းဖွဲ့ဝင်များ၊ စိုက်ပျိုးသူတောင်သူများ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းဖွင့်လှစ်ရာ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တစ်ခုလုံး ကော်ဖီစိုက်ပျိုးရာတွင် သတ်မှတ်အရည်အသွေးမီ စိုက်ပျိုး ထုတ်လုပ်လာနိုင်ရေး အရည်အသွေးစံချိန်စံညွှန်းမီစွာဖြင့် ပြည်ပစျေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး လိုအပ်လျက်ရှိသဖြင့် သင်တန်းပေးရခြင်းဖြစ်ကြောင်း၊ တောင်သူများ လိုက်နာဆောင်ရွက်စေခြင်းဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် ကျိုင်းတုံ/တာချီလိတ် ဒေသအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ချန်း-မဲခေါင် Project အစီအစဉ်၏ ထောက်ပံ့မှုဖြင့် မဲခေါင်ဒေသစီးပွားရေး ဗဟိုပြုပြီး ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်စေရန်တို့ကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါသင်တန်းအား (၃)ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား/သူ (၇၀)ဦး တက်ရောက်လျက်ရှိကြောင်းနှင့် အလားတူဒေသနှင့် ကိုက်ညီသည့် ရော်ဘာ၊ ပိုးစာကဲ့သို့အခြားနှစ်ရှည်သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေး သင်တန်းများ ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရပါသည်။

**လှစိုး (ကျိုင်းတုံ)**

# မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဓာတုဆိုးဆေးနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဓာတုဆိုးဆေးပစ္စည်းများ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ကိုင်တွယ်အသုံးပြုရမည့် နည်းလမ်းများကို သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် အသိပညာပေးခြင်းကို စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူ ဝန်ထမ်းများသည် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်းတို့နှင့်ပူးပေါင်း၍ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဓာတုဗေဒပစ္စည်းများနှင့်ပတ်သက်ပြီး ဆောင်ရန်/ရှောင်ရန်တို့ကို အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပခဲ့ရာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးမှ ဝန်ထမ်းများ၊ စက်မှုဇုန်အတွင်းရှိ စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းမေသက်နိုင်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပေါ်ပေါက်လာပုံနှင့် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြဋ္ဌာန်းချက်ပါ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များအကြောင်း၊ ဥပဒေအရ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်နှင့် တားမြစ်ချက်များအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ကုန်စည်များ ထုတ်လုပ်တင်ပို့ဖြန့်ဖြူးရောင်းချရာတွင် စားသုံးသူများ အလွယ်တကူ သိရှိနားလည်စေရန် အတွက် ကုန်စည်များတွင် ကုန်စည်နှင့်ပတ်သက်သည့် ဖော်ပြချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာဖြင့်ဖြစ်စေ ဖော်ပြပါရှိရမည်ကို အမိန့်ကြော်ငြာချက် ထုတ်ပြန်ထားပါကြောင်း၊ ကုန်စည်များ ထုတ်လုပ်ရာတွင် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်ရရှိဖို့ လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်လျှင် သက်ဆိုင်ရာ ဌာနများ၏ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း၊ ပြည်သူများမှာ အရည်အသွေးမပြည့်မီသည့် အစားအသောက်များနှင့် ခွင့်မပြုဓာတုဆိုးဆေးများ သုံးစွဲနေကြသည်ကို တွေ့မြင်နေရသည့်အတွက်ကြောင့် ယခုကဲ့သို့ ဓာတုဆိုးဆေးနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်၍ အသိပညာပေးမှုများကို လုပ်ငန်းရှင်များအနေဖြင့် လိုက်နာပေးစေလိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဌာနခွဲမှူး ဒေါ်မြတ်သီရိထွန်းက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း လုပ်ငန်းလိုင်စင်များ အကြောင်းနှင့် ဓာတုပစ္စည်းများနှင့်ပတ်သက်၍ လုပ်ငန်းလုပ်မည်ဆိုပါက သိုလှောင်ရုံအတွင်း သတိပေးချက်များ ချိတ်ဆွဲထားခြင်း၊ ဝန်ထမ်းများကို လုပ်ငန်းအန္တရာယ်နှင့် ပတ်သက်ပြီး ပြောဆိုသင်ကြားပြသပေးထားရမည့်အချက်များ ဟောပြောဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယမန်နေဂျာ ဒေါ်ကေသီအုန်းက အစားအစာများတွင် အာဟာရဓာတ်ပါဝင်ခြင်း(၆)မျိုးနှင့် အစာပျက်စီးခြင်း(၁၀)မျိုးအကြောင်း၊ ဆိုးဆေးများနှင့် ပတ်သက်၍ ခွင့်ပြုဆိုးဆေး၊ ခွင့်မပြုဆိုးဆေးများအကြောင်း ဟောပြောဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်မေလင်းက စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ဓာတုဗေဒလုပ်ငန်းများနှင့် အလုပ်လုပ်မည်ဆိုပါက ရုပ်ပိုင်းဆိုင်ရာအန္တရာယ်၊ ကျန်းမာရေးဆိုင်ရာအန္တရာယ်၊ ပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်ရှိသည့်အတွက် အမျိုးအစားများ ခွဲခြားထားပြီး အန္တရာယ်ရှိ တံဆိပ်အမှတ်အသား ကပ်ပြားများ အသုံးပြုပုံတို့ကို နမူနာများပြ၍ ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**လဲ့လဲ့ဌေး(စားသုံးသူ)ရန်ကုန်**

## မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ မင်္ဂလာဒုံမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းနှင့် မင်္ဂလာဈေးတို့တွင် ထုတ်ကုန်လုံခြုံစိတ်ချရသည့် စားသောက်ကုန်များ ဝယ်ယူရောင်းချနိုင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းအေး ဦးဆောင်သော ဝန်ထမ်းများသည် ဇန်နဝါရီလ ၇ ရက်တွင် မင်္ဂလာဒုံမြို့နယ်အတွင်း အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းနှင့် မင်္ဂလာဈေးသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများနှင့် ကုန်မျိုးစုံဆိုင်များအား ကွင်းဆင်းအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ရှေးဦးစွာ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းတွင် စားသုံးသူအကာအကွယ် ပေးရေးအသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ကေခိုင်မျိုးထွန်းက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်နီလာဦးက စားသုံးအကာ အကွယ်ပေးရေးဥပဒေပါ ရည်ရွယ်ချက်များ၊ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများရွေးချယ်ဝယ်ယူစားသောက်ရန် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဈေးတွင် ထုတ်ကုန်လုံခြုံ စိတ်ချရသည့်စားသောက်ကုန်များ ဝယ်ယူရောင်းချနိုင်ရေးအသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ဈေးတာဝန်ခံ ဒေါ်သိင်္ဂီဇော်က အဖွင့်အမှာ စကားပြောကြားပြီး မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းအေးက စားသုံးသူအကာ အကွယ်ပေးရေးအသိပညာပေးဟောပြောရခြင်း၏ ရည်ရွယ်ချက်များ၊ မိမိ ရောင်းချသည့်ကုန်ပစ္စည်းနှင့် ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက်လည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်နီလာဦးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များ စားသုံးသူတို့၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များ၊ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ (CICC)ရုံးသို့ တိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ကုန်စည်/ဝန်ဆောင်မှု နှင့် ပတ်သက်၍ နစ်နာမှုများရှိပါက မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးရှိ (CICC)ရုံးသို့ တိုင်ကြားနိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး ဈေးတာဝန်ခံ ဝန်ထမ်းများနှင့်အတူ ဈေးအတွင်းလှည့်လည်ကာ ထုတ်ကုန်လုံခြုံစိတ်ချရသည့် ပစ္စည်းများရောင်းချနိုင်ရေးအတွက် ကုန်မျိုးစုံဆိုင်ခန်းများသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းဟောပြောပွဲသို့ တက်ရောက်လာသည့် ဆရာမ/ ကျောင်းသားမိဘ၊ ကျောင်းသား/သူ ၁၆၄ ဦးနှင့် မင်္ဂလာဈေး ဟောပြောပွဲသို့ တက်ရောက်လာသည့် မိတ်ဖက်ဌာနနှင့် ဈေးသူ/ဈေးသားများ(၂၀)ဦး စုစုပေါင်း (၁၈၄)ဦးတို့ကို 'စားသုံးသူ ပြည်သူများ အန္တရာယ်ကင်းစေဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့' စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။

**နီလာဦး (ရန်ကုန်)**

## စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး အမှတ်စဉ် ၁/၂၀၁၉ သင်တန်းပို့ချ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အစည်းအဝေး ခန်းမ၌ ဝန်ထမ်းများ စွမ်း ဆောင်ရည်မြှင့်တင်စေရန်နှင့် စားသုံးသူပြည်သူများအား အသိပညာပေးမှုများ ဆထက်တိုးဆောင်ရွက်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး အမှတ်စဉ် ၁/၂၀၁၉ သင်တန်းကို ဇန်နဝါရီ လ ၈ ရက်မှ ၉ ရက်ထိ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်တာဝန်ခံများနှင့် သင်တန်းသူ/သား စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

သင်တန်းတွင် တိုင်းဒေသကြီးဦးစီးမှူးက စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီး ဌာန၏ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်အတွက် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ရာတွင် ခရိုင်/မြို့နယ် အသီးသီးမှ ဝန်ထမ်းများအနေဖြင့် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ၁/၂၀၁၉ ထုတ်ပြန်ထားသော ကြော်ငြာစာများ၊ ညွှန်ကြားချက်အသစ်များကို သိရှိထည့်သွင်းပြောကြားနိုင်စေရန်၊ စားသုံးသူများကလည်း ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု များ ဝယ်ယူခြင်း မပြုမီ အမည်၊ အရွယ်အစား၊ အသားတင်အလေးချိန်၊ ထုထည်၊ ဖွဲ့စည်းပုံ၊ ညွှန်ကြားချက်၊ ထုတ်လုပ်သည့် ရက်စွဲနှင့် ထုတ်လုပ်သည့် အမှတ်စဉ်၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ထုတ်လုပ်သည့် ကုမ္ပဏီအမည်နှင့် လိပ်စာ၊ ရောင်းချဖြန့်ဖြူးသူအမည်၊ အမှတ်တံဆိပ်၊ ပြုလုပ်တပ်ဆင်ပုံနည်းလမ်းများ၊ သတင်းအချက် အလက်နှင့် ကြိုတင် သတင်းပေးချက်များပါဝင်ပြီး သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများ၏ ထောက်ခံချက်ပါ/မပါ ၊ကြော်ငြာ အရောင်းမြှင့်တင်မှုတို့တွင် ပါဝင်သော ပြောဆိုဖော်ပြချက်တို့နှင့် ကိုက်ညီမှု ရှိ/မရှိ၊ အပြစ်အနာအဆာများ ချို့ယွင်းချက်များကို ဖုံးအုပ်ပြီး ရောင်းချသောပစ္စည်း မဖြစ်စေရန်နှင့် သစ်လွင်ကောင်းမွန်သော ပစ္စည်းများဟုတ်/မဟုတ် သေချာကြည့်ရှုဝယ်ရန်၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံများမှလည်း စားသုံးသူ ဘေးကင်း လုံခြုံစေရေးအတွက် စားသောက်ကုန်နှင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ ပူးတွဲလျက်ဖြစ်စေ ဖော်ပြပေးရန် အသိပေးထားပြီး မလိုက်နာပါက ၂၀၁၉ ခုနှစ် ဧပြီလမှ စ၍ စိစစ်ရတော့မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၊ စာသင်ကျောင်းများ၊ ရပ်ကွက်ရှိ စားသုံးပြည်သူများ၊ ဈေးဆိုင်ပိုင်ရှင်များ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များသိရှိဖို့ တွေ့ဆုံသတိပေး ရှင်းပြစေလိုကြောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိခဲ့လျှင် လွယ်ကူစွာ တိုင်ကြားနိုင်ရန်အတွက် ဈေး၊ ကျောင်း၊ ရပ်ကွက်များတွင် စားသုံးသူရေးရာအဖွဲ့ငယ်များ ဖွဲ့စည်း၍ တိုင်ကြားမှု လက်ခံစာ၊ စာတိုက်ပုံးများ ထားရှိရန်ဖြစ်ပါကြောင်း၊ တိုင်ကြားလာပါက (CICC) စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာမှ ဖြေရှင်းပေးနိုင်သည်များကို အချိန်တိုအတွင်း ညှိနှိုင်းပေးခြင်းနှင့် သက်ဆိုင်ရာ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ထံ တင်ပြ၍ ဆွေးနွေးအတည်ပြုချက် ရယူဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ် တာဝန်ခံများမှတစ်ဆင့် မိမိတို့ခရိုင်ရှိ စားသုံးသူ ပြည်သူများထံ ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဌာနဆိုင်ရာ တာဝန်ခံများမှ ဌာနတစ်ခုချင်းစီအလိုက် ဌာန၏လုပ်ငန်း ဆောင်ရွက်ချက်၊ ဌာနလမ်းညွှန်ချက်၊ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ခရိုင်ဦးစီးမှူးများ၊ မြို့နယ် တာဝန်ခံများမှ မိမိတို့ခရိုင်၏ နေ့စဉ် လုပ်ငန်း ဆောင်ရွက်ချက်၊ လက်တွေ့မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် လုပ်ငန်းအတွေ့အကြုံများနှင့် အခက်အခဲများကို အသီးသီး တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သင်းသင်းအေး (မုံရွာ)**




## ဒေါ့မွန်အသင်းမှာ ကစားသမားထုတ်သည့် စက်ရုံဟုဆို

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းမှာ ကစားသမားများ မွေးမြူထုတ်လုပ်နေသည့် စက်ရုံတစ်ရုံဖြစ်ကြောင်း ဘောလုံးလောကသားများက ပြောဆိုနေကြသည်။ ဒေါ့မွန်အသင်းမှ နှစ်စဉ်နှစ်တိုင်း ထူးချွန်သည့် လူငယ်ကစားသမားများ ပေါ်ထွက်လျက်ရှိရာ ကစားသမားအချို့ကို ရောင်းထုတ်မှုမှ အမြတ်ရရှိငွေမှာ တခြားအသင်းများထက် သာလွန်မှုရှိနေသည်ကို တွေ့ရသည်။

ဒေါ့မွန်အသင်းသည် ၂၀၁၃ ခုနှစ်က ကွင်းလယ်ကစားသမား မာရီရိုဂေါ့တ်ဇီကို ဘိုင်ယန်မြူးနစ်အသင်းသို့ ရောင်းချခဲ့ရာ ၎င်းကစားသမားအတွက် အမြတ်ငွေ ယူရို ၃၇ သန်းရရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဂျင်တာကို ဖရိုင်းဘတ်အသင်းသို့ ရောင်းချခဲ့ရာ ယူရို ၁၇သန်း၊ ၂၀၁၂ ခုနှစ်တွင် ကာဂါဝါကို မန်ယူအသင်းသို့ ရောင်းချခဲ့ရာ ယူရို ၁၈ဒသမ ၈သန်း၊ ၂၀၁၇ ခုနှစ်က ဒမ်ဘီလီကို ဘာစီလိုနာအသင်းသို့ ရောင်ချခဲ့ရာ ယူရို ၁၀၅သန်း၊ ၂၀၁၆ ခုနှစ်က ဟမ်မဲလ်ကို ဘိုင်ယန်မြူးနစ်အသင်းသို့ ပြန်လည်ရောင်းချခဲ့ရာ ယူရို ၃၅ သန်း၊ ၂၀၁၆ ခုနှစ်က ဂွန်ဒိုဂန်ကို မန်စီးတီးအသင်းသို့ ရောင်းချခဲ့ရာ ယူရို ၂၂ ဒသမ ၁ သန်း၊ ၂၀၁၈ ခုနှစ်က အာဘာမီယန်းကို အာဆင်နယ်အသင်းသို့ ရောင်းချခဲ့ရာ ယူရို ၆၂ သန်း၊ ၂၀၁၆ ခုနှစ်က အမ်ခီတာယန်ကို မန်ယူအသင်းသို့ ရောင်းချခဲ့ရာ ယူရို ၄၁ဒသမ ၈ သန်း၊ ၂၀၁၈ ခုနှစ်က ပါပါစတာသိုပူးလော့စ်ကို အာဆင်နယ်အသင်းသို့ ရောင်းချခဲ့ရာ ယူရို ၁၅ ဒသမ ၉ သန်းနှင့် ၂၀၁၉ ယခု ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပူလီဆစ်ကို ချယ်လ်ဆီးအသင်းသို့ ရောင်းချခဲ့ရာ (ဒေါ့မွန်အသင်းသည် ပူလီဆစ်ကို အငှားဖြင့်ပြန်ခေါ်ထား) ယူရို ၆၄ဒသမ ၂ သန်း စသည်ဖြင့် အသားတင်အမြတ်အသီးသီး ရရှိခဲ့သည်။

ဒေါ့မွန်အသင်းသည် အဆိုပါ ကစားသမား ၁၀ ဦးအတွက် အသားတင်အမြတ် စုစုပေါင်း ယူရို ၄၁၈ ဒသမ ၈ သန်းရရှိခဲ့ခြင်းလည်းဖြစ်သည်။ ဒေါ့မွန်အသင်းမှ ရောင်းချခဲ့ဖူးသည့် အဆိုပါ ကစားသမား ၁၀ ဦးတွင် ဂေါ့တ်ဇီ၊ ကာဂါဝါနှင့် ပူလီဆစ်တို့မှာ လက်ရှိအချိန်တွင် ဒေါ့မွန်အသင်းသို့ ပြန်လည်ရောက်ရှိကစားနေကြသည်။

## ဇန်နဝါရီ အပြောင်းအရွှေ့တွင် ကစားသမားသစ် ခေါ်ယူနိုင်မည်မဟုတ်ဟု အူနိုင်းအမ်မရီဖွင့်ဟ

အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် နည်းပြသစ် ပြောင်းလဲထားသော်လည်း ခြေစွမ်းပိုင်းမှာ တည်ငြိမ်မှုမရှိဘဲ ရလဒ်ကောင်းရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်နေရသည်။ ထို့ပြင်နည်းပြ အူနိုင်းအမ်မရီမှာလည်း ဝေဖန်မှုများစွာဖြင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ထိုကဲ့သို့ အနေအထားမျိုးတွင် နည်းပြ အူနိုင်းအမ်မရီအနေဖြင့် နောက်တန်းခံစစ်ကစားသမားတစ်ဦးနှင့် ကွင်းလယ်ကစားသမား တစ်ဦး ခေါ်ယူရန် ဆန္ဒရှိနေသော်လည်း အသင်းပိုင်ရှင်မှ ငွေကြေးထုတ်ပေးနိုင်ခြင်း မရှိသောကြောင့် ယခု ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူနိုင်တော့မည် မဟုတ်ဟု ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။




အာဆင်နယ်အသင်းသည် လက်ရှိ ပရီးမီးယားလိဂ်ပွဲစဉ်(၂၁)အပြီးတွင် ၁၂ ပွဲနိုင်၊ ငါးပွဲသရေကျကာ လေးပွဲရှုံးရလဒ်ဖြင့် ရမှတ် ၄၁ မှတ်ရရှိကာ အဆင့်(၅)နေရာတွင် ရှိနေသည်။ အာဆင်နယ်အသင်း၏အပေါ်တွင် လီဗာပူး၊ မန်စီးတီး၊ စပါးနှင့် ချယ်လ်ဆီးအသင်းတို့ ရှိနေခြင်းကြောင့် အာဆင်နယ်အသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရန်မှာ ခက်ခဲမည်ဖြစ်သည်။ ထို့ပြင် အမှတ်ပေးဇယား အဆင့်(၆)နေရာမှ မန်ယူအသင်းနှင့်လည်း အမှတ်ကွာဟမှု ကျဉ်းမြောင်းနေခြင်းကြောင့် အာဆင်နယ်အတွက် ဖိအားပိုများနေခြင်းလည်းဖြစ်သည်။

## ဝက်စ်ဟမ်းတိုက်စစ်မှူး အနာတိုဗစ်ကို တရုတ်စူပါလိဂ်ကလပ် ကမ်းလှမ်း

အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းမှ ဩစတြီးယား တိုက်စစ်မှူး အနာတိုဗစ်ကို ခေါ်ယူရန် တရုတ်စူပါလိဂ်မှ အသင်းတစ်သင်းက ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

အနာတိုဗစ်ကို တရုတ်စူပါလိဂ်တစ်ခုက ပေါင် ၃၅ သန်းပေး၍ ကမ်းလှမ်းနေခြင်းဖြစ်သည်။ သို့သော် အဆိုပါအသင်း၏ အမည်ကိုမူ ထုတ်ဖော်ပြောဆိုထားခြင်းမရှိကြောင်းလည်း သိရသည်။ အသက် (၂၉)နှစ်ရှိပြီဖြစ်သည့် အနာတိုဗစ်သည် ၂၀၁၇ ခုနှစ်က စတုတ်စီးတီးအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ၂၀၂၂ ခုနှစ်အထိ စာချုပ်သက်တမ်းရှိနေခြင်းဖြစ်သည်။

အနာတိုဗစ်က ‘ကျွန်တော့်အနေနဲ့ ဝက်စ်ဟမ်းအသင်းမှာ ပျော်နေပါတယ်။ ဒါပေမဲ့ ဘောလုံးလောကမှာ အတွေ့အကြုံတွေ အများကြီး ရယူချင်ပါသေးတယ်။ တရုတ်စူပါလိဂ်က ကျွန်တော့်ကို ကမ်းလှမ်းလာတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဝက်စ်ဟမ်းအသင်းနဲ့ စာချုပ်သက်တမ်း ကျန်ရှိနေသေးသလို ကျွန်တော့်ဘဝကို ကျွန်တော်မပိုင်ပါဘူး’ဟု ပြောကြားလိုက်သည်။

ဝက်စ်ဟမ်းအသင်းနည်းပြ ပယ်လီဂရီနီကလည်း မိမိအသင်း၏ အဓိကတိုက်စစ်မှူးမှာ အနာတိုဗစ်ဖြစ်ကြောင်း၊ အနာတိုဗစ်မှာ ဝက်စ်ဟမ်းအသင်းအတွက် မရှိမဖြစ် ကစားသမားတစ်ဦးဖြစ်ကြောင်း၊ မိမိအနေဖြင့် အနာတိုဗစ်ကို ရောင်းထုတ်သွားရန် ဆန္ဒမရှိကြောင်းပြောဆိုကာ တရုတ်စူပါလိဂ်ကလပ်၏ ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း သိရသည်။




## မန်ယူနှင့် ရီးရဲလ်တို့ ကိုလီဘာလီကို ခေါ်ယူရန် အပြိုင်ကြိုးပမ်း

အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းသည် နာပိုလီအသင်းမှ ဆီနီဂေါနောက်ခံကစားသမား ကိုလီဘာလီကိုခေါ်ယူရန် ကြိုးပမ်းနေချိန်တွင် စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းကလည်း အဆိုပါကစားသမားကို ခေါ်ယူရန် ပြင်ဆင်နေကြောင်းသိရသည်။

မန်ယူအသင်းသည် ကိုလီဘာလီကိုခေါ်ယူရန်အတွက် ယခုမှသာ ကြိုးပမ်းလာခဲ့ခြင်းမဟုတ်ဘဲ ယခင်နည်းပြဟောင်း မောရင်ဟိုလက်ထက်ကပင် ၎င်းကစားသမားကိုခေါ်ယူရန် ကမ်းလှမ်းခဲ့ဖူးကြောင်း သိရသည်။

မန်ယူအသင်းက ကိုလီဘာလီကို ကမ်းလှမ်းခဲ့ချိန်က နာပိုလီအသင်းအနေဖြင့် ၎င်းတို့၏ ကစားသမားအတွက် ယူရိုသန်း ၁၀၀ အထိ ရယူလိုကြောင်း ထုတ်ဖော်ပြောဆို ခဲ့ဖူးသည်။ သို့သော် လတ်တလောထွက်ပေါ်နေသည့် သတင်းများအရ ရီးရဲလ်မက်ဒရစ်အသင်းကလည်း ကိုလီဘာလီကိုခေါ်ယူရန် ကြိုးပမ်းနေရာ အောင်မြင်မှုရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်တွင် ရာသီအစကပင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေခဲ့ရာ ဒုတိယရာသီဝက်အတွက် ကစားသမားခေါ်ယူ ဖြည့်တည်းမှုများ ပြုလုပ်မည်ဖြစ်ရာ ကိုလီဘာလီကိုမှာ ယခု ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပထမဦးဆုံးရောက်ရှိလာသည့် ကစားသမားတစ်ဦး ဖြစ်လာနိုင်သည်။

ကိုလီဘာလီသည် နာပိုလီအသင်းတွင် ခြေစွမ်းပြ ကစားနိုင်ပြီး ပုံမှန်ပွဲထွက်ခွင့် ရရှိနေသော်လည်း စီးရီးအေ ပရိသတ်များ၏ လူမျိုးရေးခွဲခြားမှုများကြောင့် အသင်းပြောင်းရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ ကိုလီဘာလီအနေဖြင့် နာပိုလီအသင်းကို စွန့်ခွာမည်ဆိုပါက အင်္ဂလန်ပရီးမီးယားလိဂ် သို့မဟုတ် စပိန်လာလီဂါသို့ ပြောင်းရွှေ့မည်ဟု ထုတ်ဖော်ပြောဆိုထားသည်။

ဟန်နေသစ် စုစည်းသည်



# အသင်းအဖွဲ့၏စုပေါင်းအင်အား (သို့) Unity Avocado Zone (ထောပတ်သီး စိုက်ပျိုးရေးဇုန်)

| အောင်ဆန်းလင်း (DOCA) |



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံ၏စီးပွားရေး ဖြစ်ထွန်းမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးထွက်ကုန်များ၏ အခန်းကဏ္ဍကို ဦးစားပေးထည့်သွင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးထွက်ကုန်များကို အရည်အသွေးကောင်းမွန်စေရန်အတွက် ခေတ်စနစ်နှင့်လျော်ညီစွာ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဈေးကွက်၏လိုအပ်ချက်၊ စားသုံးသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ဈေးကွက်ခိုင်မာမှုနှင့် ပြည်ပပို့ကုန်အဖြစ် စဉ်ဆက်မပြတ် ရပ်တည်နိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ဖို့လည်း လိုအပ်ပါသည်။ ထွက်ကုန်များရဲ့ဈေးကွက်ရရှိမှု၊ ဈေးကွက်ထိုးဖောက်နိုင်မှုနှင့် ကုန်သွယ်မှုများ လျှင်မြန်ကောင်းမွန်စေရေးအတွက် ထုတ်ကုန်များရဲ့ အရည်အသွေးသည် အဓိကကျသော အခန်းကဏ္ဍက ပါဝင်သကဲ့သို့ ဈေးကွက်၏ လိုအပ်ချက်ပမာဏကိုပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးသည်လည်း အရေးကြီးသော ကဏ္ဍတစ်ရပ်ပင် ဖြစ်ပါသည်။ ထိုသို့ဖြည့်ဆည်းပေးနိုင်ရေးအတွက်မူ ထွက်ကုန်သီးနှံများ၏ ထုတ်လုပ်မှုပမာဏ မြင့်မားစေရန် ရေရှည်အစီအမံများ ချမှတ်ဖော်ဆောင်ထားသင့်ပါသည်။ ဈေးကွက်၏လိုအပ်ချက်ကို တစ်နေရာတည်း၊ တစ်ပြိုင်နက်တည်း ဖြည့်ဆည်းနိုင်ဖို့ရန် အကောင်းဆုံးသော အစီအမံမှာ သီးနှံဇုန်များ သတ်မှတ်ဖော်ဆောင်ခြင်းပင် ဖြစ်ပါသည်။ ထိုသို့ဖော်ဆောင်ခြင်းသည် ထွက်ကုန်သီးနှံ၏ ထုတ်လုပ်မှုပမာဏကိုကိုင်တွယ်နိုင်ရုံသာမက အရည်အသွေးကိုပါ လွယ်ကူအဆင်ပြေစွာ စီမံဆောင်ရွက်နိုင်မှာဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့သို့ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ ခရီးစဉ်တွင် ပြင်ဦးလွင်မြို့နယ်၏ အသင်းအဖွဲ့များနှင့် တွေ့ဆုံခဲ့ရာ ပြင်ဦးလွင်မြို့နယ်၊ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အသင်း၏ အလုပ်အမှုဆောင်များ စုပေါင်းပြီး ထောပတ်သီးစိုက်ပျိုးရေးဇုန်အဖြစ် အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်လျှက်ရှိကြောင်း တင်ပြခဲ့သည်။ထို့ကြောင့် အဆိုပါစီမံကိန်းအကောင်ဖော်နေမှုအား လေ့လာကြည့်ရှုရန်အတွက် ဇုန်နေရာသို့ အသင်းမှအလုပ်အမှုဆောင်များနှင့်အတူ သွားရောက်ခဲ့ကြရာ စီမံကိန်းနေရာမှာ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ လွယ်လိတ်ကျေးရွာအနီးမှာတည်ရှိပြီး ပြင်ဦးလွင်-မိုးကုတ်ကားလမ်း (မိုင်တိုင် ၂၃ မိုင် ၂ဖာလုံ)၊ ဘန်ဘွေးကျင်းရေတံခွန်သို့ သွားသည့်လမ်းဘေးတွင် တည်ရှိပါသည်။ ဇုန်၏အမည်မှာ Unity Avogado Zone ဖြစ်ပြီး အကျယ်အဝန်းအားဖြင့် (၃၀၀)ဧကကျယ်ဝန်းကာ အဖွဲ့ဝင် စုစုပေါင်း(၃၅) ဦးဖြင့် စုပေါင်း လုပ်ကိုင်လျှက်ရှိကြောင်း သိရသည်။ စီမံကိန်းဘုတ်အဖွဲ့အား ဖွဲ့စည်းထားရှိပြီး အစုအဖွဲ့ပိုင်ဖြစ်သောကြောင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ စီမံကိန်းဘုတ်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သဘောတူညီချက်ရယူကာ ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။ လက်ရှိအချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် စိုက်ပျိုးမြေ နေရာများအား စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်ခြင်း၊ ရုံးအဆောက်အဦးနှင့် စီမံကိန်းရှင်းလင်းဆောင်များ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ရာသီတွင် စီမံကိန်းမြေနေရာ၏မျက်နှာစာ၌ ထောပတ်သီး စိုက်ပျိုးမှုအား ဧက(၁၀၀) စိုက်ပျိုးနိုင်ရန်စီစဉ်ထားကြောင်း သိရှိရပါသည်။ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်အား ရေးဆွဲပြုစုထားပြီး စီမံချက်ပါလုပ်ငန်းစဉ်များကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း စီမံကိန်းဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါသည်။ ထောပတ်သီးဇုန် အကောင်အထည်ဖော်နေမှုများနှင့်ပတ်သက်ပြီး အဖွဲ့ဝင်များကလည်း ရှင်းလင်းပြောကြားခဲ့ကြပါသည်။ နောင်လာမည့် နှစ်အနည်းငယ်အတွင်း ထောပတ်သီးစိုက်ခင်းများ စိမ်းလန်းဝေဆာနေမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ထိုသို့ အသင်းအဖွဲ့မှ စုပေါင်းအင်အားဖြင့် ဇုန်အဖြစ် အကောင်အထည်ဖော်ခြင်းသည် အသင်းအတွက်သာမက စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ၊ ဒေသခံပြည်သူများအတွက်ပါ အကျိုးရလဒ်ကောင်းများ ရရှိစေပါသည်။ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါဒေသ၏ ထွက်ကုန်ပမာဏပေါ်မူတည်နေပြီး သဘာဝက ပေးသည့် အားသာချက်များကို ဒေသခံများက အကျိုးရှိစွာသုံးစွဲကြရန်လည်းလိုအပ်ပေသည်။ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ခြင်းထက် အစုအဖွဲ့များ၊ အသင်းအဖွဲ့များဖြင့် စုပေါင်းဆောင်ရွက်ခြင်းဖြင့် ထိရောက်သော လုပ်ဆောင်မှုများ၊ အောင်မြင်သော အရွေ့များဆီသို့ ဦးတည်နိုင်မည်ဖြစ်ပါသည်။ ကြုံတွေ့လာသော အခက်အခဲများ၊ အတားအဆီးများကို စုပေါင်းဖြေရှင်းကြခြင်းဖြင့်လည်း လုပ်ဆောင်မှုများ လွယ်ကူချောမွေ့လာမည်ဖြစ်ပါသည်။ ထိုကဲ့သို့ သီးနှံဇုန်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် သီးနှံ၏ဈေးကွက် မြင့်တင်ရာတွင် လိုအပ်သောပမာဏအား ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရုံသာမက အရည်အသွေးစီမံခန့်ခွဲမှုတွင်လည်း ထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ပေသည်။

ထို့ပြင် ထုတ်ကုန်များ တစ်စုတစ်ဝေးတည်း စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ရောင်းသူဈေးကွက်မှ ဝယ်သူဈေးကွက်အဖြစ် ရောက်ရှိလာမည်ဖြစ်ပါသည်။ ထိုသို့ ဝယ်သူဈေးကွက် ဖြစ်ပေါ်လာပါက စိုက်ပျိုးထုတ်လုပ်သူများ၊ ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည်ဖြစ်သည့်အပြင် ဒေသထွက်ကုန်တစ်ခုအဖြစ် ဂုဏ်ယူစွာရပ်တည်နိုင်မည်ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့နယ်၊ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ စုပေါင်းအင်အားဖြင့် Unity Avogado Zone အား အကောင်အထည်ဖော် ဆောင်ရွက်ကြသကဲ့သို့ အခြားသော အသင်းအဖွဲ့များကလည်း မိမိတို့သက်ဆိုင်ရာ သီးနှံကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်သင့်ပေသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အားကောင်းလာပြီး ဒေသတွင်းအလုပ်အကိုင်ဖူလုံစွာရရှိခြင်း၊ လူနေမှုဘဝများမြင့်မားလာခြင်း၊ ဒေသတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းအပြင် နှစ်လိုဖွယ်ကောင်းသည့် လူမှုပတ်ဝန်းကျင်များ ပေါ်ပေါက်ဖြစ်ထွန်းလာမည်ဖြစ်ပေသည်။ ထိုသို့ဖြစ်ပေါ် ရရှိလာစေရန်အတွက်လည်း ပါဝင်သက်ဆိုင်သည့်သူများအားလုံးက နယ်ပယ်အလွှာအသီးသီးတွင် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန်လည်း လိုအပ်ပေသည်။ ညီညွတ်စွာ လုပ်ဆောင်ခြင်းနှင့် တူညီသော အခြေခံစိတ်ဓာတ်များထားရှိဆောင်ရွက်ကြခြင်းက အောင်မြင်မှု၏ သော့ချက်ပင်ဖြစ်ပါသည်။ အောင်မြင်သော စိုက်ပျိုးရေး လုပ်ငန်းများသည် လူသားအားလုံးအတွက် အကျိုးရှိသော အစိမ်းရောင်စီးပွားရေး လုပ်ငန်းများဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အစဉ်အမြဲ ကြိုးစားလုပ်ဆောင်နေကြရမည်ဖြစ်ပါသည်။ သို့မှသာ စုပေါင်းအင်အားမှ ရေရှည်ဖွံ့ဖြိုးတိုးတက်သော အသိုက်အဝန်းများ အဖြစ်သို့ ရောက်ရှိစေနိုင်မည်ဖြစ်ပါကြောင်း အကြံပြု တိုက်တွန်းရေးသားလိုက်ရပေသည်။

■

## မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ချမ်းမြသာစည်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်ရှိ ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ဇန်နဝါရီလ (၈)ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ်ရှိအ. မ. က(၂၄)မူလွန်နှင့် ဇန်နဝါရီလ(၉)ရက်နေ့တွင် မဟာအောင်မြေမြို့နယ်ရှိ အ. လ. က(ခွဲ) ၂ တို့၌ မိတ်ဖက်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါတယ်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ရယူသုံးစွဲနိုင်ရေး၊ နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်နှင့်အညီ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်းက ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ စားသုံးသူ၏ တာဝန်များ၊ လုံခြုံစိတ်ချရမှုရှိပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်နှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်းအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ပြီး ၆ လ ပြည့်မြောက်သည့် နေ့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်တွင် စတင် အာဏာ သက်ရောက်မည်ဖြစ်ကြောင်း၊ ကျောင်းမုန့်ဈေးတန်း ရောင်းချသူများအနေဖြင့်လည်း သိရှိထားရန် လိုအပ်ပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်သီတာဟိန်းက ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောခဲ့ပြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဒေါ်နန်းစောထွေးက ကျန်းမာရေးအကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးခဲ့ပါတယ်။

**သီတာဝင်း**
**စားသုံးသူ (မန္တလေး)**

# RCEP အဖွဲ့ဝင်နိုင်ငံအချို့နှင့် နှစ်နိုင်ငံဆွေးနွေးပွဲများသို့ အိန္ဒိယ ပြုလုပ်မည်

အိန္ဒိယအစိုးရသည် RCEP ကုန်သွယ်ရေးသဘောတူစာချုပ် ဆွေးနွေးမှုများ၌ ကြန့်ကြာတစ်ဆို့နေသည့် ကိစ္စရပ်များအား ဆွေးနွေးဖြေရှင်းရန်အတွက် တရုတ်အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့် နှစ်နိုင်ငံဆွေးနွေးပွဲများကို အိန္ဒိယတာဝန်ရှိသူများက ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားထားပါသည်။

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲများပြီးနောက်တွင် RCEP အဖွဲ့ဝင်နိုင်ငံများသည် ၂၅ ကြိမ်မြောက် ဆွေးနွေးပွဲအတွက် လာမည့် ဖေဖော်ဝါရီလလယ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ တွေ့ဆုံကြမည်ဟု ၎င်းက ထည့်သွင်းပြောကြားထားကြောင်း သိရှိရပါသည်။

RCEP သည် ကုန်သွယ်ရေး၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ယှဉ်ပြိုင်မှု၊ အသိဉာဏပစ္စည်းမူပိုင်ခွင့် နယ်ပယ်များတို့ လွှမ်းခြုံပါဝင်ရန် ရည်ရွယ်ရေးဆွဲနေသည့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူ စာချုပ်ကြီးတစ်ခုဖြစ်ပြီး၊ အဆိုပါအုပ်စုတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ၎င်း၏ FTA မိတ်ဖက် (၆) နိုင်ငံဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ ပါဝင်ကြောင်း သိရှိရပါသည်။

ယင်းစာချုပ်အကောင်အထည်ပေါ်ရန်အတွက် ပြေလည်အောင် ဖြေရှင်းရန် လိုအပ်နေသည့် အဓိကကိစ္စရပ်များမှာ ကုန်စည်အမြောက်အများအပေါ် သွင်းကုန်ခွန် လုံးဝဖယ်ရှားပေးရန်နှင့် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုအတွက် စံနှုန်း သတ်မှတ်ချက်များ ဖြေလျှော့ပေးရန်တို့ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယအနေဖြင့် တစ်ကမ္ဘာလုံးနှင့် ကုန်သွယ်မှုပြုနေသည့် ကုန်စည်အရေအတွက် အမြောက်အများအပေါ် သွင်းကုန်ခွန်များ သိသိသာသာ လျှော့ချပေးရန် (သို့မဟုတ်) ဖယ်ရှားပေးရန် RCEP အဖွဲ့ဝင်နိုင်ငံများက လိုလားနေကြောင်း၊ အိန္ဒိယ၏ ဈေးမပြည်တွင်းဈေးကွက်ကြီးသည် အဖွဲ့ဝင်နိုင်ငံများအတွက် အလွန့်အလွန်ကြီးမားသည့် ပို့ကုန်အခွင့်အလမ်း ဖြစ်နေကြောင်း ဖော်ပြထားပါသည်။

သို့ရာတွင် အိန္ဒိယက အဓိက စိတ်ဝင်စားနေသည့် ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင်မူ အခြားအဖွဲ့ဝင်နိုင်ငံအများက စိတ်ပြင်းပြမှု နည်းပါးလျက်ရှိကြောင်း၊ ယင်းအချက်သည် သဘောသဘာဝအားဖြင့် ပြည့်စုံကျယ်ပြန့်သည့် သဘောတူစာချုပ် ဖြစ်လာစေရန် ရည်ရွယ်ချက်အတွက် ကောင်းမွန်သည့် နိမိတ်လက္ခဏာရပ် မဟုတ်ကြောင်း၊ အဆိုပြုသဘောတူစာချုပ်၏ ဝန်ဆောင်မှုခေါင်းစဉ်အောက်တွင် အိန္ဒိယက ၎င်း၏ ကျွမ်းကျင်ပညာရှင်များအတွက် ဈေးကွက်ပိုမိုရရှိစေရေး ထည့်သွင်းစေလိုကြောင်း သိရှိရပါသည်။

လက်ရှိတွင် အိန္ဒိယသည် တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနိုင်ငံတို့ အပါအဝင် RCEP အဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်နေသည့်အတွက် အိန္ဒိယအနေဖြင့် အဆိုပါသဘောတူစာချုပ်အား ဂရုပြုဆွေးနွေးသင့်သည်ဟု ကုန်သွယ်မှုဆိုင်ရာ ပညာရှင်များက သတိပေးထားကြောင်း၊ ထို့ပြင် ရေရှည်တွင် အပြန်အလှန် အကျိုးပြုရမည့် သဘောများ ရှိလာနိုင်သည့်အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများအကြား (between goods and services) အပေးအယူ ဆွေးနွေးမှုများကို အိန္ဒိယက မဆောင်ရွက်သင့်ကြောင်း၊ အပေးအယူ/အတိုးအလျှော့များကို ဝန်ဆောင်မှုများအကြား (between goods ) သို့မဟုတ် ကုန်စည်များ အကြား (between services) တွင်သာ သီးခြားစီ ဆွေးနွေးပြုလုပ်သင့်သည်ဟု ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

RCEP ကုန်သွယ်မှု သဘောတူစာချုပ်သည် ကမ္ဘာ့ဂျီဒီပီ၏ ၄၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့လူဦးရေ၏ ၄၂ ရာခိုင်နှုန်းကျော်တို့ကို လွှမ်းခြုံမည်ဖြစ်သည့်အတွက် အိန္ဒိယအနေဖြင့် ယင်းစာချုပ်အား ဘက်မျှသည့်ကုန်သွယ်ရေး သဘောတူစာချုပ်တစ်စောင် ဖြစ်လာရန် လိုလားကြောင်း၊ လက်ရှိတွင် အိန္ဒိယသည် အာဆီယံ၊ ဂျပန်၊ တောင်ကိုရီးယားတို့နှင့် ကုန်သွယ်ရေးသဘောတူ စာချုပ် သီးခြားစီ ရှိထားပြီးဖြစ်ကြောင်း၊ ထို့ပြင် ဩစတြေးလျ၊ နယူးဇီလန်တို့နှင့်လည်း အလားတူစာချုပ်ချုပ်ဆိုရန် ဆွေးနွေးနေကြောင်း၊ သို့သော် တရုတ်နှင့်မူ ထိုသို့ဆောင်ရွက်မည့် အစီအစဉ်မရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်(စီးပွားရေးသံမှူး)**

# ၂၀၁၈ ခုနှစ်တွင် ဟောင်ကောင်၏ စတော့ရှယ်ယာဈေးများ ၁၃ ဒသမ ၆ ရာခိုင်နှုန်းထိ ကျဆင်းကာ(၇) နှစ်အတွင်းအဆိုးဆုံးဖြစ်

၂၀၁၈ ခုနှစ်တွင် ဟောင်ကောင်၏ စတော့ရှယ်ယာဈေးများ ၁၃ ဒသမ ၆ရာခိုင်နှုန်းထိ ကျဆင်းကာ (၇) နှစ်အတွင်း အဆိုးဝါးဆုံးလုပ်ဆောင်ချက်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်ရင်းနှီးငွေမှာ ကုန်သွယ်ရေးစစ်ပွဲအပေါ် စိုးရိမ်မှု၊ တရုတ်ပြည်မကြီး၏စီးပွားရေးနှေးကွေးမှုနှင့် အတိုးနှုန်း မြင့်မားလာမှုများကြောင့် စတော့ ဈေးကွက်ကို စံချိန်တင်ကျဆင်းစေခဲ့ကာ ဟောင်ကောင်ဒေါ်လာ ၄ ဒသမ ၅ ထရီလီယံခန့် သိသိသာသာ လျော့နည်းခဲ့ကြောင်း သိရှိရပါသည်။ ဟန်ဆန်းအညွှန်းကိန်းများအနက် အညွှန်းကိန်း ၁၂ ခုသာလျှင် အမြတ်ရရှိခဲ့ပြီး ကျန်အညွှန်းကိန်းများမှာ အဆိုးဝါးဆုံးဖြစ်ခဲ့ကြောင်း၊ Apple နှင့် Hauwei ကုမ္ပဏီများသို့ ရောင်းချသည့် စမတ်ဖုန်း အစိတ်အပိုင်းများ ထုတ်လုပ်သည့် AAC Technologies ၏ စတော့ ရှယ်ယာဈေးမှာ ၆၇ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၎င်းသို့ ဈေးကွက်အား မသေချာမရေရာမှုကိုဖြစ်စေသော အချက်များတွင် အမေရိကန်၏အတိုးနှုန်းမြင့်မားမှုကြောင့် ငွေဖြစ်လွယ်မှုနည်းခြင်း၊ ဒုတိယနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးကျဆင်းခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတစ်ပြိုင်တည်း ကျဆင်းခဲ့မှုတို့ ပါဝင်ပြီး၊ ၂၀၁၈ ခုနှစ်မှာ ဈေးကွက်အတက်အကျပြင်းထန်သည့် နှစ်ဖြစ်ခဲ့ကြောင်း၊ ၎င်းအပြင် တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင်လည်း နှစ်နှစ်ကျော်အတွင်း အဆိုးဆုံး ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင် (စီးပွားရေးသံမှူး)**

# အိမ်နီးချင်းနိုင်ငံများသို့ လျှပ်စစ်ဓာတ်အားတင်ပို့မှုအတွက် အိန္ဒိယအစိုးရက မူဝါဒ ဖြေလျှော့မှုများ ပြုလုပ်

ယခုနောက်ဆုံးထုတ်ပြန်ထားသည့် အိန္ဒိယနိုင်ငံ၏ စွမ်းအင်မူဝါဒ၌ အိန္ဒိယစွမ်းအင်ဈေးကွက်မှ လျှပ်စစ်ဓါတ်အားများ ဝယ်ယူရန် အိမ်နီးချင်းနိုင်ငံများအား ဆွဲဆောင်မှုမရှိဖြစ်စေသည့် အကန့်အသတ်များကို အိန္ဒိယအစိုးရက ဖယ်ရှားလိုက်ပြီ ဖြစ်ကြောင်း၊ ထို့ပြင် Coal India Fuel နှင့် ချိတ်ဆက်ထားသည့်(သို့မဟုတ်)ပြည်တွင်းသတ္တုတွင်းများ၏ သွင်းအားစုဖြင့် လည်ပတ်သည့် လျှပ်စစ်စက်ရုံများအား နိုင်ငံပြင်ပသို့ ဓာတ်အားတင်ပို့ ရောင်းချခြင်းကိုလည်း တားမြစ်ပိတ်ပင်လိုက်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်ပမှ တင်သွင်းသည့် ကျောက်မီးသွေးကို အခြေခံကာ ဓာတ်အားထုတ်လုပ်နေသည့် ပုဂ္ဂလိကကဏ္ဍရှိ စက်ရုံများအတွက် အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်အခွင့်အလမ်းများကို ပိုမိုရရှိစေရန် အထောက်အကူပြုလာမည်ဖြစ်ကြောင်း ၂၀၁၆ မူဝါဒတွင် 'Term ahead' market ဖြင့်သာ နယ်စပ်ဖြတ်ကျော် ဓါတ်အားကုန်သွယ်မှုကို ခွင့်ပြုထားခဲ့ပြီး၊ ပိုမိုဆွဲဆောင်မှု ရှိသည့် 'Day-ahead' market ဖြင့် ကုန်သွယ်မှုကို ခွင့်ပြုထားခဲ့ခြင်းမရှိကြောင်း၊ ယခုနောက်ဆုံးထုတ်ပြန်ထားသည့် မူဝါဒတွင်မူ ယင်းကဲ့သို့သော သတ်မှတ်ချက်များကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံခြားကုမ္ပဏီများမှာမူ ဓာတ်အားရောင်းဝယ်ရေးတွင် ပါဝင်ဆောင်ရွက်ရာ၌ အိန္ဒိယဓာတ်အား ကုန်သွယ်ရေးကုမ္ပဏီများမှ တစ်ဆင့်သာ ပူးပေါင်းပါဝင်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုထုတ်ပြန်လိုက်သည့် မူဝါဒသစ်သည် လုပ်ငန်းကို ပိုမိုဦးစားပေးထားပြီး ပြည်ပသို့ လျှပ်စစ်ဓာတ်အားများ ပိုမိုလွတ်လပ်စွာ တင်ပို့ရန်ကိုလည်း ခွင့်ပြုထားကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ရွှေ့ပြောင်းခြင်းဝန်ဆောင်မှုများ ပေါင်းစပ်ပါဝင်မည့် ပိုမိုကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံအတွင်း ပြုလုပ်လာနိုင်မည်ဖြစ်သည့်အတွက် ဓာတ်အားတင်သွင်းသည့်နိုင်ငံများအတွက် ကုန်ကျစရိတ် ပိုမိုသက်သာလာနိုင်ကြောင်း သိရှိရပါသည်။

လက်ရှိတွင် အိန္ဒိယမှ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာတို့သို့လျှပ်စစ်ဓာတ်အားများ တင်ပို့ရောင်းချနေပြီး၊ ၂၀၁၈ ဘဏ္ဍာနှစ်တွင် အဆိုပါနိုင်ငံများသို့ ယူနစ်သန်းပေါင်း ၇၂၀၃ ခန့် ထောက်ပံ့ရောင်းချနိုင်ခဲ့ကြောင်း၊ ယင်းတို့အနက် ဘင်္ဂလားဒေ့ရှ်သည် အိန္ဒိယမှ ဓာတ်အား အများဆုံးဝယ်ယူသည့် နိုင်ငံဖြစ်ကြောင်း၊ Adani Power ကုမ္ပဏီသည် ဘင်္ဂလားဒေ့ရှ်ရှိ Bangladesh Power Development Board နှင့် ၂၅ နှစ်သက်တမ်းရှိ လျှပ်စစ်ဓာတ်အား ဝယ်ယူရေးစာချုပ်တစ်စောင်ကို လက်မှတ်ရေးထိုး ထားပြီး၊ ၁၄၉၆ မီဂါဝပ် (net capacity) အားကို ထောက်ပံ့ရောင်းချနေကြောင်း၊ ထို့အတူ Sembcorp Gayatri Power သည်လည်း BPDB ထံမှ LOI ရရှိထားပြီး၊ ဘင်္ဂလားဒေ့ရှ်သို့ ၂၅၀ မီဂါဝပ်လျှပ်စစ်ဓါတ်အားကို ၁၅ နှစ်ကြာ ထောက်ပံ့ရောင်းချပေးရန် စီစဉ်နေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်(စီးပွားရေးသံမှူး)**

# အိန္ဒိယတွင် လုပ်ငန်းဆောင်ရွက်နေသည့် ဂျပန်ကုမ္ပဏီပေါင်း ၁၄၄၁ ထိရှိလာ

အိန္ဒိယနိုင်ငံ၌ စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာသည့်အတွက် ယခုနှစ် အောက်တိုဘာလကုန်ထိ စာရင်းများအရ အိန္ဒိယ၌ လုပ်ငန်း လည်ပတ်ဆောင်ရွက်နေသည့် ဂျပန်ကုမ္ပဏီအရေအတွက်မှာ ၁၄၄၁ အထိ ရှိလာခဲ့ကြောင်း၊ အဓိကအားဖြင့် သတ္တု ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုကုမ္ပဏီအရေအတွက်မှာ သိသာသည့် တိုးတက်မှုရှိကြောင်း၊ အိန္ဒိယရှိ ဂျပန်ကုမ္ပဏီများ၏ တစ်ဝက်ခန့်မှာ ထုတ်လုပ်မှုကဏ္ဍတွင် ဖြစ်သည်ဟု အိန္ဒိယနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားထားကြောင်း သိရှိရပါသည်။

ဂျပန်သံအမတ်ကြီးက အိန္ဒိယခေါင်းဆောင်များအနေဖြင့် အခွန်အခ၊ အကောက်ခွန်၊ ဘဏ္ဍာရေးနှင့် အရင်းအနှီးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အခြေခံအဆောက်အဦဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းစေလိုကြောင်း၊ ထိုသို့ ဖြေရှင်းပေးခြင်းအားဖြင့် နှစ်နိုင်ငံ ရည်မှန်းချက်ဖြစ်သည့် လာမည့် ၅ နှစ်အတွင်း အိန္ဒိယ၌ ဂျပန်ကုမ္ပဏီအရေအတွက် ၂ ဆ တိုးလာစေရေးနှင့် ဂျပန်ရင်းနှီးမြှုပ်နှံ မှု ၂ ဆ မြင့်တက်လာစေရေးတို့ ဖြစ်မြောက်အောင်မြင်ရန် အထောက်အကူပြုလိမ့်မည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယသည် ၂၀၀၀ ခုနှစ် ၊ ဧပြီလမှ ၂၀၁၈ ခုနှစ် ဇွန်လအထိ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁၆ ဘီလီယံ ရရှိထားပြီးဖြစ်ကာ နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံသာ ရှိရာမှ ၂၀၁၇-၂၀၁၈ တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံသို့ တိုးလာကြောင်း၊ ကုန်သွယ်မှုပမာဏ ကွာဟချက်တွင် ဂျပန်က အားသာလျက်ရှိပြီး၊ နှစ်နိုင်ငံအကြား FTA စာချုပ်တစ်စောင်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် စတင်အကောင်အထည်ဖော်ခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်(စီးပွားရေးသံမှူး)**

# ကိုရီးယားနိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးတွင်

# ပို့ကုန်သွင်းကုန်ဘဏ်၏ အရေးပါပုံ

**သိန်းမြင့်ဝေ**

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဘဏ် (The Export-Import Bank of Korea) သည် တရားဝင် ပို့ကုန်ချေးငွေအေဂျင်စီ (Official export credit agency) ဖြစ်ပါသည်။ ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ် (Korea Eximbank) သည် ဘက်စုံ ပို့ကုန်ချေးငွေနှင့် အာမခံအစီအစဉ်များ (Comprehensive export credit and guarantee programs) ကို ဖြည့်ဆည်းပေးပါသည်။ အထူးသဖြင့် ပြည်ပစီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ကိုရီးယားကုမ္ပဏီများနှင့် လုပ်ငန်းရှင်များကို ငွေရေးကြေးရေးအထောက်အကူပြုရန်ဖြစ်သည်။ Korea Eximbank ကို ၁၉၇၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ထိုကဲ့သို့ တည်ထောင်ပြီး ကိုရီးယားနိုင်ငံ၏ ပို့ကုန် ဦးဆောင်သော စီးပွားရေး (Export-led economy) ကို များစွာ အထောက်အကူပြုပေးခဲ့သည်။ ထို့ပြင် နိုင်ငံခြားတိုင်းပြည်များနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရာတွင်လည်း အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဘဏ်တည်ထောင်ခြင်း၏ ရည်ရွယ်ချက်

တောင်ကိုရီးယား ပို့ကုန်သွင်းကုန်ဘဏ်တည်ဆောင်ရခြင်း၏ ရည်ရွယ်ချက်နှစ်ရပ်ရှိသည်။ ပထမ ရည်ရွယ်ချက်မှာ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်ဖြစ်သည်။ ဒုတိယ ရည်ရွယ်ချက်မှာ နိုင်ငံခြားတိုင်းပြည်များနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်ဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်များရရှိရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၊ ပြည်ပသဘာဝ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ငွေရေးကြေးရေးအကူအညီများ ပံ့ပိုးပေးရန် ဖြစ်ပါသည်။

## ဘဏ်၏ လုပ်ဆောင်ချက်များ

ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ်၏ အခြေခံဝန်ဆောင်မှုများမှာ ပို့ကုန်ချေးငွေ (Export loans) ထုတ်ချေးခြင်း၊ ကုန်သွယ်ရေးအတွက် လိုအပ်သော ငွေကြေးဖြည့်ဆည်းပေးခြင်း (Trade finance) နှင့် ပို့ကုန် သွင်းကုန် လုပ်ငန်းများအတွက် အာမခံပေးသည့် အစီအစဉ်များ (Guarantee programs) ဖြစ်သည်။ ဤလုပ်ဆောင်ချက်များသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၏ လိုအပ်ချက်ကို တိုက်ရိုက်ဖြည့်ဆည်းပေးသည့် ဝန်ဆောင်မှုများဖြစ်သည်။ ဤကဲ့သို့ ဖြည့်ဆည်းစီမံပေးခြင်းအားဖြင့် ကမ္ဘာ့ဈေးကွက်အတွင်း ကိုရီးယား ကုန်သည်လုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်အားကောင်းစေပါသည်။

ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ်သည် ပြည်ပရင်းနှီးမြှုပ်နှံမှုချေးငွေ (Overseas investment credit)၊ သဘာဝ အရင်းအမြစ်ဖွံ့ဖြိုးရေးချေးငွေ (Natural resourecs development credit) နှင့် သွင်းကုန်ချေးငွေ (Import credit) တို့ကိုလည်း ထုတ်ချေးဖြည့်ဆည်းပေးသည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိ စီးပွားရေး အခွင့်အလမ်းများနှင့်ပတ်သက်သော သတင်းအချက်များကိုလည်း ဖြည့်ဆည်းဝန်ဆောင်မှုပေးပါသည်။ ထိုမျှသာမက ပို့ကုန်သွင်းကုန်ဘဏ်သည် ကိုရီးယားအစိုးရ၏ ရန်ပုံငွေအစီအစဉ် ၂ ခု လည်ပတ်ရေးအတွက်လည်း တာဝန်ယူဆောင်ရွက်ရသည်။ ပထမအစီအစဉ်တစ်ခုမှာ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေးရန်ပုံငွေ (Economic Development Cooperation Fund-EDCF) ဖြစ်သည်။ EDCF သည် တောင်ကိုရီးယားနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးရေးအကူအညီအစီအစဉ် (Official Development Assistance Program) ဖြစ်ပါသည်။ ဒုတိယတစ်ခုမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (Inter-Korean Cooperation Fund-IKCF) ဖြစ်သည်။ IKCF သည် မြောက်ကိုရီးယားနိုင်ငံနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် ဖြစ်ပါသည်။

Korea Eximbank သည် ယင်း၏ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆန်းသစ်တီထွင်ခြင်းနှင့် ဖွံ့ဖြိုးရေး (Innovation and development) တို့ စဉ်ဆက်မပြတ် ပိုမိုအားကောင်းအောင် လုပ်ဆောင်လျက် ရှိပါသည်။ ထို့ကြောင့် ဤဘဏ်သည် 'ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းအတွက် သင်၏ လုပ်ဖော်ကိုင်ဖက်' (Your Partner for Global Business) ဟူသော ဆောင်ပုဒ်နှင့်အညီ ဖော်ပြပါ ဘဏ်ဝန်ဆောင်မှုများကို ပိုမို ကောင်းမွန်စေရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

## ပို့ကုန်သွင်းကုန်ဘဏ်၏ အခန်းကဏ္ဍ

အထက်ဖော်ပြပါ လုပ်ဆောင်ချက်များနှင့်အတူ တောင်ကိုရီးယား ပို့ကုန်သွင်းကုန်ဘဏ်၏ အခန်းကဏ္ဍကို ၃ ပိုင်းခွဲခြား တွေ့မြင်နိုင်သည်။ ပထမအချက်မှာ ပို့ကုန်သွင်းကုန်ဘဏ်သည် ပို့ကုန်ချေးငွေအေဂျင်စီ (Export Credit Agency-ECA)အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ အဓိကအားဖြင့် ပို့ကုန်လုပ်ငန်းစဉ် အဆင့်ဆင့်ကို အဆင်ပြေ ချောမွေ့အောင် ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ သင်္ဘောနှင့် စက်မှုလုပ်ငန်းသုံး ယာဉ်ယန္တရားကဲ့သို့သော ရင်းနှီးကုန်စည် (Capital goods) တင်ပို့မှုကို မြှင့်တင်ရန်အတွက်လည်းကောင်း၊ သတင်းအချက်အလက် နည်းပညာ (IT) ကဲ့သို့သော အဆင့်မြင့်နည်းပညာလုပ်ငန်းများ ပိုမိုတင်ပို့ရန်အတွက်လည်းကောင်း ပို့ကုန် ချေးငွေများ ထုတ်ချေးပါသည်။ ထို့ပြင်ပြည်ပတွင် သွားရောက်လုပ်ကိုင်သော ရင်းနှီးမြှုပ်နှံမှုများ (Overseas investments)၊ စီမံကိန်းကြီးများ (Overseas projects) နှင့် သဘာဝအရင်းအမြစ် ဖွံ့ဖြိုးရေးပရောဂျက်များ (Natural resource development projects) ကို အထောက်အကူပြုရန်အတွက် ချေးငွေများ ထုတ်ချေးပေးပါသည်။

ဒုတိယအခန်းကဏ္ဍမှာ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေကို စီမံခန့်ခွဲသူ (Executor of EDCF) အဖြစ် ဆောင်ရွက်ရခြင်းဖြစ်သည်။ ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်ရန်အတွက် EDCF (Economic Development Cooperation Fund) ကို ထူထောင်ထားရှိသည်။ ပို့ကုန်သွင်းကုန်ဘဏ်သည် ချေးငွေသဘောတူညီချက်များ (Loan agreements) ကို တန်ဖိုးသတ်မှတ်ဆုံးဖြတ်ပေးရ ခြင်းနှင့် ချေးငွေထုတ်ပေးရခြင်းတို့ကို ဆောင်ရွက်ရသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသော စီးပွားရေး ဖွံ့ဖြိုးမှုအကူအညီ ပရောဂျက်များ (Economic development aid projects) အတွက် သုံးသပ်အကောင်အထည် ဖော်ရပါသည်။ ထို့ပြင် တရားဝင်ဖွံ့ဖြိုးရေးအကူအညီ (ODA) ပေးရာတွင် ပေါ်လစီလမ်းညွှန်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စနစ်တကျ စုံစမ်းစစ်ဆေးသုတေသနပြုပေးရပါသည်။

တတိယအချက်မှာ ပို့ကုန်သွင်းကုန်ဘဏ်သည် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေကို စီမံပိုင်ခွင့်ရှိသူ (Executor of IKCF) အဖြစ် ဆောင်ရွက်ရခြင်းဖြစ်သည်။ IKCF (Inter Korean Cooperation Fund) သည် တောင်နှင့် မြောက်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးကို အထောက်အကူပြုရန် ထူထောင်ထားသော ရန်ပုံငွေအဖွဲ့ဖြစ်သည်။ ပို့ကုန်သွင်းကုန်ဘဏ်သည် ခွင့်ပြုငွေနှင့် ချေးငွေများ (Grants and loans) အတွက် အကဲဖြတ်၊ ငွေထုတ်ပေးရပြီး လက်တွေ့ကျကျ စီမံခန့်ခွဲပေးရပါသည်။

## ကိုရီးယားယဉ်ကျေးမှုလှိုင်း

Korea Eximbank သည် ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင်၍ ဖျော်ဖြေရေးနှင့် အစားအသောက်လုပ်ငန်းများ (Entertainment and food firms) ကို အမေရိကန်ဒေါ်လာ ၉၁၇ သန်းတန်ဖိုးရှိသော ချေးငွေနှင့် ချေးငွေအာမခံချက် များ ဖြည့်ဆည်းပေးခဲ့သည်။ ပြည်ပနိုင်ငံများတွင် ကိုရီးယားယဉ်ကျေးမှုလှိုင်း (Hallyu business or Korean culture wave) ပိုမိုပျံ့နှံ့ရန် ရည်ရွယ်ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာတစ်ဝန်းရှိပြည်သူများကို ကိုရီးယားယဉ်ကျေးမှုနှင့် အစားအသောက်က ပိုမိုဆွဲဆောင်လျက်ရှိသောကြောင့် အဆိုပါလုပ်ငန်းများကို ငွေကြေးလိုအပ်ချက် ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ ဇာတ်လမ်းတွဲများ၊ ပေါ့(ပ်) သီချင်းများ (Pop songs) နှင့် ရိုးရာဟင်းလျာများ၏ အလားအလာ အလွန်ကောင်းမွန်လျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါ ဇာတ်လမ်း၊ သီချင်းနှင့် ဟင်းလျာများ တင်ပို့သော ပို့ကုန်လုပ်ငန်းရှင်များအား ပိုမိုရင်းနှီးမြှုပ်နှံနိုင်စေရန်နှင့် ငွေကြေးအထောက်အကူရရှိစေရန် ချေးငွေများဖြည့်ဆည်းပေးခြင်းဖြစ်သည်။ ကိုရီးယား ယဉ်ကျေးမှုလှိုင်း စီးပွားရေးလုပ်ငန်း (Hallyu business) သည် နိုင်ငံ၏ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ဆေးကုသရေးလုပ်ငန်းများအပေါ် သိသာသောကောင်းကျိုးများ သက်ရောက်လျက်ရှိသည်။ ထို့ပြင် Hallyu Business သည် တောင်ကိုရီးယားနှင့် အခြားနိုင်ငံများကြားရှိ ပိုမိုကောင်းမွန်သော သံတမန်ဆက်ဆံရေးနှင့် စီးပွား ဆက်ဆံရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ ဆက်နွယ်ပြောင်းလဲလျက်ရှိသော ခေတ် (Age of globalization) တွင် နိုင်ငံ၏ ပေါ့(ပ်) ယဉ်ကျေးမှု (Pop culture) မှတစ်ဆင့် တောင်ကိုရီးယားနိုင်ငံကို ပိုမိုလူသိများလာခြင်းဖြစ်သည်။ ထို့ကြောင့် ပို့ကုန်သွင်းကုန်ဘဏ်သည် အလားအလာအကောင်းဆုံးလုပ်ငန်းများကို ရွေးချယ်၍ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းရှိသူများအဖြစ် မြေတောင်မြှောက်အားပေးရန် စီစဉ်ခြင်းဖြစ်သည်။ ထိုသို့ စီစဉ်ခြင်းနှင့်အတူ ပို့ကုန်သွင်းကုန်ဘဏ်သည် ကိုရီးယား ပို့ကုန်လုပ်ငန်းရှင်များအား ကိုရီးယားဝမ် ၇၄ ထရီလီယံ (ကန်ဒေါ်လာ ၆၈ ဘီလျံ) ထုတ်ချေးထားပါသည်။

## ပိုမိုကျယ်ပြန့်သော ဝန်ဆောင်မှုများနှင့် အကျိုးဆက်

လက်ရှိအချိန်တွင် Korea Eximbank သည် ပို့ကုန်သွင်းကုန်လုပ်ငန်းများအတွက် ငွေကြေး ထောက်ပံ့ ဖြည့်ဆည်း ဝန်ဆောင်မှုပေးခြင်းမဟုတ်တော့ဘဲ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (Global investnemt bank) အဖြစ် အသွင်ပြောင်းဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ပြောင်းလဲဆောင်ရွက်ခြင်းကြောင့် ပိုမို ကောင်းမွန်ကျယ်ပြန့်သော ငွေရေးကြေးရေးဝန်ဆောင်မှုအမျိုးမျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ Korea Eximbank ရုံးချုပ်သည် ဆိုးလ်မြို့တွင် တည်ရှိပြီး အများနှင့် သက်ဆိုင်သောကုမ္ပဏီ ဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်တွင် စတင်တည်ထောင်ပြီး ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်း (Investment banking)၊ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း (Commercial banking)၊ လက်လီဘဏ်လုပ်ငန်း (Retail banking)၊ ပုဂ္ဂလိကဘဏ် လုပ်ငန်း (Private banking) နှင့် ရပိုင်ခွင့်စီမံခန့်ခွဲခြင်း (Asset management) စသည့်ထုတ်ကုန်များကိုဝန်ဆောင်မှုပေးလျက်ရှိပါသည်။

အကျိုးဆက်အနေဖြင့် ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၀ သန်းသာရှိခဲ့သော တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၉၅ ဒသမ ၄ ဘီလီယံသို့လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၇၉ ဒေါ်လာသာရှိခဲ့သော တောင်ကိုရီးယား၏ တစ်ဦးကျဝင်ငွေ (Per capita income) သည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇၅၆၁ ဒေါ်လာသို့လည်းကောင်း ရောက်ရှိမြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**Soruce: koreaeximbank**


MOL
MOL Logistics (Myanmar)Co., Ltd.
Our Services
Air Freight
Ocean Freight
Customs Brokerage
Removal service
Total Logistics
No. 62, Maharbandoola Housing, Complex(B),
Room No.(803-804), 8th Floor, Tarwataintha Street,
Pazuntaung Township, Yangon, Myanmar.
Tel : +951 200150, +959 430 305 24
Fax : +951 200150
Website : http://www.mol-logistics-group.com


POE POE
SERVICES COMPANY LIMITED
POE POE
CAR SALES CENTRE
No.30-A Golden Valley St, Golden Valley 2nd Ward,
Bahan Township, Yangon, Myanmar.
No.51-B Shwe Taung Gone St,
Bahan Township, Yangon, Myanmar.
PH: +95 01 532218, 01 504458
HP: +95 09 5570555, 09 78557055,
09 795570555, 09 5590555
Email : poepoeseven@gmail.com


Universal Tractor Co., Ltd.
INCOE
BATTERY
MADE IN INDONESIA
Maintenance Free
Dry Charge
BATTERY XTRA POWER
JAPAN STANDARD
Produced by an ISO 9001 & 14001 Certified Company
No. 1252(A), Yangon-Pathein High-Way Road, Nawaday Garden, Hlaing Thar Yar Tsp., Yangon, Myanmar.
Tel: +95 1 685470, +95 9 5085217 Email: utsales@universaltractormyanmar.com
Website: www.universaltractormyanmar.com
Shed (A/39), #Room (3), Front Row of Bayintnaung Market, Mayangone Township, Yangon, Myanmar.
Tel: +95 1 683440, +95 9 43024612


အဘဏ
'ထ' အမှတ်တံဆိပ်
သွေးပေါင်ချိန်ကို ထိန်းညှိပေးမယ့်
သွေးတိုးကျ ခေါင်းကြည်ဆေး
ဘယ်လောက် သောက်သောက်
ပုံမှန်သွေးပေါင်ချိန်ထက်
ပိုမကျဘူးနော်...
ရှုတိုင်းကျန်းမာ အဘဏ ဝေတာနာ
အမှတ်(၁၅၁)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

# နှစ်သစ်ကို သန့်ရှင်းခြင်းဖြင့် ကြိုဆိုမယ်...

City Mart Supermarket

## Spring Cleaning Specials

3RD ~ 23RD JAN, 2019

**ELAN**
Detergent Powder -Enzyme+ 850g/ 2.7kg
ဆပ်ပြာမှုန့်
10% Off

**BSC ESSENCE**
-Detergent Powder/ Liquid/ Softener
Buy Ks.9000 & above, Gift
FREE
*1 Basket

**PAO**
-Detergent Liquid/ Refill
ဆပ်ပြာရည်
Buy Ks.9000 & above, Gift
FREE
*1 Basket

**PINTO**
Dishwashing Liquid Lemon 1800ml
ပန်းကန်ဆေး ဆပ်ပြာရည်
ks.3600
3250

**MR MUSCLE**
Floor Cleaner 900ml

Windex Glass Cleaner 520ml

Bathroom Cleaner
12% Off
Buy Ks.6000 & above, Gift
FREE
*1 Bowl

**DETTOL**
Antiseptic Disinfectant Liquid -100ml/ 500ml
10% Off

**GLADE**
Scented Gel 180g
လေသန့်အမွှေးခဲ
Buy any 2, Get 15% Off
Ks.3450/each

**VIM**
Scrubbing Powder 600g
ks.1600
1450 /each

**MR CARE**
Cleaner -Toilet Bowl/ Glass/ Floor
15% Off

**N VEON**
Kitchen Bowl Oval
မီးဖိုချောင်သုံးဇလုံ
10% Off

**N VEON**
Dustbin
အမှိုက်ပုံး
10% Off

**3M**
Scotch Brite Pot & Pan Steel Scrubber
စတီးခွေ
ks.1150
1000

**3M**
Scotch Brite Scrub Sponge
ပန်းကန်ဆေးဖော့တုံး
10% Off

**3M**
Scotch Brite Rubber Gloves Aloe Vera 2's (S/ M/ L)
လက်အိတ်
ks.3600
3100 /each

**N VEON**
Washing Brush
10% Off

**3M**
Scotch Brite Toilet Brush
10% Off

**N VEON**
-Toilet Brush/ Long Handle
10% Off

**ASIKO**
Mopping Pail
ks.23500
21200

**3M**
Scotch Brite Mop
10% Off

**3M**
Scotch Brite Easy Sweeper Mop with Handle
ks.19400
16500

**CITY VALUE**
Garbage Bag (Blue/ Green) 30's 12x25in
အမှိုက်အိတ်
ks.1400
1300 /each

**WE ACCEPT TELEPHONE ORDER**
email: enquiry@cmhl.com.mm
Hot Line: 01-253022
Prices may change without prior notice. While Stocks Last!
All items limited to 6pcs per customer.

**Delivery Order Contact**
Aung San Branch Ph-01-253022
FMI Branch Ph-09-421113273, 01-3682323
Orders before 1pm will be delivered within the same day
Orders received after 1pm will be delivered the next day (within the afternoon)

www.citymart.com.mm citymart_supermarket www.facebook.com/CityMartSupermarketMyanmar

COMMERCE
INTERNATIONAL

# ပြည်တွင်းသို့ ဝက်သားနှင့် အသားထွက်ကုန်များ သယ်ယူမှုကို ထိုင်းနိုင်ငံတားမြစ်

ထိုင်းအစိုးရသည် အာဖရိကတိုက်တွင် ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါ ကူးစက်မလာစေရန် ကြိုတင်ကာကွယ်သည့် အနေဖြင့် ပြည်တွင်းသို့ လာရောက်လည်ပတ်မည့် နိုင်ငံတကာ ခရီးသွားများအား ဝက်သား သို့မဟုတ် အခြားအသားများပါဝင်သော မည်သည့်အသားထွက်ကုန်မဆို ယူဆောင်လာခြင်းကို တားမြစ်ခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းအစိုးရ တားမြစ်လိုက်သော အသားထွက်ပစ္စည်းများတွင် Crispy pork၊ Sausages နှင့် Shredded seasoned pork စသည့် ဝက်သားနှင့် ပြုလုပ်ထားသော စားသောက်ကုန်များ အဓိကပါဝင်ကြောင်း၊ အာဖရိကတွင် ပျံ့နှံ့နေသော ဝက်တုပ်ကွေးရောဂါအား ထိုင်းနိုင်ငံသို့ မကူးစက်ရေးအတွက် ကြိုတင်ကာကွယ်ရန် လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံသို့ ဝက်တုပ်ကွေးရောဂါကူးစက်လာပါက ပြည်တွင်းဝက်မွေးမြူရေးကဏ္ဍကို ထိခိုက်မည်ဖြစ်ကြောင်း၊ နှစ်စဉ် ဖေဖော်ဝါရီ ၅ ရက်တွင် ကျရောက်မည့်တရုတ်နှစ်သစ်ကူး ကာလမတိုင်မီ ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွား ပိုမိုလာရောက်လည်ပတ်ရန် မျှော်မှန်းထားကြောင်း၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် ဝက်သားနှင့် ဝက်သားထွက်ကုန်များအား ပြည်တွင်းသို့ သယ်ဆောင်လာခြင်းကို တားမြစ်မိန့်ထုတ်ပြန်နိုင်ရေးအတွက် ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံသို့ လာရောက်သည့်နိုင်ငံခြားခရီးသွားများ၏ ခရီးဆောင်အိတ်များအား လေဆာနည်းပညာဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. SorawitThaneto က ပြောကြားခဲ့ပါသည်။



အာဖရိက ဝက်တုပ်ကွေးရောဂါသည် တရုတ်နိုင်ငံသို့ ကူးစက်ပျံ့နှံ့နေသဖြင့် အနီးပတ်ဝန်းကျင်နိုင်ငံများသည် ယင်းဝက်တုပ်ကွေးရောဂါအပေါ် စိုးရိမ်ပူပန်မှုမြင့်တက်လာပါသည်။ ဝက်တုပ်ကွေးရောဂါသည် လူများအတွက် စိုးရိမ်ဖွယ်မရှိသော်လည်း ကူးစက်ခံရသော တိရစ္ဆာန်များသည် ရာနှုန်းပြည့် သေဆုံးခဲ့သော သာဓကများ ရှိခဲ့ပါသည်။ ကူးစက်မြန် ပြင်းထန်ဝက်တုပ်ကွေးရောဂါကျရောက်သည့် အကျိုးဆက်ကြောင့် စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများစွာ၌ ကြီးကြီးမားမားဆုံးရှုံးမှုများလည်း ရှိခဲ့ပါသည်။

ထိုင်းနိုင်ငံသို့ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသော အာဖရိက ၁၅ နိုင်ငံမှ သယ်ယူလာသော အစားအသောက်များကိုလေဆိပ်နှင့်နယ်စပ်ဂိတ်များအားလုံး၌ တင်းတင်းကျပ်ကျပ်စစ်ဆေးမည်ဖြစ်ပါသည်။ အာဖရိကဝက်တုပ်ကွေးရောဂါသည် အခြားနိုင်ငံများအထိ ဆိုးဆိုးဝါးဝါးကူးစက်ပျံ့နှံ့နေပါသည်။ ထိုင်ဝမ်သည် ပြည်တွင်းသို့ တားမြစ်အသားထွက်ကုန်များအား တရားမဝင် သယ်ဆောင်လာပါ က ငွေဒဏ်ချမှတ်လျက်ရှိပြီး ထိုင်ဝမ်ဒေါ်လာတစ်သန်း(ထိုင်းဘတ်တစ်သန်း) ခန့် ရရှိထားပြီးဖြစ်ပါသည်။ လွန်ခဲ့သောဒီဇင်ဘာလ၏ နောက်ဆုံး သီတင်းနှစ်ပတ်အတွင်း ထိုင်ဝမ်အစိုးရသည် ဝက်တုပ်ကွေး ဖြစ်ပွားနေသော အာဖရိကဒေသမှ အသားနှင့်အသားထွက်ပစ္စည်း ယူဆောင်လာသူ ၁၃၇ ဦးအား ဒဏ်ငွေရိုက် အရေးယူခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့်လည်း ပြည်တွင်းသို့ အသားနှင့် အသားထွက်ပစ္စည်း ယူဆောင်လာခြင်းကို တားမြစ်သည့်ကြေညာချက်ထုတ်ပြန်ထားပြီးနောက်တွင် လိုက်နာခြင်းမရှိသူများအား ထိုင်ဝမ်ကဲ့သို့ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ကျော်သူရ (စီးပွားရေးသံမှူး)**

## ဘူတန်ဝန်ကြီးချုပ်၏ ခရီးစဉ်မတိုင်မီ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အား ကုန်သွယ်မှုစည်းမျဉ်းများကို အိန္ဒိယဖြေလျှော့

၂၀၁၆ ခုနှစ်တွင် အိန္ဒိယအစိုးရက ထုတ်ပြန်ခဲ့သည့် နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားကုန်သွယ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဘူတန်မှ အိန္ဒိယသို့ လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချမှုအပေါ် ဆိုးရွားစွာ သက်ရောက်စေခဲ့ကြောင်း၊ ယခုနောက်ဆုံးထုတ်ပြန်လိုက်သည့် ပြင်ဆင်ချက်သည် ဘူတန်နိုင်ငံအား အဓိက သက်သာရစေခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ဘူတန်ဝန်ကြီးချုပ်၏ နယူးဒေလီခရီးစဉ်မတိုင်မီ ရက်အနည်းငယ်အလိုတွင် ၎င်း၏ နှစ်နှစ်သက်တမ်းရှိ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အား ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းကို ပြင်ဆင်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

ယခင်စည်းမျဉ်းများသည် အိန္ဒိယသို့ ဓာတ်အားတင်ပို့ရောင်းချနေသည့် ဘူတန်နှင့် နီပေါအား အခက်အခဲဖြစ်စေခဲ့သည့်အတွက် ယင်းသတ်မှတ်ချက်များအား ပြင်ဆင်ပေးရန် အဆိုပါနိုင်ငံများက အိန္ဒိယထံ တောင်းဆိုထားကြောင်း၊ သို့ဖြစ်၍ နီပေါနှင့် ဘူတန်တို့၏ အဆိုပြုချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ကြည့်ရှုပေးရန် အိန္ဒိယအစိုးရက ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ယခင်ပြဋ္ဌာန်းချက်တွင် အစိုးရပိုင်(သို့မဟုတ်) အိန္ဒိယကုမ္ပဏီက ရှယ်ယာ ၅၁ ရာခိုင်နှုန်းပိုင်ဆိုင်သည့် ကုမ္ပဏီများသည်သာ အိန္ဒိယအစိုးရခန့်အပ်ထားသည့် အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူ၍ အိန္ဒိယဈေးကွက်သို့ လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချနိုင်သည်ဟု ဖော်ပြပါရှိကြောင်း သိရှိရပါသည်။

ယခု ပြန်လည်ပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက်တွင်မူ အိန္ဒိယအစိုးရ ခန့်အပ်ထားသည့် အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူ၍ မည်သည့်ကုမ္ပဏီကမဆို အိန္ဒိယနှင့် လျှပ်စစ်ဓာတ်အား တင်ပို့/တင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး၊ အစိုးရအချင်းချင်း သဘောတူစာချုပ်များနှင့် ပါဝင်ပတ်သက်နေသည့် ကိစ္စရပ်များ၌ အိန္ဒိယအစိုးရခန့်အပ်ထားသည့် အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူရန် မလိုအပ်ဟု ဖော်ပြပါရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်(စီးပွားရေးသံမှူး)**



## တရုတ်မှ နို့ထွက်ပစ္စည်းများ တင်သွင်းခြင်းအပေါ် တားမြစ်မိန့်အား အိန္ဒိယအစိုးရက လေးလသက်တမ်းတိုးမြှင့်

အိန္ဒိယအစိုးရသည် ချောကလက်များအပါအဝင် တရုတ်နိုင်ငံထုတ် နို့နှင့် နို့ထွက်ပစ္စည်းများ တင်သွင်းမှုအပေါ် တားမြစ်မိန့်ကို လာမည့်နှစ် ဧပြီလ ၂၃ ရက်ထိ ၄ လသက်တမ်း ထပ်မံတိုးမြှင့်လိုက်သည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် အဆိုပါ တားမြစ်မိန့်ကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ၌ စတင်ထုတ်ပြန်သတ်မှတ်ခဲ့ကာ နောက်ပိုင်းတွင် မကြာခဏ သက်တမ်းတိုးခဲ့ကြောင်း၊ နောက်ဆုံးထုတ်ပြန်ထားသည့် တားမြစ်မိန့်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ကြောင်း၊ တားမြစ်မိန့်ထုတ်ပြန်ခဲ့ရခြင်း၏ အဓိက အကြောင်းအရင်းမှာ တရုတ်နိုင်ငံမှ တင်ပို့သည့် နို့ထွက်ပစ္စည်းအချို့၌ မယ်လမင်းဓာတ်ပါရှိမှုကို စစ်ဆေးတွေ့ရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ အိန္ဒိယသည် တရုတ်မှ နို့နှင့် နို့ထွက်ပစ္စည်းများကို တင်သွင်းခြင်းမရှိသော်လည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် အဆိုပါတားမြစ်မိန့်အား ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် နို့အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သည့်အပြင် နို့အများဆုံး သုံးစွဲသည့် နိုင်ငံလည်းဖြစ်ကာ နှစ်စဉ်နို့တန်ချိန်သန်း ၁၅၀ ဝန်းကျင် ထုတ်လုပ်ကြောင်း၊ Uttar Pradesh ပြည်နယ်သည် အိန္ဒိယ၌ နို့အများဆုံးထုတ်လုပ်သည့် ပြည်နယ်ဖြစ်ပြီး Rajasthan နှင့် Gujarat တို့သည် ဒုတိယနှင့် တတိယအများဆုံး ထုတ်လုပ်သည့် ပြည်နယ်များဖြစ်ကြောင်းသိရှိရပါသည်။

**ယဉ်ယဉ်နွယ်(စီးပွားရေးသံမှူး)**

Love food, Hate waste

**အစားအစာအကြွင်းအကျန် မရှိစေရေး စားသောက်မှုပုံစံကို ဂရုစိုက်ပေး။**